

www.burmeseclassic.com
BURMESE CLASSIC .com
သင်မြှတ်နိုး
အချစ်လူသုံးကိုယ်ရံတော်
ပန်းချီသိန်း
2013
www.burmeseclassic.com

www.burmeseclassic.com

# အချစ်လူဆိုး ကိုယ်ရံတော်

သင်မြတ်နိုး



www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC .com

## အခန်း ( ၁ )

"မင်းနာမည် ... "

"ချွတ်"

"ဘာပြောတယ်"

"နုနုချွတ်လို့"

ကောင်မလေးတစ်ယောက် ထူးထူးဆန်းဆန်းနာမည်က ချွတ် ... ထွင့်ခေါင်တောင် ရုတ်တရက် တစ်ကိုယ်လုံးမှာဝတ်ထားတဲ့ အဝတ်အစားတွေအားလုံး ချွတ်မိတော့မလို့ ... ။

နုနုချွတ်ကို စတွေ့လိုက်ထဲကပဲ တင်းတင်းရင်းရင်း ဖြိုးဖြိုးမောက်မောက် ဝင်းဝင်းအိအိ ... ဖြောင့်စင်းတောင့်ဖြောင့်တဲ့ ကောင်မလေး ...

"အဖေနာမည် ... "

"ဦးနု ... "

ဖိုးလာပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



“ဟင်”

“ဒီမှာ ချွတ်တစ်ခုခုပြောလိုက်တိုင်း ရှင်က ဘာဖြစ်လို့ တအံ့တဩနဲ့ ဖြစ်သွားရတာလဲ”

“ဩော် ... အဲဒါ ကိုယ်လည်း စဉ်းစားနေတာပဲလေ ... ဘာဖြစ်လို့မှန်း မသိတာ”

“ဟွန်း”

ဘယ်လိုလူလည်း မသိပါဘူး။

ချွတ်ကိုကြည့်တဲ့ မျက်လုံးတွေက ပြုံးတုံးပြတဲ့။ ချွတ် တွေ့ချင်တာက မြစိမ်းရောင်ကုမ္ပဏီရဲ့ မန်နေဂျင်းဒါရိုက်တာ ဦးဖန်နေဝန်းကိုပါ။

ချိန်းလည်း ချိန်းထားပြီးသားဟာ။

“အမျိုးသား မှတ်ပုံတင်ပါလား”

“ပါပါတယ်”

“ပေးပါ”

“ချွတ်က ... ”

“မှတ်ပုံတင်ထားခဲ့ရမယ် နုနုချွတ်”

“အဓိပ္ပါယ်မရှိတာ”

“ကြီးကျယ်လွန်းတယ်”

“ကျွန်တော့်ဆရာ ဦးဖန်နေဝန်းက အလုပ်အရမ်းများတော့





ဧည့်သည်ကို သိပ်လက်ခံတွေ့လေ့ မရှိပါဘူး။ ပြီးတော့လည်း စည်းကမ်းကြီးပါတယ် ... သူ့ကိုလာရောက်တွေ့ဆုံကြတဲ့ ဧည့်သည်တွေရဲ့ မှတ်တမ်းကို အသေအချာ ရေးမှတ်စေခဲ့တာပါ”

“ကျွန်မ ဝင်လို့ရပြီလား”

“ဩော် ... နေဦး မင်းကိုမေးစရာတစ်ခုရှိသေးတယ်၊ မင်းရဲ့အလုပ်အကိုင် ... ”

နုနုချွတ်က သူမလက်ကိုင်အိတ်ထဲမှာ ထည့်ထားတဲ့ကဒ်လေးတစ်ခုကို ထုတ်၍ ထိုလူအား ပြလိုက်သည်။

“ဟာ ... ဆောရီးနော်၊ အစစ်အဆေးတွေက ထုံးစံအတိုင်း လုပ်ဆောင်ရတာပါ၊ ဝင်ပါ ခင်ဗျာ ... စောစောကသာ ဘယ်သူဆိုတာ ပြောလိုက်ရင် ပြီးသားနဲ့ခင်ဗျာ ... ဝင်ပါ ... စည်းကမ်းအတိုင်း လုပ်နေကျအတိုင်း လုပ်မိတဲ့အတွက် တောင်းပန်ပါတယ်”

“စည်းကမ်းအတိုင်း လုပ်ရတဲ့သူက တောင်းပန်စရာမရှိဘူးလို့ထင်တယ်”

“ဗျာ”

“သွားပြီ”

လမ်းလျှောက်သွားပုံက စတိုင်လ်ကျကျ တင်ကစည်းချက်ညီညီ နှိမ့်တုံမြင့်တုံ နာမည်က နုနုချွတ်။

သူမကိုယ်သူမှ တင်စားပြီး ပြောတာက ချွတ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ကာလသားတွေရှေ့မှာ ချွတ်ဆိုရင်တော့ ချွတ်လိုက်မယ့် အမျိုး။

အလုပ်အကိုင်က ဖြိုးစရာ ... မြစိမ်းရောင် ကုမ္ပဏီကြီးရဲ့ မန်နေဂျင်းဒါရိုက်တာ ဦးဖန်နေဝန်း ဘယ်လိုများ ပတ်သက်နေမလဲ ဘဲ။

ချွတ်ဆိုတဲ့ ... စကားသံလေး ထွက်လာတဲ့နှုတ်ခမ်းဖူးဖူး နှင်းဆီငုံအာအာလေး။

ထိပ်ခေါင် တော်တော်နှင့်မေ့ပစ်၍ မရခဲ့။

ငေါင်တောင်တောင်ကြီးတောင် ဖြစ်နေသည်။

ဦးဖန်နေဝန်းရဲ့ အခန်းထဲဝင်ခွင့်ရဖို့ ဒီလောက်တော့ရှိနိုင်ပါ တယ်လေ။

ဒါပေမဲ့လည်း ချွတ် မနှစ်သက်တာက ငမ်းကျောထတဲ့ ယောကျ်ားတွေရဲ့ မျက်ဝန်းတွေကိုပဲ။

အလှူမီနီယံဘောင်တွေ ကွတ်ထားသော အနက်ရောင် ပိန်းပိန်း မှန်ချပ်တွေ တပ်ဆင်ထားတဲ့ တံခါးက အခန်းရှေ့မှာ ချွတ် ရပ်လိုက်သည်နှင့် အလိုအလျောက် ပွင့်သွားသည်။

"ရောက်လာပြီလား နုနုချွတ် ... မင်းကိုစောင့်နေတာပါ"

"ဟုတ်ကဲ့"

"ထိုင် ... "





လူပြောသူပြောများလွန်းတဲ့ မြန်မာပြည်မှာ အအောင်မြင် ဆုံးလုပ်ငန်းရှင်ကြီး ဦးဖန်နေဝန်းကို သူမ ပထမဆုံးအကြိမ် တွေ့ဆုံ ဖူးခြင်းပင်။

တကယ်ပဲ ရုပ်ရည်ရူပကာ အမိုက်စားပဲ။

ယောကျ်ား ပီသလွန်း ခန့်ညားချောမောခြင်းတွေနှင့်။

ဘယ်နေရာလေးမှာမှ အပြစ်ဆိုစရာမရှိလေအောင် ပြည့်စုံ လွန်းတဲ့ယောကျ်ား။

မိန်းကလေးတွေ ပစ်ကျသွားနိုင်သူပဲ။ ဦးဖန်နေဝန်းက လူပျိုကြီး။

ဦးတပ်ခေါ်နေရပေမယ့် အသက်အရွယ်က လူလတ်ပိုင်းပဲ။

နုနုချွတ် အနှစ်သက်ဆုံး မျက်ဝန်းအကြည့်တွေကို ပိုင်ဆိုင် ထားသော ယောကျ်ား။

"ထိုင်မယ်နော်"

"အိုကေ ... "

ဦးဖန်နေဝန်းရဲ့ရှေ့မှာ နုနုချွတ် ဝင်ထိုင်သည်။

အဲကွန်းလေကြောင့် အခန်းထဲမှာ အေးစိမ့်စိမ့်။ Apple ရနံ့ လေးက အေးစိမ့်စိမ့်။ ရင်ထဲမှာ မွေးပုံ့ချိုအီနေတော့၏။

နုနုချွတ်အတွက်ကတော့ ဘာတစ်ခုမှ ထူးထူးခြားခြား မခံစားမိ။ အဖိုးတန်လွန်းတဲ့ အသုံးအဆောင်ပစ္စည်းတွေနှင့်



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်ဖွဲ့စည်းထားလေ၍ ဦးဖန်နေဝန်းကို ရှိန်ချင်စရာ။

"နုနုချွတ်"

"ပြောပါ"

"မင်းတို့ အေဂျင်စီက မင်းကိုတော့ အရမ်းအမွှန်းတင်လွန်းနေတယ်၊ ကိုယ့်အတွက် အကောင်းဆုံးရွေးချယ်ပေးတာထင်တယ်"

"အလုပ်ကိစ္စပဲပြောပါ ဦးဖန်နေဝန်း၊ ကျွန်မတို့အေဂျင်စီမှာ ကျွန်မအကောင်းဆုံးလားဆိုတာထက် လူကြီးမင်းက ကျွန်မကို မနှစ်သက်ဘူးဆိုရင် ငြင်းပယ်နိုင်ပါတယ်"

နုနုချွတ်တဲ့။

ဒီဇိုင်းကတော့ အလန်းစားပဲ။

နာမည်နှင့်လိုက်ဖက်လွန်းစွာ ယောကျ်ားတစ်ယောက်ရဲ့စိတ်ကို နှိုးဆွပေးနိုင်သည် ထင်သည်။

ဖန်နေဝန်းကတော့ ဘယ်လောက် ချောမောလှပတဲ့ နတ်ပြည်ကနေ ကျလာတဲ့နတ်သမီးဖြစ်နေရင်တောင် မိန်းကလေးဆိုရင် စိတ်မဝင်စားတတ်။

လုပ်ငန်းမှာ ... အခုလည်း ဦးဖန်နေဝန်းအတွက် အလွန်တရာ စွဲဆောင်မှုရှိပြီး သူယောင်မယ်လို ယောကျ်ားတွေကို ဖမ်းစားနိုင်မည့် သွက်လက်ထက်မြက်သော မိန်းကလေး တစ်ယောက် အလိုရှိနေ၍ Venus Agency ကို အဆက်အသွယ်လုပ်ခြင်း ဖြစ်သည်။





"ဦးဖန်နေဝန်း ... ကျွန်မနဲ့ အလုပ်ကိစ္စ ဆွေးနွေးမှာလား၊ ထပြန်ရမှာလား ... နုနုချွတ်က ပေရှည်တာ သိပ်မကြိုက်ဘူးနော်"

"အိုကေ ... ခဏလေး"

သူ ခဏလောက်ဆိုပြီး သူမအား လက်ကာပြ၍ သူ့အတွက် အသုံးတည့်လောက်ပါတယ်ဟု စဉ်းစားတွေးတောနေသည်။

သူမ မျက်နှာလေးတင်းတင်းလေး သူနှစ်သက် သဘောကျမိတာလည်း မာနတွေ ပြည့်လျှံနေတဲ့ မျက်ဝန်းအစုံ။

ညို့မျက်ဝန်းပွေ့ အသုံးတည့်သည်။

"မင်းနဲ့ အလုပ်စကားပဲပြောမယ် နုနုချွတ် ... "

"ပြော ... "

"မင်း ဘာလုပ်ရမလဲဆိုတာ မင်းသိတယ်နော်"

"ဟုတ်ကဲ့ ... ရှင့်ရဲ့ ကိုယ်ရံတော်ပါ"

"အိုကေ"

"ပြီးတော့ ... ကိုယ့်ရဲ့ အတွင်းရေးမှူးအဖြစ် ... "

"ကျွန်မတို့ အေဂျင်စီနဲ့ သဘောတူထားတာက ရှင်ခရီးထွက်ရင် ကာကွယ်စောင့်ရှောက်ပေးဖို့ ... "

"အိုကေ"

"ကျွန်မ ဘယ်တော့လောက် အလုပ်ဝင်ရမလဲ ဦးဖန်နေဝန်း"



www.burmeseclassic.com

www.burmeseclassic.com



"အခုပဲ"

"ရှင်"

"မင်းကို မင်းတို့ အေဂျင်စီက ပြောလိုက်မှာပေါ့ နုနုချွတ်၊ ကိုယ့်မှာ အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေတာလေ ... ကိုယ်ယောကျ်ားလေး ကိုယ်ရံတော်တွေကိုလည်း မငှားချင်ဘူး၊ သရဲဘောကြောင်လွန်းတယ်လို့ အများအမြင်မှာ မတင့်တယ်ဘူး ... ဒါကြောင့် မင်းတို့ အေဂျင်စီနဲ့ ဆက်သွယ်ပြီး မိန်းကလေးကိုယ်ရံတော် ငှားတာပဲ"

ဦးဖန်နေဝန်းကို ကြည့်လိုက်လျှင် မခုတ်တတ်တဲ့ကြောင်လိုလို။ ရှင်းသန့်ပြီး Gentleman Style အပြည့်။

ရန်သူတွေ ဘာဖြစ်လို့များ ဝိုင်းဝိုင်းလည်နေရတာလဲ။

ရှင်က ကုတ်ကမြင်းထင်တယ်။

နှုတ်ခမ်းစိုရဲရဲတွေပေါ်မှာ အပြုံးပင် မတွေ့ရ အလုပ်ကိစ္စကိုတည်တင်းသောမျက်နှာထားနှင့် ပြောနေခဲ့သည်။

နုနုချွတ်ကတော့ စိတ်ထဲကနေကြိတ်၍ ဟားတိုက်ရယ်မောပစ်ချင်နေ၏။

ဘာဖြစ်လို့လဲဆိုတော့ ဦးဖန်နေဝန်းအကြောင်း ကောင်းကောင်း သိထား၍ဖြစ်သည်။

"ရှင်က ဟန်ဆောင်ကောင်းလွန်းတယ် ဦးဖန်နေဝန်း ...





တကယ်တော့ နုနုချွတ်က ရှင့်အနားကိုရောက်အောင် ရှင်နဲ့ငယ်သူငယ်ချင်းတွေဖြစ်တဲ့ ဒေါ်မာဂရက် ဦးစီးတည်ထောင်ထားတဲ့ Venus Agency ကို ဝင်ခဲ့တာလေ"

ကြည့်စမ်းပါဦး ဦးဖန်နေဝန်းရဲ့ မျက်ဝန်းတွေထဲမှာ နုနုချွတ်အထင်ကြီးနှစ်သက်ရသော ယောကျ်ားပီသသော တည်ကြည်လေးနက်သော အရိပ်အငွေ့တွေ အပြည့်အဝ လွှမ်းမိုးနေရတာလဲ။

တကယ်တော့ ရှင်က လူယုတ်မာကြီး ... မိန်းကလေးတွေကို ဖြားယောင်းသွေးဆောင် ရှင့်ရဲ့ရုပ်ရည် ချမ်းသာကြွယ်ဝမှုတွေနဲ့ မက်လုံးတွေပေးပေးပြီး ခြေတော်တင် ဖျက်ဆီး ... အသွေးအသားတွေကို ဝါးမျိုသောက်သုံးပြီးရင် ရက်ရက်စက်စက် ဥပက္ခာပြု စွန့်ပစ်လေ့ရှိတဲ့ ကာမဘီလူးကြီး။

ရင်ထဲမှာနာကျင်စွာ မြည်ဟီးနေသော်လည်း နုနုချွတ် နှုတ်ခမ်းဖူးဖူးစင်စင်လေးကတော့ ပြုံးယောင်ယောင်လေး သမ်းနေသည်။

"မင်းက နယ်ကနေလာတာဆိုတော့ ကိုယ်ကတိပြုထားတဲ့အတိုင်း မင်းအတွက် နေထိုင်ဖို့ စီစဉ်ထားတယ် နုနုချွတ် ... ဒီမှာ လိပ်စာ ... မင်းဘာမှ လုပ်စရာမလိုဘူး၊ ကိုယ် အခုပဲ ဖုန်းဆက်ပြီး မင်းအသုံးအဆောင်ပစ္စည်းတွေ ရွှေ့ခိုင်းမယ် မာဂရက်ဆီလည်း ကိုယ်ဖုန်းဆက်လိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖန်နေဝန်း ဆန္ဒအတိုင်းပဲ စီစဉ်ပါ … ကျွန်မကတော့ အေဂျင်စီကပေးတဲ့ လုပ်အားခငွေကြေးတွေ လက်ခံပြီးသားမို့ ကျွန်မ တာဝန်ကြေရပါစေမယ်"

"နုနုချွတ်"

"ပြောပါ"

"မင်းက ကိုယ်ခံပညာတွေရော တကယ်ပဲ တတ်ကျွမ်းရဲ့လားကွာ … ကြည့်ရတာတော့ ပျော့ညံ့ညံ့နဲ့ … "

နုနုချွတ် ထိုင်နေရာကနေ ဆတ်ခနဲထလိုက်ကာ ဦးဖန်နေဝန်းနား လျင်မြန်စွာရောက်ရှိသွားပြီး သူ့ခန္ဓာကိုယ်အား ကြမ်းပြင်ပေါ်သို့ ပစ်ပေါက်ရန် သူ့ချိုင်းနှစ်ဖက်မှ မချီကာမြှောက်လိုက်သည်။

"ဟေ့ … ဟေ့ ဘာလုပ်တာလဲ ပြန်ချပေးစမ်း … မင်း … မင်း … "

"ရှင်က ပျော့ညံ့တယ်ဆိုလို့လေ ဘယ်လိုလဲ … "

"ချပေးတော့ … ကိုယ်ကနောက်လိုက်တာပါ နုနုချွတ်၊ အား … ဒုက္ခပါပဲကွာ၊ ကြမ်းပြင်ပေါ်တော့ ပစ်ပေါက်မချလိုက်ပါနဲ့နော်"

"ဘုတ် … "

"အား … "

ဦးဖန်နေဝန်းရဲ့ ခန္ဓာကိုယ်ကြီးအား သူ့အခန်းထဲမှာရှိနေတဲ့





ဆိုဖာနှစ်ယောက်ထိုင် ဆက်တီကြီးပေါ် ပစ်ချလိုက်သည်။

"မင်း ဘယ်လိုလုပ်လိုက်တာလဲ နုနုချွတ် … အား … ကျွတ်ကျွတ် … ကံကောင်းလို့ … "

ဟုတ်တယ်။

ဦးဖန်နေဝန်း ရှင့်ကိုလေ စကြာဝဠာ အပြင်ဘက်ကိုတောင် ခပ်ကြမ်းကြမ်း ပစ်ပေါက်လိုက်ချင်တာပါ။

နုနုချွတ် စိတ်ကိုထိန်းလိုက်လို့ သက်သာတာ။

ရှင့်ကို သေအောင်တော့ မသတ်ပစ်ချင်ဘူး။

တဖြည်းဖြည်းခြင်းနဲ့ ပြင်းထန်တဲ့စိတ်ဆင်းရဲခြင်း ကိုယ်ဆင်းရဲခြင်း ဝေဒနာတွေ အသဲပေါက်မတတ် နာကျင်စွာ အလူးအလှိမ့် ခံစားစေချင်တာပါ။

"မင်း တော်တော်လေး လက်သံပြောင်တာပဲ နုနုချွတ်၊ အား ခါးနာသွားလားပဲ … မင်း … ကိုယ့်အလုပ်ရှင်ကို ဘယ်လိုလုပ်လိုက်တာလဲ မရှိမသေ … "

"သက်သေပြတာပါ ဦးဖန်နေဝန်း … ဆောရီး … ဗဲရီးဆောရီး … တောင်းပန်ပါတယ်၊ ကျွန်မအတွက် ရှင့်ရဲ့ ယုံကြည်မှုကို ရဖို့ သက်သေထူတည်ဆောက်ပြရတာပါ"

နုနုချွတ်ကို သူလျှော့မတွက်ရဲတော့။

အလွန်တရာ ချောမောလှပပြီး နုနုဖျော့ဖတ်ဖတ် ပျော့ပျော့



www.burmeseclassic.com

www.burmeseclassic.com



နွဲ့နွဲ့ မိန်းကလေးတစ်ယောက်ရဲ့အားက ကြောက်စရာကြီးပဲ။

ဒီမိန်းကလေးက ဖန်နေဝန်း ထင်ထားတာထက်ပင် လက်စောင်းထက်နေတာပါလား။

သူ့ကို ပြန်၍ ထူမတ်ပေးသည်။

"ဘယ်လိုလဲ ဦးဖန်နေဝန်းက ကျွန်မကို ရှင့်ရဲ့ကိုယ်ရံတော်အဖြစ် ခန့်အပ်မှာလား"

"မင်းရဲ့အစွမ်းအစကိုတော့ လက်ခံပါပြီ နုနုချွတ် ... အိုကေ မင်းကို ကိုယ့်ရဲ့ကိုယ်ရံတော်အဖြစ် ခန့်လိုက်ပြီ ... "

မင်းလိုကြမ်းကြမ်းတမ်းတမ်း ကောင်မလေးမှဖြစ်မယ် နုနုချွတ် ... တကယ်ပါပဲကွာ၊ လျှင်မြန်လိုက်တဲ့ နှုန်းထား ... သွက်သွက်လက်လက် ကျားကျားယားယား မထင်ရဘူး ... ဖန်နေဝန်းတောင် ကြောက်လန့်တုန်လှုပ်သွားသည်။

"ဟို ... နေရာက မင်းအတွက် စီစဉ်ထားတဲ့နေရာပဲ မင်းက ကိုယ့်ရဲ့ ကိုယ်ရံတော်လည်းဖြစ်တယ်ဆိုတော့ ကိုယ့်လုပ်ငန်းတွေလည်း စိတ်ဝင်တစား လေ့လာဖို့ လိုအပ်တယ်"

"ကျွန်မကို မမမာဂရက်က တာဝန်ပေးတာ ရှင့်ကိုကာကွယ်ပေးရမယ်၊ ကိုယ်ရံတော် အလုပ်တစ်ခုပဲ ... တခြား မဆီမဆိုင် အလုပ်တွေ ကျွန်မ လုံးဝလုပ်မှာ မဟုတ်ဘူးနော်"

ရှင့်လို ယောကျ်ားတစ်ယောက်ကို နုနုချွတ်က အလုပ်





အကြေး ပြုမယ်ထင်နေလား ဦးဖန်နေဝန်း။

အရမ်းကို ရိုးသားသန့် စင်ဟန်ဆောင်နေတာ ပိပိရိရိပဲ။

နုနုချွတ် ရင်ထဲမှာ ပေါက်ကွဲမတတ် ဒေါသမုန်တိုင်းတွေကို သည်းခံပြီး ဦးဖန်နေဝန်းနှင့်အနီးကပ်ဆုံးနေနိုင်ဖို့ ဆုံးဖြတ်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂ )

နုနုချွတ်ရဲ့ ခြေလှမ်းတွေက ဦးဖန်နေဝန်း စီစဉ်ပေးထားသော ကွန်ဒိုရှစ်ထပ်တိုက်ကြီး ရှစ်လွှာ ညာအစွန်းခန်းဆီ။

လိပ်စာကဒ်လေးကိုကြည့်ရင်း အကွေ့အကောက်တွေများလွန်းတဲ့ လှေကားထစ်တွေအတိုင်း တက်နေသည်။

တိုက်ကြီးကတော့ အရမ်းအဆင့်မြင့်ပြီး ကျယ်ဝန်းသောအခန်းတွေပါပဲ။

တစ်တိုက်လုံးကို မန်နေဂျင်းဒါရိုက်တာ ဦးဖန်နေဝန်းပိုင်ဆိုင်ထားပြီး ကုမ္ပဏီမှာ အရေးပါသော ရာထူးကြီးကြီး ဝန်ထမ်းတွေကို သီးသန့်ရွေးချယ် နေထိုင်စေသည်တဲ့ နုနုချွတ်အတွက်က ရှစ်ထပ်တိုက်ကြီးရဲ့အပေါ်ဆုံး ရှစ်လွှာမှာပဲ အခန်းအလွတ်ရှိနေလို့ပါ။

နုနုချွတ်က ခြေလျင်တောင်တက် အသင်းဝင်ဆိုတော့ ရှစ်ထပ်တိုက်လောက် တက်ရတာ အပန်းမကြီးပါဘူး။



"ကိုယ်နေတဲ့ ခြံထဲမှာ မင်းကိုခေါ်ထားချင်ပေမယ့် မသင့်တော်ဘူးထင်တယ် နုနုချွတ် ..."

"ချွတ်ကို သီးသန့်တိုက်ခန်းတစ်ခန်းပဲ စီစဉ်ပေးပါဦးဖန်နေဝန်း ... တခါတရံ လွတ်လွတ်လပ်လပ် အနားယူတတ်တဲ့ ချွတ်အတွက် သီးသန့်ပဲ ကောင်းပါတယ်လေ"

"အိုကေ"

သူမ နေထိုင်ရမည့်အခန်းရှေ့ ရောက်သောအခါ ခြေစုံရပ်၍ ဘောင်းဘီအိတ်ထဲမှ သော့ကို ထုတ်၍ဖွင့်သည်။

ပြီးတော့ အခန်းထဲ ဝင်လိုက်၏။

အားပါး ... ရင်ထဲကို အေးစိမ့်မွှေးပြန့်သွားတာပါပဲလား။

အဲကွန်းကို ဘယ်သူကများ ကြိုတင်ဖွင့်ထားရတာလဲ။

နုနုချွတ် ဆိုဖာဆက်ဆီတစ်လုံးပေါ်မှာ ထိုင်ချပြီးမှ လော့အပိုတွေ ဦးဖန်နေဝန်းဆီမှာ ရှိနေနိုင်သည်ကို သတိထားမိသွားသည်။

"ရှင် မရိုးသားတော့ဘူး ... ဘာကြောင့် ကျွန်မအခန်းကို ကျွန်မခွင့်ပြုချက် မယူဘဲ ဝင်ရတာလဲ"

နုနုချွတ် လုံးဝကိုမကျေနပ်။

ဒီလိုလုပ်ခြင်းက သူမအား စော်ကားခြင်းဟု ယူဆသည်။

သူမ အမုန်းဆုံးက စည်းကမ်းမဲ့ခြင်းပင်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖန်နေဝန်း ရှင်လူလည်ပတ်ကားကြီးပဲ။

နုနုချွတ်ကို ဒီလိုလာလုပ်လို့ မရဘူးလေ။

"ဟွန်း ... မုန်းစရာကောင်းလိုက်တာ၊ တကယ်ပဲကွာ၊ ကြောလွန်းတယ် ..."

သူမ ဒေါသတကြီး ရေရွတ်ပြီး ဦးဖန်နေဝန်းထံ ဖုန်းဆက်သည်။

"ဒီမှာ ..."

"ချွတ် ..."

"ရှင်"

"ဘာလဲ ... မင်းအခန်းထဲကို မင်းခွင့်ပြုချက်မယူဘဲ အဲကွန်းဖွင့်ထားတာရယ်၊ အခန်းထဲ မင်းဝင်လိုက်တာနဲ့ မင်းနှလုံးသားတွေ အေးမြသွားစေဖို့ ဖြန်းထားတာရယ်၊ ကိုယ့်ဆီမှာ သော့အပိုရှိနိုင်တယ်လို့ မင်းတွေးပစ်လိုက်ပြီး ဒေါသအမျက်ချောင်းချောင်း ထွက်သွားတာ မဟုတ်လား"

"ဟုတ်တယ် ... ကျွန်မ လုံးဝမကြိုက်ဘူး၊ ရှင်ဘာသဘောနဲ့ ဒီလိုလုပ်ရတာလဲ"

"နုနုချွတ် ... မင်းကို အရမ်းကြိုက်သွားပြီ"

"ဘာရှင့်"

"ကိုယ့်ကို စောင့်ရှောက်ပေးမယ့် ကိုယ်ရံတော်က ဒီလို





အတွေးအခေါ်ထက်မြက်နေစေရမယ်၊ ပြီးတော့ ပြောရဲဆိုရဲရှိရမယ်၊ ယောကျ်ားတစ်ယောက်ရဲ့ မြူဆွယ်ဖြားယောင်းမှု ကွန်ယက်ထဲ အလွယ်တကူ စီးမျောတိုးဝင်တတ်တဲ့ မိန်းမမျိုး မဖြစ်စေရဘူး၊ အဲဒီအချက်တွေအားလုံး မင်းပြည့်စုံတယ် နုနုချွတ် ... ကိုယ် အခုပဲ မင်းရဲ့ အေဂျင်စီကို လှမ်းဖုန်းဆက်ပြီး မင်းကို ကိုယ့်ရဲ့ ကိုယ်ရံတော်အဖြစ် လက်ခံလိုက်တဲ့အကြောင်း ပြောလိုက်မယ်"

ဦးဖန်နေဝန်းက ဖုန်းကို ပိတ်ပစ်လိုက်သည်။

ရှင်ကြီး အလျှောက်ကောင်းလို့နော်။

ပြီးတော့ ပြောသွားသေးတယ်။

အခန်းသော့ကို မင်းသဘောနဲ့ လုံခြုံရေးပြန်ယူတဲ့။

ရှင်မပြောလည်း နုနုချွတ်က သော့ပြောင်းပစ်မှာ။

ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ်လေ.နုနုချွတ်ကို လျှော့တွက်မထားနဲ့ အဆိပ်ပြင်းပါတယ်ဆိုတဲ့ မြွေဟောက်တောင် အနားလာမကပ်နဲ့ အသက်နဲ့ခန္ဓာ တကွဲတပြား ဖြစ်သွားမယ်။

သူမ ဒေါသကို လျှော့ပစ်လိုက်၏။

အခန်းကတော့ မဆိုးပါဘူး။

အပြည့်အစုံ ဗဲရီးဂွတ်။

သူမမှာ အဝတ်အစား အိတ်တစ်လုံးပဲပါသည်။

အိပ်ခန်းထဲဝင်လာခဲ့ပြီး ပစ္စည်းတွေထည့်၏။



www.burmeseclassic.com

www.burmeseclassic.com



အင်း ... အရမ်း ရေးse ဖြစ်မဲ့ အိပ်ခန်းပဲ။

ပန်းနုရောင်တွေ လွှမ်းနေတဲ့ အိပ်ခန်းက တကူးတကကို တခမ်းတနား ပြင်ဆင်ပေးထားသည်။

"ရှင်က ကျွန်မကို စည်းစိမ်ဥစ္စာ အဆောင်အယောင်တွေနဲ့ နုနုချွတ်ကို ဖြားယောင်းမြူဆွယ်တာလား ... အဟွန်း ... ဟွန်း အဟွန်း ... ရယ်ရတယ် ... နုနုချွတ်ရဲ့ နှလုံးသား ဘယ်လောက် အထိမာကျောတယ်ဆိုတာ တစ်နေ့ ရှင်သိသွားစေရမယ်"

နုနုချွတ်ရဲ့ ငုံအာအာ ထူအမ်းအမ်း နှုတ်ခမ်းဖူးဖူးလေးက တင်းတင်းစေ့သွားသည်။

ရွှန်းလဲ့နက်မှောင် မျက်ဝန်းဝိုင်းဝိုင်းလေးတွေက ဒေါသ အရောင်တွေ ရုတ်ချည်းတောက်ပသွား၏။

သူမ အသုံးအဆောင်ပစ္စည်းတွေကို ဗီဒိုထဲထည့်နေရင်း အမှတ်မထင် သူမရဲ့တစ်ဦးတည်းသော အစ်မဖြစ်သူ နုနုထွတ်ရဲ့ ဓာတ်ပုံကို စူးစူးစိုက်စိုက် ကြည့်မိသွားသည်။

"ချွတ် ... မမတော့ ဒုက္ခတွေ အကြီးအကျယ်ရောက်ပြီထင် တယ်ကွယ် ... မမထွတ်မှာ ကိုယ်ဝန်ရှိနေပြီ၊ အဲဒါလေ သူ ... သူက သူ့ကိုယ်ဝန်မဟုတ်ဘူးလို့ ဇွတ်အတင်းငြင်းပြီး လက်ထပ်ဖို့ မဖြစ်နိုင်ဘူးတဲ့ တာဝန်လည်း မယူနိုင်ဘူးတဲ့"

"ဘာပြောတယ် ... မမထွတ်ကိုများ ချောမောလှပပြီး အဖို





ဆိုလို့ ယှဉ်ဖို့တောင်မသမ်းဘူးတဲ့ အပျိုနုနုထွတ်ထွတ်လေးကို စော် ကားပြီးတော့များ ဘယ်သူလဲ ဘယ်ကကောင်လဲ ... ပြော ..."

"ချွတ်ရယ် ... ညီမလေးကလဲ ပြောလိုက်ရင် ဒေါသကြီးပဲ ဟယ် ... တကယ်တော့ မမ သူ့ကိုအရမ်းချစ်မြတ်နိုးမိသွားပြီး သူ့ အလိုဆန္ဒတွေကို လိုက်လျောပေးမိတာပါ၊ သူကလေ သူလုံးဝ မမနဲ့ မပတ်သက်ဖူးဘူးလို့ ရက်ရက်စက်စက်ပြောတာ အရမ်းနာကြည်း ခံစားရတယ်"

"အဲဒါကြောင့် ပြောတာပေ့ါ၊ မမကို စော်ကားလိုက်တဲ့သူ က ဘယ်သူလဲလို့ ပြောပြပါ ... ဘာနဲ့တွ ငုံ့ညှာထောက်ထားနေ တာလဲ ... အချစ်ကြောင့်လား သေလိုက်တော့"

"ချွတ်ရယ် ... မမ တကယ်သေပစ်ချင်တယ်၊ ကိုယ့်ကိုယ်ကို သတ်သေပစ်ချင်တယ်၊ ရှက်လည်းရှက်တယ် ... မမထွတ်မှာ ကိုယ် ဝန်ရှိနေတာ ဖေဖေသိသွားရင် ဆွေမျိုးအသိုင်းအဝိုင်းတွေ သိသွား ရင် ရှက်လို့ ဘယ်လိုရင်ဆိုင်ရမှန်းတောင် မသိတော့ဘူး၊ မမထွတ် ကို ကယ်ပါဦး ..."

"အဲဒီလူက ဘယ်သူလဲလို့ ပြောလေ ... နာမည် ဘယ်သူလဲ ဘယ်မှာနေတာလဲ၊ ချွတ်သွားတွေ့မယ် ... ဖေဖေ စိတ်အပူဆုံးက သမီးတွေကြောင့် အရှက်တကွဲ ဖြစ်ရမှာကိုပဲနော် မမထွတ်၊ ဒီကိစ္စ သေသေချာချာ ဖြေရှင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



မမထွတ်က ပြောဖို့ ဝန်လေးနေပုံပင်။

ချွတ်က မဟုတ်မခံ ဇတ်ဇတ်ကြဲမလေး တစ်ယောက်ဆိုတာ သိနေ၍ နှုတ်ဆိတ်နေသည်။

"သူ့ကို မမထွတ် ချစ်တယ် ... မမထွတ်ရဲ့အချစ်ဦးလေ၊ သူ ... သူက အရမ်းပဲ ချမ်းသာကြွယ်ဝပြီး အောင်မြင်တဲ့လုပ်ငန်းရှင်"

"ဘာ"

"ချွတ် ... ညီမလေး စိတ်ကိုလျှော့ပစ်လိုက်ပါတော့ဟယ် သူ့ကို ဘယ်လိုနည်းနဲ့မှ ဂုဏ်သိက္ခာ ထိခိုက်အောင် မလုပ်ရက်ဘူး ဖြစ်နေတယ်၊ သူနဲ့မမထွတ် ထပ်ပြီးညှိနှိုင်းကြည့်ဦးမယ်လေ၊ မမလည်း ဘာလုပ်ရမှန်းမသိလို့ ချွတ်ကို ရင်ဖွင့်တာပါ"

"မမထွတ် ... ရူးနေလား ... အစိပ္ပာယ်မရှိတာဘဲ ကိုယ့်ကို တာဝန်မယူဘဲ ရက်ရက်စက်စက် ဥပေက္ခာပြုနေတဲ့ ယောကျ်ား မပီသတဲ့ ယောကျ်ားတစ်ယောက်အပေါ်မှာ သစ္စာတွေရှိပြမနေစမ်းပါနဲ့၊ ပြောစမ်းပါ ... မပြောပြရင် ချွတ်အကြောင်း သိတယ်နော်"

ချွတ် အတင်းအကြပ် မရမက မေးတော့မှ ဦးဖန်နေဝန်းနာမည်ကို သိရသည်။

"ချွတ် ... ညီမလေး မမထွတ် သူနဲ့ထပ်တွေ့ဦးမယ်၊ လောလောဆယ်တော့ ဘယ်သူ့ကိုမှ အသိမပေးပါနဲ့ဦး ... "

မမထွတ်က ရိုးသားဖြူစင်သူ။





ချစ်သူရည်းစားလည်း မထားဖူးဘူး။ အရမ်းချောမောလှပပြီး စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရထားသူ။

ဖေဖေအချစ်ဆုံးသမီး။

ချွတ်က မာကျောသည်။

ယောကျ်ားလေး ဆန်လွန်း၏။

ကိုယ်ခံပညာတွေကို ငယ်စဉ်လေးထဲက သင်ကြားလေ့ကျင့်ထား၏။

သွက်သွက်လက်လက် ထက်ထက် မြက်မြက်။

မမထွတ်က ဗိုင်းကောင်းကျောက်ဖိ။

မမက ဦးဖန်နေဝန်းနှင့် ထပ်ညှိပါဦးမည်တဲ့။

တစ်ပတ်လောက်အကြာမှာတော့ မမထွတ် အိပ်ခန်းထဲတွင် သွေးတွေသွန်ပြီး တစ်ယောက်ထဲ သွေးအိုင်ထဲမှာ မိသားစုဝင်တွေ မသိဘဲ သေဆုံးနေသည်။

"သွေးသွန်တာပဲ ဒီ ... ဒီကလေးမ ကိုယ်ဝန်များ ရှိနေတာလား၊ ဒါ ... ဒါ ... ကိုယ်ဝန်ပျက်ကျတဲ့ လက္ခဏာပဲ မောင်နဲ ... သွေးသွန်တာ"

ဖေဖေ့အစ်မ ကြီးကြီးစံက ဖေဖေ့ကို အမှတ်မထင် ပြောမိလိုက်သည်။

ပတ်ဝန်းကျင်မှာလည်း ထိုသတင်းက အိမ်ဖော်တွေက



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆင့် ပျံ့နှံ့သွားတော့၏။

အရှက်ကြီးတဲ့ဖေဖေ သမီးတွေပဲ မွေးထားသဖြင့် အရှက်တကွဲဖြစ်မှာ ကြောက်လွန်းခဲ့သူ။

အရှက်ကြီး ရှက်ကာ မမထွေး၏ ဆုံးပြီး တစ်လပြည့်တဲ့နေ့တွင် ကားဆီးဒဏ်ဖြစ်ပြီး ကွယ်လွန်သွားရသည်။

"လူယုတ်မာကြီး ဦးဖန်နေဝန်း ရှင်တော်တော်လေး ဟန်ဆောင်ကောင်းခဲ့တာပဲ … မထင်ရဘူး၊ ကြည့်လိုက်ရင် လူကြီးလူကောင်းတစ်ယောက်ပဲ ရှင့်မျက်ဝန်းတွေထဲမှာပါ မရိုးသားတဲ့အရိပ်ငွေ့ငွေ့လေးတောင် မရှိဘူး"

ပြီးတော့လည်း ချွတ်နှင့်မမက ရုပ်ခြင်းဆင်တူတဲ့ ညီအစ်မ။

သူမကို မြင်တွေ့လိုက်တာပင် အမူအယာ နဲနဲလေးမှမပျက်။

တစ်ကြိမ်တစ်ခါမျှ တွေ့ဆုံဖူးခြင်း မရှိတဲ့ စတိုင်လ်ကအပြည့်။

ရှင်ကြီး ဘယ်လောက်အထိ ဟန်ဆောင်ဖုံးကွယ်ထားနိုင်မလဲ။

စောင့်ကြည့်မယ်။

"ကျွန်မအစ်မက ရှင့်ဂုဏ်သိက္ခာကို ထိခိုက်မှာစိုးရိမ်ပြီး ထုတ်ဖော်ပြောပြဖို့ ဝန်လေးတယ်၊ ရှင်ကတော့ မှင်သေသေနေနိုင်တယ်နော်"





နုနုချွတ်ရဲ့ နှုတ်ခမ်းလေးတွေ မဲ့မဲ့လေး တွန့်ကွေးသွားသည်။

မမထွတ်အတွက် ရှင့်ကိုကောင်းကောင်းပညာပေးရမယ်။

သူမ ဆုံးဖြတ်လိုက်၏။

ဦးဖန်နေဝန်းကို လက်စားချေဖို့ အခွင့်အခါကို ရှာဖွေကြံစည်ရင်း မမမာဂရက် ဦးစီးတည်ထောင်ခဲ့သော Venus Agency ကို ဝင်ခွင့်ရအောင် အစစ်အဆေးတွေခံယူရင်း ဝင်ရောက်ဖို့ ကြိုးစားခဲ့ရသည်။

"နုနုချွတ် … မင်းကိုပေးမယ့်တာဝန်က အရမ်းကြီးခက်ခဲရှုပ်ထွေးမှုရှိတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ယောက်ရဲ့ ကိုယ်ရံတော် အဖြစ်ပါ"

"ယောကျာ်းလေးတွေကိုမခိုင်း အားနွဲ့တဲ့မိန်းမသားကိုမှ ကိုယ်ရံတော်ငှားချင်ရသလား မမာဂရက် … ရိုးရောရိုးသားရဲ့လား"

"အင်း … ရိုးသားတယ် ချွတ်၊ ဒါပေမဲ့ … သူက ယောကျာ်းလေးကိုယ်ရံတော် မငှားတာ ပတ်ဝန်းကျင်မှာအမြင်ကတ်စရာ မဖြစ်အောင်ပါ၊ မိန်းကလေးကျတော့ သူ့ရဲ့ အတွင်းရေးမှူးအဖြစ်ရှိနေရင် သူ့စိတ်ကပိုပြီး လုံခြုံတယ်၊ ပတ်ဝန်းကျင်မှာ ဝေဖန်ပြောဆိုကဲ့ရဲ့ ရှုံ့ချမှာစိုးရိမ်တယ်"

ဦးဖန်နေဝန်းနှင့် မမမာဂရက်တို့က ငယ်သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းနေဘက်တွေ။

မမမာဂရက် Venus Agency ကို ထူထောင်ပြီး လုပ်ငန်းကြီးကြီး လုပ်ကိုင်ကြတဲ့ ကုမ္ပဏီဥက္ကဋ္ဌတွေရဲ့ အတွင်းရေးမှူးမလေးတွေကို အရည်အချင်း ပြည့်မီစေရန် လေ့ကျင့်သင်ကြားပေးပြီး စီးပွားရှာတဲ့ လုပ်ငန်းလုပ်ကိုင်နေသူ ဖြစ်သည်။

မမမာဂရက်ကိုယ်တိုင်လည်း လုပ်ငန်းရှင်ကြီးတစ်ယောက်ရဲ့ အတွင်းရေးမှူးတစ်ယောက် ဖြစ်ခဲ့၏။

မြစိမ်းရောင်ကုမ္ပဏီပိုင်ရှင် ဦးဖန်နေဝန်းရဲ့ အတွင်းရေးမှူးအဖြစ် ဟန်ဆောင်နေထိုင်ပြီး ဦးဖန်နေဝန်းအား ကာကွယ် စောင့်ရှောက် ပေးဖို့ပဲ ဖြစ်သည်။

"မမထွတ် တစ်ယောက်တဲ သွေးတွေအခဲလိုက်အတုံးလိုက်သွန်ပြီး ဘယ်သူ့ကိုမှ အသိပေး အကူအညီတောင်းခြင်းမရှိဘဲ သေဆုံးသွားရတာ မမထွတ် သေဖို့ ဆုံးဖြတ်လိုက်တာပဲ"

မမထွတ် တစ်ယောက်တည်းကြိတ်၍ ဖြေရှင်းရင်း ဦးဖန်နေဝန်းက တာဝန်မယူသဖြင့် အရှက်နှင့်အသက်ကိုလဲပစ်လိုက်တာပဲ ဖြစ်သည်။

နုနုချွတ် အံသွားတွေကို တင်းတင်းဖိကိုက်ထားမိ၏။

ဟန်ဆောင်မာယာများပြီး အေးစက်သူ သွေးအေးလွန်းသည်။





"နုနုချွတ်ကိုမှ ရွေးချယ်ပြီး ကိုယ်ရံတော်ခန့်အပ်လိုက်လို့ ရှင်ကံဆိုးပြီပဲ ဦးဖန်နေဝန်း ... ကံကြမ္မာကလှည့်စား စေစားလိုက်တာထင်တယ် ... ကျွန်မအစ်မ အပျိုစင်နုနုထွတ်ထွတ်လေးကိုမှ ခြေတော်တင်စော်ကားခဲ့တဲ့ ရှင်ကြီး ... "

သူမရဲ့ ကိုင်ထားတဲ့ဓာတ်ပုံထဲမှ မမထွတ်က သူမနှင့်ဆင်တူလွန်းပြီး ပြုံးပြုံးလေး ကြည့်နေသည်။

နူးညံ့သိမ်မွေ့လွန်းသူပါ။

"ညီမလေးကို မမထွတ် ရင်ဖွင့်တာပါ၊ မမ ခံစားရလို့ပါ၊ မွန်းကြပ်နေတယ်ဟယ် ... သူ့ကို မမချစ်တယ် မမရဲ့အချစ်ပါ"

မမထွတ် ဓာတ်ပုံကို သူမရှေ့မှာရှိတဲ့ စာကြည့်စားပွဲပေါ် အသေအချာ ထောင်ထားသည်။

ဦးဖန်နေဝန်းကို စက္ကန့်မလပ် မုန်းတီးနာကြည်းနေချင်၍ဖြစ်၏။

သူက ပြောသေးတယ်။

စည်းစိမ်ဥစ္စာတွေနဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဖြားယောင်းသွေးဆောင်မှု ကွန်ယက်ထဲ အလွယ်တကူ တိုးဝင်ခြင်းမရှိတဲ့ မိန်းမမျိုးပဲ။

သူ့အနားမှာ ရှိနေစေချင်တယ်တဲ့။

ဘာကြောင့် ဒီစကားကို ပြောရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



မမထွတ်က ရှင့်ရဲ့ဖြားယောင်းသွေးဆောင်မှု ကွန်ယက်ထဲ အလွယ်တကူ တိုးဝင်ပေးဆပ်မိလို့ ရှင်က အထင်အမြင်သေးတာပဲ။

နုနုချွတ် တောက်တောက်ပပ ချစ်ခြင်းမေတ္တာ မွေ့ယာကြီးပေါ် ပစ်လှဲချလိုက်သည်။



အခန်း ( ၃ )

"နုနုချွတ်"

"ပြောပါ"

"ဒီည ... ကိုယ်ညှော်ခံပွဲတစ်ခုကိုသွားရမယ် ... မင်းက ကိုယ့်ရဲ့အတွင်းရေးမှူးမလေးအဖြစ် လိုက်ပါပြီး စောင့်ရှောက်ပါ"

"ဟုတ်ကဲ့"

"နုနုချွတ် ... မင်း ဘာနေ့သမီးလဲ"

"အလုပ်နဲ့မသက်ဆိုင်တဲ့ကိစ္စတွေ မမေးပါနဲ့၊ ရှင်က ဗုဒ္ဓဘာသာ မြန်မာလူမျိုးဆိုရင် ကျွန်မ နာမည်ကြားတာနဲ့ ဘာနေ့သမီးလည်းဆိုတာ သိလောက်ပါတယ်"

"အဲဒါတော့ မင်းခေတ်နောက်ကျသွားပြီ နုနုချွတ် ... တချို့က နာမည်နဲ့နေ့ မလိုက်ကြဘူး၊ ဥပမာ ... ကိုယ်ပေါ့၊ ဖန်နေဝန်းလို့ နာမည်ပေးထားပေမယ့် ကိုယ်က စနေ"



www.burmeseclassic.com

www.burmeseclassic.com



"ထားလိုက်ပါတော့ ... ဘာလဲ ... ရှင်က ဗေဒင်မေးမလို့လား"

မာကျောလိုက်တဲ့ နုနုချွတ်။

မျက်ဝန်းညို့ညို့လေးတွေက ... အကြင်နာတွေထက် မာကျောခက်ထန် မီးထတောက်တော့မတတ်ဘဲ ဖန်နေဝန်းလို ယောကျ်ားမျိုး လုပ်ငန်းရှင်ကြီးတစ်ယောက်အား ဆက်ဆံပြောဆိုတာ နဲနဲလေးမှ နူးညံ့မှုမရှိ။

အလုပ်သဘောပဲ။

အရိုအသေမပေး။

လေးစားတာလည်းမရှိ။

ကိုယ်ရံတော်ပီပီ မျက်နှာထားနှင့် တာဝန်အရ ဆက်ဆံသည်။

"ကိုယ် ဗေဒင်မေးမလို့ မဟုတ်ပါဘူး ... စကားနည်းလို့ပါ အလုပ်သဘောအရ ဆက်ဆံပြောဆိုနေတာ တောင့်တောင့်ကြီး"

"ကျွန်မတာဝန်က ဦးဖန်နေဝန်းကို ကာကွယ်ပေးဖို့ပါ၊ ကျွန်မ အပိုစကားတွေ မပြောနိုင်ဘူး"

"အိုကေ"

ဖန်နေဝန်း ကိုယ်တိုင် မိန်းကလေးတွေနှင့် ကင်းကင်းရှင်းရှင်းနေထိုင်တတ်ပြီး ချစ်သူရည်းစားလည်း မထားဖူးခဲ့။





စီးပွားရေး လုပ်ငန်းတွေထဲမှာပဲ စက္ကန့်မလပ် အာရုံစူးစိုက်ထားသဖြင့် အချစ်အတွက် ရင်မခုန်ဖူးသူ။

ဒါပေမဲ့လည်း အံ့သြစရာကောင်းလောက်အောင် နုနုချွတ်နှင့်တွေ့ဆုံလိုက်ရစဉ် တခဏမှာပင် ရင်တွေ တဆတ်ဆတ်တုန်လာရပြီး အချစ်ဆိုတာကို တွေးမိနေသည်။

"မင်းက တော်တော်လေး မာန်မာနကြီးတဲ့ မိန်းကလေးပဲ ကောင်းပါတယ် ... ကိုယ်က မင်းလို အကျင့်စရိုက်ရှိတဲ့ မိန်းကလေးတွေပဲကြိုက်တယ်"

"ဦးဖန်နေဝန်းကို ကျွန်မနဲ့ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း ပြောပြစရာရှိပါတယ်၊ ကျွန်မ တာဝန်တစ်ခုပဲ ထမ်းဆောင်နေတာပါ ဦးဖန်နေဝန်းအနား ကပ်လာမယ့်အန္တရာယ်ကောင်တွေကို ဖယ်ရှားသုတ်သင်ပစ်ဖို့က ကျွန်မတာဝန်ပဲ ... ဒါပေမဲ့ ဦးဖန်နေဝန်း ကြိုက်အောင် သဘောကျ နှစ်သက်အောင် လုပ်ပြနေတာ မဟုတ်ဘူးဆိုတာ သိထားစေချင်ပါတယ်"

"အိုကေ"

"ဒါပါပဲ"

"မင်းကိုလည်း ရှင်းရှင်းလင်းလင်း ပြောပြစရာရှိတယ် နုနုချွတ်"

"ပြောပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်က ကိုယ့်အသိုင်းအဝိုင်းအလယ်မှာ ကိုယ်ရံတော်ထားရတယ်၊ ဘာတယ်လို့ သတင်းမပေါက်ကြားလိုဘူး နုနုချွတ်၊ ကိုယ့်ရဲ့အတွင်းရေးမှူးမလေးအဖြစ်ပဲ မင်းကိုသိထားစေချင်တဲ့ဆန္ဒရှိတယ်၊ အဲဒီတော့ မင်းတာဝန်အရပဲဖြစ်ဖြစ် ကိုယ့်အတွင်းရေးမှူးမလေးအဖြစ် ဟန်ဆောင်ပေးရမယ် ... မာဂရက်ကိုလည်း ကိုယ်ပြောခဲ့ပြီးသားပဲ"

"အဲဒါဆိုရင်တော့ ရတယ် ... ကျွန်မက ဟန်ဆောင်တာဆိုတော့ ရှင့်အတွင်းရေးမှူးမ အလုပ်တာဝန်တွေ အတိအကျလုပ်မပေးနိုင်ပါဘူး"

"အိုကေ ... ဟန်ဆောင်ပေးရင်ပဲ ရပါပြီ၊ ညနေ ကိုယ်နဲ့အစည်းအဝေးလိုက်ပေးရမယ်၊ နဲနဲပါးပါးတော့ လေ့လာထားပေးပါ နုနုချွတ်"

"ဟုတ်ကဲ့"

ဖန်နေဝန်း ခေါင်းတွေတောင် ကိုက်လာတယ်။

အပြောရ အဆိုရခက်ခဲတဲ့ ဟာမလေးပဲ။

နုနုချွတ် မျက်ဝန်းတွေထဲမှာ တစ်ချက်တစ်ချက် ကြောက်စရာကောင်းလွန်းတဲ့ ရန်လိုသောအငွေ့ အသက်တွေ လွှမ်းနေသည်။

ဖန်နေဝန်း ထင်တာကတော့ နုနုချွတ် မိန်းမ သိပ်မဆန်ဘူးဆိုတာပဲ။

ကျားကျားယားယားနှင့် ယောက်ျားလေး ဆန်လွန်း၏။

မင်းသာ မိန်းကလေးပီပီသသလေးဆိုရင် အရမ်း ချစ်စရာကောင်းပြီး တန်ဘိုးရှိမှာပဲ။

တကယ်ပါ နုနုချွတ်ရာ ... ကိုယ့်လို မိန်းကလေးတွေအပေါ်လုံးဝကို စိတ်မဝင်စားတတ်တဲ့ မာနတကြီး နေထိုင်တတ်တဲ့ကောင်တောင် ပြစ်ကျချင်နေတယ်။

ဒါပေမဲ့လည်း သူမာန မချနိုင်။

နုနုချွတ် အထင်သေးမည့်အပြုအမူ အပြောအဆိုတွေကိုဆင်ခြင်ဖို့ ဆုံးဖြတ်ထားသည်။

"မင်းနေရာ မင်းသွားထိုင်လို့ ရပါပြီ နုနုချွတ်"

"ဟုတ်ကဲ့"

နုနုချွတ် ဆတ်ခနဲ လှည့်၍ ပြန်လျှောက်သွားသည်။

တောင့်သော ဖြောင့်သော တင်းရင်းသော ဘာနဲ့နိုင်းနှိုင်းရမလဲ မယ်ဗမာလား စကြာဝဠာမယ်လား မဆီမဆိုင် အလုပ်မရှိအလုပ်ရှာ၍ နုနုချွတ်ရဲ့ အလှအပအကြောင်း နှိုင်းနှိုင်းစရာ ရှာမိသွားသည်။

"အမ်ဒီ"

"ဟင် ... ဟာ ထွဋ်ခေါင်"







www.burmeseclassic.com

www.burmeseclassic.com



"ဘာတွေများ ဒီလောက်အထိ တွေဝေငေးမောစဉ်းစရတာလဲ အမ်ဒီ … မပဟုတ်မှလွဲရော ချွတ်အကြောင်း … "

"ဟော့ကောင် … မင်းအသံပြဲကြီးနဲ့ကွာ ကြားရင် ပြဿနာနော် … နုနုချွတ်အကြောင်း မစဉ်းစားပါဘူးကွ၊ ကိုယ့်ကို ဝိုင်းရံနေတဲ့ အန္တရာယ်တွေအကြောင်းပါ၊ ရန်သူတွေ ဘာကြောင့်ဝိုင်းလာရတာလဲ … ဘာကြောင့်လဲ … "

"ဆရာက မြန်မာပြည်ကိုပြန်ရောက်ပြီး စီးပွားရေးလုပ်တာမကြာသေးဘဲ အရမ်းအောင်မြင်လာလို့ Jealousy ဝင်တာဖြစ်မယ် အမ်ဒီ … ဒါပါပဲ"

ဘယ်သူမှ မသိတဲ့အကြောင်းအရာတစ်ခုက သူပဲအသိဆုံးဖြစ်နေသည်။

ကိုကိုသွန်းကြောင့်ပဲ။

ဖန်နေဝန်းရဲ့ကိုကို အမွှာအစ်ကို ရုပ်ခြင်းခွဲမရအောင်တူလွန်းတဲ့ လူဆိုးလူသွမ်း မကောင်းမှုအလုပ်တွေကို ဝါသနာကြီးစွာလုပ်တတ်တဲ့ အကျင့်စရိုက်နှင့် ကိုကိုဖန်နေသွန်း။

အမြဲတမ်း သူ့နာမည် ဖန်နေဝန်းဆိုတဲ့ နာမည်ကိုပဲခံယူအသုံးပြုသူ။

မိဘတွေ ကျန်ရစ်ခဲ့တဲ့ အမွေအနှစ်တွေကို ထိုင်သုံးဖြုန်းပစ်နေတဲ့ကိုကို။





သူက နိုင်ငံခြားမှာပဲ အနေများပြီး ပညာရေးမှာလည်းကြိုးစားနေသည်။

စီးပွားရေးတွေလည်း အောင်မြင်မှုရစေရန် စွမ်းစွမ်းတမံကြိုးစားအားထုတ်ခဲ့သည်။

"ကိုကို ရှုပ်ပွေထားတာတွေ ဖြစ်မယ်၊ ဘာတွေလုပ်ထားခဲ့မှန်းမသိ၊ အခုတော့ နိုင်ငံခြားမှာ ခြေရာပျောက်နေတယ် … ကိုကိုပဲ ဖြစ်မယ်"

ဖန်နေဝန်းလိုက်တွေးမိနေသည်။

သူတို့ညီအစ်ကိုအကြောင်း ဘယ်သူမှမသိ။

ကိုကို တစ်ယောက်ပဲ မြန်မာပြည်မှာ ကျန်ရစ်နေခဲ့ပြီး သူတို့မိသားစုတွေအားလုံး နိုင်ငံခြားမှာပဲ နေထိုင်ကြတာပါ။

သားကြီး ဖန်နေသွန်းစိတ်ဖြင့် မိဘတွေက Heart Attack ဖြင့် ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြရသည်။

"MD"

"ဟင်"

"တကယ်တမ်း ပြန်စဉ်းစားကြည့်တော့လည်း ဒီအန္တရာယ်ရန်စွယ်တွေကြောင့်ပဲ လှပချောမော တောင့်ဖြောင့်နုထွတ်နေတဲ့ နုနုချွတ်ဆိုတဲ့ ကိုယ်ရံတော်မလေးနဲ့ ဆုံတွေ့ရတာလေ"

"ဟာကွာ"



www.burmeseclassic.com

www.burmeseclassic.com



ထွဋ်ခေါင်စကားကို ဖန်နေဝန်းလ် စိတ်ထဲကတော့ ထောက်ခံမိသွားသည်။

နုနုချွတ်ရောက်လာမှ ဖန်နေဝန်းလ်ရဲ့ စိတ်တွေ တက်ကြွလန်းဆန်းပြီး ဘဝကြီးက အဓိပ္ပါယ်တွေပြည့်စုံ သာယာသွားရသလိုပင် ကိုကိုဖန်သွန်းကြောင့် ဖန်နေဝန်းလ် သောကတွေ ပူလောင်ပြင်းပြမှုတွေနှင့် အမြဲတမ်းရင်ဆိုင်ကြုံတွေ့နေရတာ မဟုတ်လား။

နုနုချွတ်ကိုကြည့်ရတာ ရင်အေးတယ်။

"မိန်းကလေးတစ်ယောက်ဖြစ်ပြီး မာကျောလိုက်တာကွာ ... လျှော့တွက်ထားလို့တော့ မရဘူး ထွဋ်ခေါင်ရေ၊ ယောကျ်ားတစ်ယောက် ခန္ဓာကိုယ်ကို အသာလေးမပြီး ကိုင်ပေါက်နိုင်တယ်"

"ဧကန္တတော့ MD ကိုင်ပေါက်ခံထားရပြီထင်တယ်၊ တပည့်ကြီး ထွဋ်ခေါင်တောင် နာမည်မေးလိုက်တာ ချွတ်ဆိုလို့ တစ်ကိုယ်လုံးမှာရှိတဲ့ အဝတ်အစားတွေ ချွတ်မိတော့မလို့"

"ကိုယ်ကတော့ ဒီလောက်အထိ လှုပ်လှုပ်ရှားရှားမဖြစ်ပါဘူး၊ မိန်းမချောလေးတွေက ဘာများစိတ်ဝင်စားစရာကောင်းနေလို့လဲ"

တပည့်ရှေ့မှာ ဖန်ဝန်း အိုင်တင်အပြည့်နှင့်။

နုနုချွတ်က သူ့အတွက် စိတ်ဝင်စားစရာ မကောင်းသလိုလို။

ဖန်ဝန်းက မိန်းကလေးတွေနှင့်ပတ်သက်လာလျှင် အရှက်အကြောက်ကြီးသူပါ။





ဒါပေမဲ့လည်း နုနုချွတ်နှင့် ပတ်သက်ပြီး သူ့ရင်တွေလှုပ်ခတ်ခံစားနေရသလိုပင်။

မင်းရဲ့မာနမျက်ဝန်းတွေ ငွေကြေးချမ်းသာ ကြွယ်ဝတဲ့ယောကျ်ားတစ်ယောက်ကို မမြူဆွယ် မဖမ်းစားတဲ့ စိတ်ဓာတ်အများကြီးပဲကွာ နုနုချွတ် ... ကိုယ့်ကို ဘာအကြောင်းနဲ့မှ မိန်းကလေးတွေအပေါ် အထင်လည်းမကြီး စိတ်ဝင်စားမှုလည်းမရှိတဲ့ ယောကျ်ားတစ်ယောက် မင်းကို ချစ်မိသွားမိလာအောင်မသိတော့ဘူး။

"MD "

"ဟင်"

"MD မှာ ဘာတွေအခက်အခဲ အကြပ်အတည်း ပြဿနာတွေ ရှိနေလဲ"

"ဘာပြောတယ် ထွဋ်ခေါင် ... မရှိပါဘူး၊ အားလုံး အိုကေနေတာပဲ ဘာဖြစ်လို့လဲ"

"တစ်ချက် တစ်ချက် MD တွေတွေဝေဝေနဲ့ မျက်လုံးတွေက အလွမ်းရိပ်တွေနဲ့ ဆွေးမြေ့ကြေကွဲနေသလိုပဲ"

"ထားလိုက်ပါတော့ကွာ ... ညနေ ဧည့်ခံပွဲရှိတယ်ထွဋ်ခေါင်အရေးကြီးတယ် ... လိုလေသေးမရှိအောင် စီစဉ်ထား ... "

"စိတ်ချပါ MD၊ တပည့်ကြီးထွဋ်ခေါင် ဟာကွက်မရှိအောင်



www.burmeseclassic.com

www.burmeseclassic.com



စီစဉ်ထားပါတယ်၊ ဖိတ်သင့်တဲ့ ဧည့်သည်တွေကိုလည်း ဖိတ်ထားပြီးပါပြီ"

"အိုကေ"

ထွန်းခေါင် ပြန်ထွက်သွားမှ သူ့စိတ်တွေ မွန်းကြပ်ကြပ်ကြီး ဖြစ်နေရာကနေ ပေါ့ပါးသွားရသည်။

ထွန်းခေါင်က သူ့ကို အရိပ်လို ကြည့်နေတတ်တဲ့ တပည့်ကြီးပဲ။

နုနုချွတ်အကြောင်း စဉ်းစားမိသွားတိုင်း ဖန်ဝန်း ကြေကြေကွဲကွဲ လွမ်းလွမ်းဆွတ်ဆွတ် သူ့အခန်းရဲ့ ထောင့်တစ်ထောင့်မှာ ကိုယ်ရံတော် နုနုချွတ်က မျက်နှာထားတင်းတင်းနှင့် ထိုင်နေသည်။

"မိန်းကလေးမဆန်လိုက်တာ နုနုချွတ်၊ ဒါပေမဲ့ ယောကျာ်းတစ်ယောက်ကို ရင်ခုန်စေတဲ့ အလှတွေပိုင်ဆိုင်ထားတယ်"

စီးပွားရေးလုပ်ငန်းတွေမှာ သူ့အာရုံတွေ အပြည့်အဝနှစ်ထားလေ့ရှိတဲ့ ဖန်နေဝန်း မဆီမဆိုင် ဘာမဟုတ်တဲ့ ကောင်မလေးတစ်ယောက်အဓာကာင်းက သူ့စိတ်တွေကို လွှမ်းမိုးချုပ်ကိုင်ထားတာ မကျေမနပ်တော့ ဖြစ်ရသည်။

ကြည့်စမ်း ... နုနုချွတ်နှင့် ပတ်သက်တာတွေပဲ သူစဉ်းစားမိနေ၏။ မဖြစ်သေးပါဘူး။ ဖန်နေဝန်း စိတ်တွေကို ထိန်းချုပ်စမ်း။

နုနုချွတ်မှာ အထင်ကြီးစရာ ဘာတစ်ခုမှ မရှိဘူး ... သူ့





အကြည့်တွေကို လွှဲပစ်လိုက်သည်။

"ဒီမှာ"

"အမလေး ... ဟာ"

ဒုက္ခပါပဲ ... ယောကျာ်းရင့်မာကြီးဖြစ်ပြီး လန့်နေလိုက်တာ။

နုနုချွတ်အကြောင်း မတွေးတော့ဘူးဟု သူစဉ်းစားနေတုန်း နုနုချွတ်က သူ့အနားရောက်လာသဖြင့် အထိတ်တလန့် အော်မိသွားတာ နဲနဲတော့ မျက်နှာပူပြီး ရှက်ရသည်။

ရောက်လာတာ မြန်လိုက်တာ။

"ရှင် ... ဘာကိုကြောက်နေရတာလဲ ဦးဖန်နေဝန်း[illegible]"

"မင်းကရော ဘာဖြစ်လို့ ရုတ်တရက်ကြီး ထလာရတာလဲ နုနုချွတ်"

"ဦးဖန်နေဝန်း ကော်ဖီသောက်မလားလို့ပါ"

"မင်းပဲ အပိုအလုပ်တွေ လုပ်မပေးနိုင်ဘူးဆို"

"မမ မာဂရက်က ကျွန်မဆီ ဖုန်းဆက်ပြီး ညွှန်ကြားတယ်၊ အတွင်းရေးမှူး အလုပ်တာဝန်ပဲ ပူးတွဲလုပ်ဆောင်ပေးရမယ်တဲ့"

"Thank You မာဂရက်"

"ရှင်"

"ဪ ... ဘာမှမဟုတ်ပါဘူး ကိုယ့်လိုအပ်ချက်ကို မာဂရက် သိနေလို့ပါ ... အရင်က ကိုယ့်အတွင်းရေးမှူးမ ရှိတယ်၊



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ လက်ထပ်သွားလို့ အလုပ်ကနေထွက်သွားတယ်၊ ကိုယ်တစ်ယောက်ခန့်ဖို့ပဲ မာဂရက်ကို အကူအညီတောင်းတည်းက ကိုယ်တောင်းဆိုထားခဲ့တာပါ”

သူ ... နုနုချွတ်ကို ရှည်ရှည်ဝေးဝေး တောင်းတောင်းပန်ပန် ခခယယ ပြောပြနေမိသည်။

ဖန်နေဝန်းရဲ့ နှလုံးသားတွေက ဘယ်ကနေဘယ်လိုဖြစ်ပြီး မိန်းကလေးတစ်ယောက် ငြိငြင်မှာကို ကြောက်ရွံ့ထိတ်လန့်သွားရတာလဲ။

တကယ်တော့ နုနုချွတ်က သူ့လက်အောက်ငယ်သားပါ။

သူ့ရဲ့မာန်တွေ ဟန်တွေ ပျောက်ဆုံးသွားသည်။

“မာဂရက်ရေ အလိုက်သိလွန်းတဲ့ သူငယ်ချင်း ... အရမ်းကျေးဇူးတင်တယ်”

သူ့စိတ်ထဲကနေ ပြောပစ်နေသည်။

နုနုချွတ်က ကော်ဖီဖျော်နေ၏။

သူမ ခေါင်းဆောင်က ညွှန်ကြားလို့တဲ့။

တာဝန်အရပဲ ထမ်းဆောင်တတ်တဲ့ မိန်းကလေး ဘာတစ်ခုမှ အထင်ကြီးစရာမရှိဘဲနှင့် နုနုချွတ်အား ဖန်နေဝန်း အထင်ကြီးနေရသည်။

သူ့ကို နောက်ကျောပေး၍ရပ်နေသော နုနုချွတ်။





မယ်စကြာဝဠာ ကိုယ်ဟန်ပြနေပါလား။

ဖန်နေဝန်းကြည့်မိပြီးမှ ကယောင်ကတမ်းနှင့် မတ်တတ်ထရပ်မိနေ၏။

သူမက ပြန်လှည့်လာသည်။

“ဦးဖန်နေဝန်း ဘယ်သွားမလို့လဲ ... စောစောက ကော်ဖီသောက်မယ်ဆို ... သွားစရာအကြောင်း ပေါ်လာလို့လားဟင်”

“မဟုတ်ပါဘူး ... ဪ ဟုတ်တယ် ... ကိုယ် အရေးတကြီးကိစ္စ သတိရသွားလို့ ကော်ဖီမသောက်တော့ပါဘူး၊ သွားမယ် ဆောရီး ... ”

သူ မတ်တတ်ကြီးထရပ်ပြီးမှ ပြန်ထိုင်လို့လည်း မကောင်းတော့ဘူး။

မင်းရှေ့မှာမနေတာ အကောင်းဆုံးပဲ။

ဖန်နေဝန်း မျက်နှာတည်တည်နှင့် နုနုချွတ်ရှေ့မှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၄ )

"ကိုကိုသွန်း ... လုပ်သွားတဲ့အလုပ်တွေက မဟုတ်ဘူးဗျာ ဖန်ဝန်းက ဘယ်လောက်အထိ ပြဿနာတွေတက်ပြီး အန္တရာယ်တွေများလဲ"

"ဟား ... ဟား ... ဟား ... "

"ကိုကို ဘာရယ်နေတာလဲ ဖန်သွန်း ... မင်းနဲ့ ငါးမိနစ်လောက်ပဲခြားတာနော် ... ရယ်မနေနဲ့"

ဖန်ဝန်း ဒေါသထွက်လာသဖြင့် အရိုအသေတွေပေးမနေနဲ့တော့ ထုံးစံအတိုင်း ဖန်သွန်းဟုခေါ်ပစ်လိုက်သည်။

ဖန်ဝန်းက နာမည်အလွဲသုံးစားလုပ်ပြီး ဖန်သွန်း ပြဿနာတွေ ရှာထားခဲ့၏။

ပြီးတော့ နိုင်ငံခြားကို ထွက်သွားသည်။

"ဖန်ဝန်းရာ ... မင်းကလဲ ဒါ ... ကိုသွန်း အကျင့်စရိုက်ပဲလေ၊ ဖန်နေသွန်း နာမည်က ပျက်လွန်းလို့ စိတ်ပြတ်သတ်သွားလို့ မင်းနာမည်သုံးတာကွ"

"ကိုသွန်း"

"အရမ်းမအော်စမ်းပါနဲ့ကွ၊ ဒီလောက်အဝေးကြီးတောင် နားကွဲလို့ သေလိမ့်မယ်"

"နောက်ထပ် ... ဖန်ဝန်း နာမည်ကိုထပ်မသုံးဖို့ တောင်းပန်ပါတယ် ကိုသွန်းရာ ... တကယ်ပါပဲ၊ ဖန်ဝန်းကို သတ်မယ်၊ ရိုက်မယ်၊ နှက်မယ်ဆိုတာက တစ်မျိုး၊ ပြီးတော့ ... နုနုထွတ်ဆိုတဲ့ မိန်းကလေးပဲ ကိုသွန်းကြောင့် ကိုယ်ဝန်ရတာ ဘာဖြစ်လို့ ရှောင်ထွက်သွားရတာလဲ"

"နုနုထွတ်အတွက်တော့ စိတ်မကောင်းဘူးကွာ၊ ကိုသွန်း မသိဘဲ ထွက်သွားမိတာပါ ... မင်းကရော ဘာလို့ငြင်းလဲ"

"ဖန်ဝန်းမှ မဟုတ်တာဘဲ ရက်ရက်နဲ့ငြင်းပစ်လိုက်တာ၊ အခုတော့ ... ဆုံးသွားပြီတဲ့ သတင်းကြားတယ် ... ကိုယ်ဝန်ပျက်ကျသွားတာတဲ့"

ကိုသွန်း ရှုပ်ပွေထားခဲ့တဲ့ နုနုထွတ်ဆိုတာကို ဖန်ဝန်း လူချင်းပင်မတွေ့ခဲ့။

ကိုယ်ဝန်ကို ဖန်နေဝန်းနှင့်ရခဲ့တာပါဟု စွပ်စွဲပြောဆိုနေသဖြင့် သူ့ရုက်ဒေါသတွေနှင့် လူချင်းပင်မတွေ့တော့ဘဲ ခါးခါး သည်း



www.burmeseclassic.com

www.burmeseclassic.com



သည်း ငြင်းဆန်ပစ်မိလိုက်သည်။

"ကဲပါကွာ ... အတိတ်ကကိစ္စတွေ ထားလိုက်ပါတော့၊ နောက်ထပ် ကိုသွန်း ကတိပေးပါတယ်၊ ဘယ်တော့မှ မင်းနာမည်ကို အလွဲသုံးစားမလုပ်တော့ပါဘူး ဟုတ်ပြီလား ..."

"နောက်ထပ် ကျူးလွန်ရင်လည်း ကိုသွန်းကို ခွင့်လွှတ်မှာမဟုတ်တော့ဘူးနော် ... တကယ်တော့ ညီအစ်ကိုတွေထဲမှာတောင် အမွှာညီအစ်ကိုပါ၊ ရက်စက်တယ်ဗျာ ... လုံးဝမလုပ်သင့်တာပါ ... ကိုသွန်း အတွက်ကြီးလွန်းတယ် တစ်ကိုယ်ကောင်း ဆန်လွန်းတယ် ..."

ကိုသွန်း ရယ်နေသည်။

သူနှင့်ရုပ်ခြင်း ခွဲမရအောင်တူနေတော့ ကိုသွန်း ဆိုးသွမ်းပေတေထားခဲ့သမျှ သူ့နာမည်ပါရော၍ ပျက်ရသည်။

နုနုချွတ် ... မင်းကရော နုနုထွတ်နဲ့ ပတ်သက်နေလား နုနုထွတ်ကို ဖန်ဝန်း မမြင်ဘူးလိုက်။

မေ့လျော့နေတာတောင် ကြာပါပြီ။

"နုနုချွတ်က တောနယ်လေးတစ်ခုက တက်လာတာပါ၊ တကယ့်ကို ရိုးသားတယ်၊ သူ့အဖိုးက သိုင်းဆရာကြီးတဲ့ ... အဖေကလဲ ကိုယ်ခံပညာတွေ တတ်ကျွမ်းပြီး သင်တန်းဆရာကြီးတဲ့၊ တစ်ဦးတည်းသော သမီး"





မာဂရက်က ထောက်ခံထားသည်။

သူမ အေးဂျင့်မှာ အတော်ဆုံး အထက်ဆုံး မာနအကြီးဆုံး အရိုးသားဆုံးတဲ့။

"ဟော့ ... ဖန်ဝန်း၊ ငြိမ်သွားလိုက်တာ ဘာတွေစဉ်းစားနေတာလဲကွ ... မင်းမှာ ရန်သူတွေဝိုင်းနေပါပြီ၊ ခြိမ်းခြောက်တဲ့သူတွေအများကြီးပဲ ... အစွပ်စွဲခံရတာတွေ ကိုသွန်းကြောင့်လို့တွေးပြီး ဒေါသတွေ ပေါက်ကွဲနေတာလား"

"ကိုသွန်း"

"ပြော"

"ကိုသွန်းနဲ့ပတ်သက်ခဲ့တဲ့ နုနုထွတ်က ဘယ်မှာနေတာလဲ မိဘတွေက ဘာအလုပ်အကိုင်တွေ လုပ်လဲ"

"ဘာဖြစ်လို့လဲကွ"

"ပြောစမ်းပါ"

"ကိုသွန်း သိရသလောက်တော့ နုနုထွတ်က ရန်ကုန်သူပဲ မိဘတွေက ဝန်ထမ်းတွေ"

"ကိုယ်ခံပညာတွေ ဘာတွေ သင်တန်းဖွင့်သေးလား"

"ဟာကွာ ... မကြားမိဘူး၊ ဘာကိုယ်ခံပညာသင်တန်းလဲ ဖန်ဝန်း ... မင်းကယောင်ကတမ်းတွေ ပြောနေပြီထင်တယ်၊ မင်းကို ခြိမ်းခြောက်နေလို့လား၊ နုနုထွတ်ပြောတာတော့ သူက တစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



တည်းသောသမီးတဲ့၊ ကိုသွန်းသိသလောက် ရိုးရိုးဝန်ထမ်းတွေပဲ၊ ရန်ကုန်မှာနေကြတာ သေချာတယ်”

“ဟူး”

“ဟော့ ... ”

“တော်ပါပြီဗျာ ထားလိုက်ပါတော့ ... ဖန်ဝန်း နာမည်သုံးပြီး နောက်ထပ်မဟုတ်တာတွေ မလုပ်ဖို့ဘဲ အရေးကြီးပါတယ်၊ ညီအစ်ကိုခြင်း ညှာတာထောက်ထားသင့်ပါတယ် ကိုသွန်းရာ”

“ဟား ... ဟား ... ဟား ... ”

“ကိုသွန်း ... မင်း ... မင်း တောက် ... ”

ကိုသွန်း ဖုန်းပိတ်ပစ်သည်။

သူ ဘာမှမတတ်နိုင်။

မိဘတွေ ချန်ထားရစ်ခဲ့တဲ့ အမွေအနှစ်တွေကို သုံးဖြုန်း သောက်စား လောင်းကစားနှင့်။

ဖန်ဝန်းနှင့်အမွှာညီအစ်ကိုဆိုပေမယ့် အကျင့်စရိုက်က ဆန့်ကျင်ဘက်။

လုံးဝကွဲပြားခြားနားတာပါ။

သူ စိတ်အေးသွားရတာက နုနုထွတ်နှင့် နုနုချွတ် နာမည်ခြင်း ဆင်တူနေပေမယ့် မပတ်သက်ကြတာ သိလိုက်ရ၍ စိတ်တော့ အေးသွားရသည်။





ဝန်း ခန္ဓာကိုယ်ကြီး အလဲလဲအပြိုပြို ဖြစ်သွားရင်း ယိမ်းယိမ်းယိုင်ယိုင်နှင့် Car Dashboard နှင့် မျက်နှာယိုင်ပြီး ရိုက်မိသွားသည်။

“အား ... ကျွတ် ... ကျွတ် မင်း ဘယ်လိုလုပ်လိုက်တာလဲ နုနုချွတ် ... အား သေပြီ”

“ဆောရီး ဦးဖန်နေဝန်း ဒီနေရာကနေ အမြန်ဆုံးထွက်သွားနိုင်ဖို့ ကြိုးစားတာပါ ... ”

“မင်းကွာ ... ”

သူမကားကို ဒလကြမ်းမောင်းလာပြီး လမ်းဘေးတစ်နေရာမှာ ထိုးရပ်ပစ်သည်။

“ဆောရီး ဦးဖန်နေဝန်း ကျွန်မကားမောင်းကြမ်းတယ်၊ သတိလက်လွတ်ဖြစ်သွားလို့ပါ ... ဘာဖြစ်သွားသေးလဲဟင်”

“မျက်နှာလေကွာ ... မင်းကားမောင်းတာတော့ ညံ့တယ်”

“တောင်းပန်ပါတယ်၊ ကျွန်မ ဘေးနားမှာ ဦးဖန်နေဝန်းရှိနေတာသတိမေ့သွားတယ်၊ ဆေးခန်းသွားဖို့ လိုအပ်လား”

“မလိုပါဘူး ... ကိုယ့်အမှားလည်းပါပါတယ်၊ မင်းကို အမြန်မောင်းခိုင်းမိတာကိုး ရတယ် ... ”

“ဟုတ်ကဲ့”

အရေးထဲ သော်ကဖုန်းဝင်လာသဖြင့် သူပိတ်ပစ်လိုက်သည်။

“ဦးသော်က ဖုန်းလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘာ ... မင်းက သူ့ဖုန်းကို မျှော်လင့်နေတာလားကွ"

"မမျှော်လင့်ပါဘူး၊ ဖုန်းနံပါတ် တွေ့လိုက်လို့"

"ဘာ"

"ရှင်"

"မင်းတော်တော်လေး မှတ်ဉာဏ်ကောင်းပါလား ... နုနုချွတ်"

"ကျွန်မရဲ့ ကျွမ်းကျင်မှုပဲ"

နုနုချွတ် မင်းမှာကိုယ်အထင်ကြီးစရာတွေ အများကြီးရှိနေတယ်။

ကိုယ် ဂုဏ်သိက္ခာကြီးမားစွာနဲ့ နေထိုင်လာခဲ့တာ မင်းရှေ့ရောက်ရင် တကယ့်ကို ကယောင်ခြောက်ခြားဖြစ်ဖြစ်နေရတယ်။

တစ်ခါတရံ သူ့ဘာဝကိုသူကိုယ်တိုင် စိတ်ပျက်နာကြည်းနေရသည်။

ကိုသွန်းကြောင့်ပါ ...

နုနုချွတ် ရောက်လာမှ အင်အားတွေ ပြည့်လာရသည်။

"ဦးဖန်နေဝန်း ကားဆက်မောင်းလို့ ရပြီလား"

"နုနုချွတ်"

"ပြောပါ"

"ကိုယ်ခေါင်းတွေ ရီတီတီဖြစ်နေလို့ လေညှင်းခံရင် ကောင်း





မယ်ထင်တယ်"

"ဦးဖန်နေဝန်းကို အိမ်ပဲပြန်ပို့ပေးပါ့မယ်၊ ကျွန်မတာဝန်အရပဲ လုပ်ဆောင်ပေးနိုင်ပါမယ်"

သူမ ကားစက်ကို နှိုးသည်။

ဦးဖန်နေဝန်းကတော့ မာယာထောင်ခြောက်တွေ ဆင်လာပြီ။

နည်းပရိယာယ် ကြွယ်ဝလွန်း၏။

နုနုချွတ်ကို ဒီလိုလုပ်လို့ ဘယ်ရမလဲ ဦးဖန်နေဝန်း။

"နုနုချွတ်"

"ပြောပါ"

"မင်းတာဝန်က ကိုယ်သွားတဲ့နေရာတွေလိုက်ပေးရမှာ မဟုတ်ဘူးလား"

"အချိန်ကစကားပြောပါတယ် ဦးဖန်နေဝန်း ... အဓိပ္ပါယ်လည်းမရှိပါဘူး၊ အန္တရာယ်လည်း များပါတယ်လေ ပြန်ကြရအောင်"

"မင်းပြန်ချင်ပြန်ပါ ... မင်းက သတ္တိရှိတဲ့မိန်းကလေးပဲ ဘာမှ စိတ်ပူစရာမရှိပါဘူး ... အငှားကားနဲ့ပဲပြန် ... "

"ကောင်းပါပြီ ဒီမှာသော့ပါ"

"အိုကေ"

နုနုချွတ် ချာခနဲ လှည့်၍ ပြန်ထွက်သွားပြီး အငှားကားကို



www.burmeseclassic.com

www.burmeseclassic.com



တားကာ သူမြင်ကွင်းမှ ပျောက်သွားသည်။

"ရက်စက်လိုက်တဲ့ နုနုချွတ် ... အကျောကလည်း မာလိုက်တာ၊ နည်းနည်းလေးမှတောင် အားနာပါးနာမရှိဘူး ... စိတ်ဝင်စားစရာ လုံးဝမကောင်းတဲ့မိန်းမ ... တာဝန် ... တာဝန်နဲ့ မင်းကိုလဲ ပစ်မယ်"

စိမ်းစိမ်းကားကားကြီး ကျောခိုင်းထွက်ခွာသွားတဲ့ နုနုချွတ်ကြောင့် ဖန်ဝန်းတစ်ယောက် တစ်ကြိမ်တစ်ခါမျှပင် မခံစားရဘူးတဲ့ နာကျင်စူးနင့်နင့်ဝေဒနာတစ်ခုက မခံမရပ်နိုင်အောင် ခံစားနေရသည်။

နုနုချွတ် ...

မင်း မာနတွေ သိပ်ပြမနေနဲ့ ရက်စက်မှုအပေါင်း သရဖူဆောင်းတဲ့ မိန်းမ။

ဒေါသတွေပေါက်ကွဲပြီး လမ်းဘေးမှာ ငုတ်တုတ် ထိုင်နေမိသည်။





အခန်း ( ၆ )

နုနုချွတ် မှားသွားပြီလား။

ဦးဖန်နေဝန်းအပေါ် တာဝန်မဲ့ရာ ရောက်များနေလားပဲ။

ပြန်သွားလိုက်ရင် ကောင်းမလားဟု အတွေး ဝင်လာရာ သူမ ဒေါသတကြီး ဖယ်ရှားပစ်သည်။

"နေပါစေ အလကားလူ ... ဘာအန္တရာယ်မှမရှိဘဲ သက်သက်အသားယူပြီး မိန်းကလေးတစ်ယောက်ကို အနားခေါ်ထားတာ၊ ထိကပါး ရိကပါးနဲ့ ညှော်ခံပွဲမှာ ဘာအကြောင်းပြချက်မှမရှိဘဲ နောက်ကျမှသွားသလို ပြန်တော့လည်း အားလုံးကိုထားခဲ့ပြီး ထပြန်တယ်၊ ကျွန်မကို အီစီကလီရိုက်ချင်လို့ မဟုတ်လား"

နုနုချွတ် ခြေလှမ်းတွေ နှေးကွေးနေသလိုပင်။

လူယုတ်မာကြီး ဦးဖန်နေဝန်းအနား သူမရောက်လာတာ မမထွတ်အတွက် လက်တုန့်ပြန်ဖို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



နင့်နှလုံးသားတွေ နူးညံ့မနေစမ်းနဲ့ နုနုချတ်။

ညအမှောင်ကြီးထဲမှာလည်း ဦးဖန်နေဝန်းလို လူတစ်ယောက်က ဘယ်အချိန်အထိ နေမလဲ။

ဦးဖန်နေဝန်းကို ဝိုင်းရိုက်ပစ်လိုက်လဲ ကောင်းတယ်။

သူမ အခန်းဆီ ရောက်လာသည်။

"ဟော့ ... နုနုချတ် မင်းတော်တော် ရက်စက်တာပဲ"

သူမ နှုတ်ခမ်းသားလေးတွေ လှပတွန့်ကွေးစွာ ပြုံးပစ်သည်။

ရှင့်ကို ဒီထက်အဆပေါင်းများစွာ နာကျင်စေအောင် ဆက်လုပ်ပြမယ်။

အခန်းထဲသို့ဝင်လိုက်၏။

အဝတ်အစားပင် မလဲနိုင်။

အိပ်ရာပေါ် ပစ်လှဲချသည်။

"ဦးဖန်နေဝန်းအပေါ် ငါတာဝန်မဲ့ရာ ရောက်နေပြီလား"

ထိုအတွေးကို ချတ်အမုန်းဆုံးပင် မကြိုက်ပါဘူးဆိုမှ ဘာဖြစ်လို့ ဝင်ဝင်လာရမှန်းမသိ။

"အဲဒီလူက ကိုယ်ဝန်ကို သူနဲ့မပတ်သက်ဘူးလို့ပြောတယ်ဟုတ်လား ... မမထွတ် ... တော်တော်တာဝန်မဲ့တာပဲ"

နုနုချတ် အိပ်နေရာမှ ဆတ်ခနဲထထိုင်သည်။

ရင်တွေ ပူလောင်လာ၍ ရေခဲသေတ္တာထဲမှရေကိုယူပြီး သောက်ရ၏။

မျက်ဝန်းတွေက မာထန်နေသည်။

"နုနုချတ် ... လက်စားချေပေးမယ် မမထွတ်၊ ဦးဖန်နေဝန်းဆိုတဲ့လူ နောင်တကြီးကြီးရသွားစေရမယ်"

သူမ ရေချိုးခန်းထဲသို့ဝင်လာခဲ့သည်။

ရေစိမ်ပစ်လို့နေ၏။

ပူပူလောင်လောင် စိတ်ကြီးကြောင့် အေးချမ်းမှုကိုရှာမရ၊

သူမ ဟန်းဖုန်းက လက်ထဲမှာကိုင်လျက်ပါလာ၍ ဦးဖန်နေဝန်းထံမှ ဖုန်းကို သူမ မျှော်လင့်နေလားပဲ။

တာဝန်ရှိနေသည်ဟု ထင်ဆဲပင်။

ဖုန်းကို ထမင်းစားစားပွဲပေါ် ပစ်တင်ကာ ရေပန်းအောက်သို့တိုးဝင်သည်။

"သော်ကလိုကောင်က မင်းအနားမှာ အရေးတယူလုပ်နေလို့ မင်းအရမ်းပျော်နေပုံပဲ နုနုချတ် ... အင်းလေ မင်းတို့ မိန်းကလေးတွေ မက်မောလောက်တဲ့ စည်းစိမ်ဥစ္စာတွေရှိနေတာကိုး"

"ဦးဖန်နေဝန်း စကားကို ဆင်ခြင်ပြောပါ၊ ကျွန်မ တာဝန်အရလုပ်ဆောင်နေတာရှင့်"

မမမာဂရက်က ပြောတော့ ... ကိုဖန်နေဝန်းက မိန်းကလေးတွေနှင့်ကင်းကင်းရှင်းရှင်းနေတာတဲ့။ လူရိုးလူအေးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ ဘယ်လိုအန္တရာယ်တွေ ဝိုင်းနေမှန်း စဉ်းစားမရဘူးတဲ့။

ဦးဖန်နေဝန်းရဲ့ မာယာကွန်ယက်တွေကို မမမာဂရက် သိမှ မသိတာ။

ရေစိမ်ပြီးမှ သူမအိပ်ခန်းထဲ ပြန်ဝင်လာခဲ့သည်။

"ဦးဖန်နေဝန်းအနား ရောက်ဖို့ နင်ဘယ်လောက်အထိ အချိန်တွေပေးခဲ့ရလဲ … ကြိုးစားအားထုတ်ခဲ့ရလဲ၊ လုံးဝ မပျော့ညံ့နဲ့"

သူမစိတ်တွေ တည်ငြိမ်စေရန် ကြမ်းပြင်ပေါ်မှာထိုင်၍ စိတ်ကို စုစည်းသည်။

မမထွတ်က နူးညံ့သိမ်မွေ့သူ။

ဦးဖန်နေဝန်းရဲ့ စည်းရုံးသိမ်းသွင်းခြင်းကို အလွယ်တကူ ခံလိုက်ရ၏။

မထူးဆန်းပါဘူး။

"ချွတ်နော် … မမကိစ္စ ဝင်မပါပါနဲ့၊ နင်တစ်ခုခုဖြစ်သွားမှာ စိုးရိမ်တယ်၊ မမဘဝနဲ့ မမပါဟာ၊ နင့်ဘဝအတွက် အပြစ်ဆိုလို့ မြူ မှုန်လေးတစ်မှုန်လောက်တောင် စွန်းထင်းမနေအောင် ကြိုးစား တည်ဆောက်စမ်းပါ၊ အရာရာ မမထွတ် မိုက်မဲခဲ့တာပါဟယ်"

မမထွတ်က အမြဲတမ်း ခွင့်လွှတ်နေနိုင်တဲ့သူ။

နုနုချွတ်ကတော့ မရဘူး။





ရက်စက်ယုတ်မာမှု သရဖူဆောင်းနေတဲ့ ဦးဖန်နေဝန်းကို နှိပ်ကွပ်ပစ်ရမယ်။

ပညာပေးရမယ်လေ။

သူမ အိပ်တော့မယ်။

လုံခြုံစိတ်ချရတဲ့ အဲကွန်းခန်းထဲမှာ ဇိမ်ရှိရှိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပစ်ရမယ်။

မျက်ခွံတွေထိကပ်လိုက်တော့ ဦးဖန်နေဝန်းရဲ့ ပုံရိပ်တွေက ပြေးဝင်လာသည်။

သူမ ထထိုင်မိပြန်၏။

စားပွဲပေါ်မှာ တင်ထားတဲ့ ဖုန်းလေးဆီ သူမအကြည့်တွေ ဆတ်ခနဲ ရောက်သွားသည်။

"ဦးဖန်နေဝန်း ပြန်သွားလောက်ပါပြီ၊ ဒါကြောင့် ဖုန်းမဆက်တာဘဲ ဖြစ်မယ်"

နုနုချွတ် … နင်ဘာဖြစ်လို့ ပျော့ညံ့ချင်နေရတာလဲ။

လူယုတ်မာကြီးတစ်ယောက်အပေါ် တာဝန်တွေ ဘာတွေ သိတတ်စရာ မလိုဘူး။

သူမစိတ်တွေကို စုစည်း၍ အိပ်ပစ်လိုက်သည်။

အိပ်ပျော်ခါနီးမှ မထင်မှတ်ဘဲ သူမ ဟန်းဖုန်းလေးမှ အသံ မြည်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖန်နေဝန်း ဘာဖြစ်ပြီလဲ"

သူမ အလျင်အမြန်ယူ၍ ဖွင့်နားထောင်မိသည်။

"ဟဲလို ချွတ်ပါ ... ဦးဖန်နေဝန်းလားဟင်၊ ဘယ်ကနေဆက်နေတာလဲ"

"နုနုချွတ် ဘာတွေ ကယောင်ကတမ်းပြောနေတာလဲ၊ ကိုယ်ပါ ထွဋ်ခေါင် ... "

"ရှင်"

"အမ်ဒီ ပြန်မရောက်သေးဘူး၊ မင်းနဲ့အတူတူထွက်သွားတာပဲ ... အမ်ဒီ ဘယ်မှာကျန်ခဲ့လဲ၊ အိမ်ကို ပြန်မရောက်သေးဘူး နုနုချွတ်"

"ဟင်"

အရေးထဲ နုနုချွတ် အလောတကြီးနှင့် အမှားမှားအယွင်းယွင်းဖြစ်ရသည်။

မျက်နှာတောင်ပူတယ်။

ဦးဖန်နေဝန်း ခုထိ မပြန်သေးဘူးထင်တယ်။

သေများသွားပြီလား။

စိတ်ပူသွားရသည်။

"နုနုချွတ်"

"ဟင်"





"မင်းကိုမေးနေတယ်လေ၊ အမ်ဒီ ဘယ်မှာလဲ ... မင်းကရော ဘယ်မှာလဲ နုနုချွတ် ... အမ်ဒီက မင်းနဲ့အတူတူပြန်သွားတာပဲ"

"ကျွန်မကို ပြန်လွှတ်လိုက်တာပါ၊ ဦးဖန်နေဝန်း ဘယ်ဆက်သွားလည်းမသိဘူး ... ဖုန်းအဆက်အသွယ်ရော မရဘူးလား"

"မရဘူး ... ဖုန်းပိတ်ထားတယ်၊ ဘယ်လိုလုပ်ကြမလဲ နုနုချွတ် ... အမ်ဒီမှာ အန္တရာယ်တွေက ဝိုင်းနေတာ၊ ဟိုတလောကလဲ အတိုက်ခိုက်ခံရတယ်"

ရှင်တို့ အမ်ဒီ ယုတ်မာကောက်ကျစ်မှုတွေကြောင့်လေ။

ဦးဖန်နေဝန်းလိုလူမျိုး အန္တရာယ်ဝိုင်းတာဆန်းလား။

ကျွန်မကိုယ်တိုင်က သူ့ကို သတ်ပစ်ချင်နေတာ။

"ရှင်သွားရှာလိုက်ပါ ... သူကန်တော်ကြီးမှာ လေညှင်းခံချင်တယ်လို့ပြောတယ်"

"မင်းလည်း လိုက်ခဲ့လေ နုနုချွတ် ... မင်းက အမ်ဒီရဲ့ကိုယ်ရံတော်ပဲ မင်းစောင့်ရှောက်ရမှာပေါ့"

"ဒါဆိုလည်း ကျွန်မကို ဝင်ခေါ်ပါ ... သိပ်တော့စိတ်မပူပါနဲ့ ကိုထွဋ်ခေါင် ... ဘာမှမဖြစ်နိုင်ပါဘူး"

ရှင်တို့ အမ်ဒီက လူလည်ကြီးပါဟု ပြောပစ်ချင်သည်။

မခုတ်တတ်တဲ့ကြောင် ရှိလို့လား။

နုနုချွတ် နာနာကြင်ကြင်တွေးရင်း အဝတ်အစားလဲ၍



www.burmeseclassic.com

www.burmeseclassic.com



ထွက်လာခဲ့သည်။

အောက်မှာ ကိုထွန်းခေါင်ကားလေးက စောင့်နေ၏။

သူမ ကားရှေ့ခန်းထဲ ဝင်ထိုင်သည်။

"နုနုချွတ်"

"ကျွန်မ မောင်းမယ်"

ဆောင်းညဖြစ်၍ အေးစိမ့်နေသည်။

ဦးဖန်နေဝန်း သွေးတွေ ခဲနေပြီလား။

ရှင်ကြီးကို အသေသတ်ပစ်ချင်လို့ ချောင်းနေကြတဲ့ လူတွေက အများကြီးပဲ။

သူမ ထားရစ်ခဲ့တဲ့ နေရာကိုရောက်တော့ သူ့ကားကို တွေ့သည်။

"ဟိုမှာ အမ်ဒီကား ... အမ်ဒီရော"

သူမ ကားလေးအနား ရောက်သွားပြီး ထိုးရပ်လိုက်၍ ကိုထွန်းခေါင်က ပြေးဆင်းသွားသည်။

နုနုချွတ်လည်း နောက်မှဆင်း၍ ကြည့်လိုက်၏။

ဦးဖန်နေဝန်း မျက်ခင်းပေါ်မှာ ပက်လက်အနေအထားနှင့် အိပ်နေသည်။

"အမ်ဒီ ... ဒုက္ခပါပဲ၊ အမ်ဒီ ... "

"နုနုချွတ် လုပ်ပါဦး ... အမ်ဒီ ဘာဖြစ်တာလဲ၊ အန္တရာယ်ကြီး





ကြီးမားမားနဲ့ ရင်ဆိုင်လိုက်ရပြီထင်တယ် လုပ်ပါဦး ... အမ်ဒီ"

"သူအိပ်နေတာပါ၊ အရက်တွေသောက်ထားတာပဲ ဒီမှာ ပုလင်း ... ရှင်ကပဲအစိုးရိမ်လွန်နေပြီထင်တယ်"

"အမ်ဒီ ဘယ်တုန်းကမှ အရက်မသောက်ဖူးဘူး၊ ဘီယာတောင် မသောက်တတ်ဘူး၊ အရက်တွေသောက်တယ် ... ဘယ်သူ အတင်းလာတိုက်တာလည်းမသိဘူး၊ ဒါလုပ်ကြံမှုပဲ နုနုချွတ်၊ ရဲကို အကြောင်းကြား ... "

"ကိုထွန်းခေါင် ဘာလုပ်ကြံမှုလဲ ရှင့်အမ်ဒီက လူကြီးလူကောင်းတစ်ယောက်နော် ... ဘာမဟုတ်တဲ့ကိစ္စလေးနဲ့ ရဲစခန်းကို ရောက်အောင်လုပ်မလို့လား ... ရှင့်အမ်ဒီ အရက်မူးလွန်နေတာ ဘယ်လိုလုပ်ငန်းရှင်ကြီးလည်း မသိပါဘူး"

"အမ်ဒီ ... ဘယ်လိုဖြစ်ရတာလဲဗျာ၊ အရက်ဘယ်တုန်းက သောက်ဖူးလို့လဲ၊ ညစာခံပွဲမှာတောင် အချိုရည်ပဲသောက်တာ"

"သူ့ကို ရှင့်ကားပေါ်ပွေ့တင်ခေါ်လေ ... ကလေးမဟုတ် သူငယ်မဟုတ် အဓိပ္ပာယ်မရှိလိုက်တာ"

သူမကားပေါ် ပြန်တက်လိုက်သည်။

ဦးဖန်နေဝန်းရဲ့ကားကို သူမမောင်းပြီး ပြန်ပို့ပေးရမည် ဖြစ်သည်။

ဒီလူ ဘာသဘောလဲ အရက်ကရော ဘယ်ကရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



ကိုထွဋ်ခေါင်က ဦးဖန်နေဝန်းရဲ့ ခန္ဓာကိုယ်ကြီးအား သယ်ပို့ပြီး ကားပေါ်တင်နေ၏။

ဦးဖန်နေဝန်း ဘယ်လောက်များ သောက်ထားမှန်းမသိ အသိကင်းမဲ့နေသည်။

"နုနုချွတ် ... သေသေချာချာကြည့်ပါဦး၊ အမ်ဒီ သတိမရပါလား"

"ကိုထွဋ်ခေါင်"

"ဗျာ"

"ရှင့် အမ်ဒီကို ထမ်းရတာတောင့်နေလား ... ပျော့နေလား"

"ပျော့ခွေနေပါတယ်"

"မသေသေးဘူး ... ကဲ ... သွားကြမယ်၊ အချိန်မရှိတော့ဘူး"

သူမကားကို မောင်းထွက်လာခဲ့သည်။

ဦးဖန်နေဝန်း စရိုက်က တစ်ခါတရံ ပျော့ညံ့လွန်း၏။

ဟန်ဆောင်နေတာလား။

ဦးဖန် နေဝန်းက မှင်သေသေနှင့် ဝိဝိရိရိ ဖုံးဖိတတ်သူပါ။

ဦးဖန်နေဝန်းရဲ့ အကျင့်စရိုက်တွေကို နုနုချွတ် သိပြီးသား။

ကားတွေက ဦးဖန်နေဝန်း နေထိုင်တဲ့ခြံဝင်းကြီးထဲ ဝင်လာသည်။ ကျယ်ဝန်းလွန်းပြီး ခမ်းနား လှပလွန်းတဲ့ ခြံကြီး နန်းတော်ကြီး





လားထင်မှတ်ရလောက်အောင် တိုက်ကြီးတစ်လုံး၊ ရေကူးကန်၊ တင်းနစ်ကွင်း ချမ်းသာကြွယ်ဝမှုကတော့ အံ့မခန်းဘဲ။

သူမ ကားပေါ်မှ ဆင်းသည်။

"ကိုဖန်နေဝန်းတို့က အရမ်းချမ်းသာတယ်ချွတ် ... မမမှားခဲ့တာပါ၊ ဘယ်သူ့ကိုမှ အပြစ်မတင်ပါနဲ့၊ ကိုယ်နဲ့တန်ရာ တန်ရာကို မမှန်းတာ မမညံ့ဖျင်းတာလေ"

ဦးဖန်နေဝန်း ရှင်ကြီးနဲ့ဂုဏ်ဒြပ်မတူတဲ့ မိန်းကလေးဆိုတာ ရှင်ကြီးသိသိကြီးနဲ့ ခြေတော်တင်ပစ်ခဲ့တာ။

သူမ အော်ပစ်ချင်သည်။

"ထွဋ်ခေါင် ပြန်တော့မယ်၊ ကျွန်မ တာဝန်ကျေပြီထင်တယ်"

"နုနုချွတ် ... ခဏလောက်နေပေးပါဦး၊ အမ်ဒီ သတိမရသေးတာ ကျွန်တော်တစ်ယောက်ထဲ"

"ကျွန်မ အနားယူချိန်ပဲ ရှင်တို့ အမ်ဒီ ဘာမှမဖြစ်ပါဘူး ... တစ်ခုခုဖြစ်ရင် ဆေးရုံကြီးတွေကို ဖုန်းဆက်လိုက်ပေါ့"

"ကောင်းပါပြီလေ ... အရေးပေါ် ဖုန်းဖွင့်ထားပေးပါ"

"ကောင်းပါပြီ"

သူမ ပြန်ထွက်လာခဲ့သည်။

ဦးဖန်နေဝန်းရဲ့ ခြံကြီးထဲမှာ နုနုချွတ်ဆက်မနေချင်တော့။

ဦးဖန်နေဝန်းကို သတ်မိတော့မယ်။



www.burmeseclassic.com

www.burmeseclassic.com



ရှင်ကြီးအလွယ်တကူနဲ့ သေလို့မရဘူး။

နာကျင်မှုတွေ အပြင်းပြဆုံး ခံစားစေရမယ်။

ကျွန်မလက်နဲ့ပဲ သေစေရမယ်။

တဖြည်းဖြည်းညှင်း ပန်းနှိပ်စက်ခံရပြီးတော့လေ ... ။

သူမ အခန်းပြန်ရောက်တော့ သူမ စိတ်တွေ မထင်မှတ်ဘဲ ပေါ့ပါးသွက်လက်အေးချမ်းနေသလိုပင် အိပ်ရာပေါ် ပစ်လှဲအိပ်ပစ်သည်။

"အား ... ဦးဖန်နေဝန်းကို စိတ်ဒုက္ခရောက်အောင်လုပ်ရတာက စိတ်ချမ်းသာလိုက်တာ၊ ကျွန်မအစ်မကို ရှင်ဥပက္ခာပြုခဲ့တဲ့ကိစ္စအတွက် ရှင်အကောင်းဆုံးတာဝန်ယူပေးရမယ်"

သူမစိတ်တွေ ပေါ့ပါးပျော်ရွှင်နေခဲ့တာ ဦးဖန်နေဝန်း တစ်စုံတရာ အန္တရာယ်မရှိဘဲ အိမ်ပြန်ရောက်သွားလို့လား။

စောစောကတော့ ရင်တွေလေးလိုက်တာ ပူလောင်နေတာပဲ။

ညည်းစိတ်တွေ မပျော့ညံ့နဲ့ နုနုချွတ်။

ကိုယ့်တာဝန်ကိုယ်မယူဘဲ ရှောင်လွဲနေတတ်တဲ့ ယောကျ်ားလောက် စိတ်ဓာတ်အောက်တန်းကျတာ မရှိတော့ဘူး။

သူမ အိပ်ပစ်လိုက်သည်။

"နုနုချွတ် မင်းအထင်လွဲနေတာပါ ... ကိုယ်ဘယ်မိန်းက





လေးကိုမှ စော်ကားဖျက်စီးခဲ့တာ မရှိပါဘူး၊ ကိုယ်ချစ်တယ်၊ မင်းကို ချစ်တယ် ချွတ်ရယ် ... မင်းက ကိုယ့်အချစ်ဦးပါ"

"ရှင် ... ရှင် လူယုတ်မာကြီးပဲ၊ ကျွန်မအစ်မ ရိုးရိုးသားသား ဖြူဖြူစင်စင်ကို ဗိုက်တစ်လုံးနဲ့ပစ်ထားခဲ့တယ်၊ ရှင်နဲ့မဟုတ်ပါဘူးလို့ ငြင်းတယ် လူယုတ်မာ"

"ဒုတ်"

"အား"

"ဒုတ် ... ဒုတ် ... "

"နုနုချွတ် ... မင်းအထင်လွဲနေတာပါ၊ ကိုယ်တကယ်ပဲ မင်းအစ်ကို မကျူးလွန်ခဲ့ပါဘူး ယုံကြည်ပေးပါ"

"ရှင် လူလိမ်ပဲ ... ဟန်ဆောင်နေတာ၊ ရိုးသားဖြူစင်ဟန်ဆောင်တာ၊ တကယ်တော့ ရှင်က တဏှာရူးကြီးပဲ"

"နုနုချွတ် ... ကိုယ့်ကိုယ် မင်းစွပ်စွဲနေတာတွေ ဘာမှမသိပါဘူး တကယ်ပါ ... နုနုထွတ်ဆိုတဲ့မိန်းကလေးနဲ့ တစ်ကြိမ်တစ်ခါမှတောင် ကိုယ်မတွေ့ခဲ့ပါဘူး"

"ဒုတ် ... ဒုတ် ... "

"အား"

"ရှင့်ကို အသေသတ်ပစ်မယ်၊ ကျွန်မ မျက်စိရှေ့မှာပဲ ရှင်သေပွဲဝင်စေရမယ်၊ ကဲ ... ဘုရား တရားသာ တထားပေတော့"



www.burmeseclassic.com

www.burmeseclassic.com



"အား ..."

ဦးဖန်နေဝန်းရဲ့ ရင်ဝကို ဓားနှင့်ထိုးပစ်လိုက်ရာ သူ့ရင်ဝမှ သွေးတွေပန်းထွက်လာပြီး နာကျင်စွာ အသံနက်ကြီးနှင့်အော်သံကြောင့် သူမအိပ်နေရာမှ လန့်နိုးသွားသည်။

ဘုရားရေ ...

အိပ်မက်ပဲ နုနုချတ် ရင်တွေ တဆတ်ဆတ်တုန်ရီနေ၏။

အသက်ရှူသံ မှန်စေဖို့ပင် အတော်လေး ကြိုးစားနေရသည်။





အခန်း ( ၇ )

"ဖန်ဝန်း ... မင်းအနားက အတွင်းရေးမှူးမလေးက အရမ်းလန်းတယ်ဆို၊ ကိုသွန်း သတင်းတွေကြားနေရပါတယ်၊ ကိုသွန်းပြန်လာချင်ပြီကွ"

"တော်ပါတော့ ကိုသွန်းရာ ... တောင်းပန်ပါတယ်၊ အဲဒီမှာပဲ တစ်သက်လုံးနေပါတော့ဗျာ၊ ဖန်ဝန်းကို ဒုက္ခမပေးပါနဲ့တော့"

"ညီအစ်ကိုချင်းပဲကွာ၊ အဲဒီလောက်အထိ အဖြစ်သည်းမနေစမ်းပါနဲ့ ဖန်ဝန်းရဲ့ ... မင်းနဲ့ငါ ရုပ်ချင်းခွဲမရအောင်တူနေတာက မင်းကံဆိုးတာလေ"

"ကိုသွန်း ... ဒီကိုပြန်မလာနဲ့နော်၊ ဒီတစ်ခါတော့ ဖန်ဝန်းခွင့်လွှတ်မှာမဟုတ်ဘူး၊ နုနုချတ်ကလည်း တခြားမိန်းကလေးတွေလို ပျော့ညံ့ညံ့မထင်နဲ့ ... ကိုသွန်း တွေ့ခဲ့ဖူးတဲ့ မိန်းမတွေနဲ့ လုံးဝဆန့်ကျင်ဘက်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ဖန်ဝန်း ... နုနုချွတ် ဟုတ်လား ... အရမ်းလန်းတဲ့နာမည်လေးပဲ၊ ဒါနဲ့ နုနုထွတ်ရဲ့ညီမများလား"

"မဟုတ်ပါဘူး၊ နုနုချွတ်က တစ်ဦးတည်းသော သမီးတဲ့ ကိုသွန်းနဲ့ ပတ်သက်တဲ့ နုနုထွတ်ကရော ညီမတွေ ဘာတွေရှိလား"

"မသိဘူးကွ ... ကိုသွန်းနဲ့ နှစ်လလောက်ပဲ ရင်းနှီးတာ"

"နှစ်လလောက် ဟုတ်လား ... "

"ကိုသွန်းအကြောင်း မင်းအသိဆုံးပဲ၊ မိန်းမတွေနဲ့ နှစ်လထက်ပိုပြီး မပတ်သက်ဖူးဘူးလေ"

"ကိုသွန်းက အဲဒါကို ဂုဏ်ယူနေတာလားဗျာ၊ ယောက်ျားပီသစမ်းပါ ... ကိုသွန်းနဲ့ပတ်သက်ခဲ့တဲ့ မိန်းကလေးတွေထဲမှာ နုနုထွတ် အသနားဆုံးပဲ၊ ဖန်းဝန်း ရှက်ရမ်းရမ်းပြီး ငြင်းပစ်လိုက်မိတာ"

"ထားလိုက်ပါကွာ၊ အဟဲ ... မင်းလည်းမငယ်တော့ဘူးနော် ချစ်သူရှာတော့ နုနုချွတ်ကို မင်းမခံစားရဘူးလား"

"ဟာ ... မခံစားပါဘူး၊ နုနုချွတ်က ကြမ်းတယ်၊ မိန်းကလေး မပီသဘူး၊ ကိုသွန်း အေးအေးဆေးဆေးနေစမ်းပါ၊ လာပြီး ဒုက္ခပေးဖို့ မစဉ်းစားပါနဲ့တော့၊ လုံးဝပြန်မလာနဲ့နော် ... ဒီတစ်ခါ ဖန်ဝန်း နာမည်အသုံးပြုရင် လုံးဝခွင့်မလွှတ်ဘူးနော်"

"ဟား ... ဟား ... ဟား ... မလုပ်တော့ပါဘူး ဖန်ဝန်းရာ"

"တောင်းပန်ပါတယ် ကိုသွန်းရာ ... အနူးအညွတ် တောင်းပန်ပါတယ်"

"မင်းရဲ့အတွင်းရေးမှူးမလေးသတင်းက အရမ်းမွှေးပျံ့တာပဲ၊ ကိုသွန်းတောင်ပြန်လာချင်တယ်၊ ဖန်နေသွန်းအဖြစ်နဲ့ပါကွ"

"ဘယ်လိုအကြောင်းနဲ့မှ မြန်မာပြည်ကိုပြန်မလာပါနဲ့ကိုသွန်းရာ ... ဖုန်းလည်းမဆက်နဲ့တော့၊ ကိုသွန်းအသံကြားရင် ဖန်ဝန်း ကျောချမ်းလို့ပါ"

"ဟား ... ဟား ... ဟား"

"ကိုသွန်း တော်ပါတော့ဗျာ၊ ကျွန်တော် နေသိပ်မကောင်းချင်ဘူး၊ အလုပ်တွေ အရမ်းပင်ပန်းနေတယ်၊ အနားယူချင်တယ်"

"မင်းကတော့ အရမ်းဖိမ်ကျနေမှာပဲ၊ ညီအစ်ကိုအရင်းကြီးပါကွာ၊ ညီအစ်ကိုမှ ရုပ်ချင်းခွဲမရအောင်တူကြတဲ့ အမွှာညီအစ်ကိုတွေ"

"ကိုသွန်း ... တော်ပြီဗျာ၊ စကားဆက်မပြောချင်တော့ဘူး ကိုသွန်းရာ ... ဖန်ဝန်းကိုညာတာပါဦး"

ကိုသွန်း ရယ်မောနေ၍ ဖန်ဝန်း ဖုန်းပိတ်ပစ်လိုက်သည်။

ကိုသွန်းကြောင့် သူ့နာမည်တွေပျက်ကာ အန္တရာယ်တွေနှင့်လည်း ရင်ဆိုင်နေရလေရာ ကိုသွန်း မြန်မာပြည်ကို ပြန်လာမှာကြောက်နေမိသည်။

"အား ... စိတ်ပျက်လိုက်တာ၊ ဘယ်ဘဝက အကုသိုလ်တွေကြောင့်များ ဒီလိုအစ်ကိုမျိုးနဲ့ အမွှာလာပြီး မွေးရတာလဲ"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညကတစ်ကြိမ်တစ်ခါမှ မသောက်ခဲ့တဲ့ အရက်ကိုတော်တော်များများ သောက်မိသည်။

သူ့ဘဝမှာ အထီးကျန်လွန်းနေ၏။

နုနုချွတ် ...

မင်းလိုကောင်မလေးကများ ဖန်နေဝန်းလို ယောကျ်ားတစ်ယောက်ကို မာနတွေပြပြီး ဥပက္ခာပြုချင်တယ်။

နုနုချွတ်ထံမှ အေးစက်စွာနေထိုင်ဆက်ဆံမှုတွေကို ဖန်ဝန်းမနှစ်သက်မိ။

တာဝန်အရ တာဝန်အရပဲ မင်းဆက်ဆံနေမှာလား။

ခေါင်းတွေကလဲ ကိုက်နေတယ်။

ကိုသွန်း ဖုန်းကစောစောစီးစီးဝင်လာ၍ သူ့ခေါင်းထဲက ဦးဏှောက်တွေပေါက်ထွက်တော့မတတ်ဘဲ။

ညီတစ်ယောက်အပေါ် မညှာမတာ ရက်စက်လွန်းသည်။

"အား ... ကျွတ် ... ကျွတ် ... ခေါင်းတွေ ကွဲထွက်တော့မယ်"

နုနုချွတ်ရဲ့ စိမ်းကားမှုတွေကြောင့် သူအရက်သောက်မိသည်အထိ နာကျင်ရသည်။

ညက အိမ်ပြန်ဖို့ပင် အသိကင်းမဲ့နေ၏။

မင်းကြောင့် ကိုယ်ညှိ့ခံပွဲကတောင် တာဝန်မကျေဘဲ





ထွက်လာခဲ့တာကွ။

ခန္ဓာကိုယ်တစ်ခုလုံး နာကျင်ကိုက်ခဲနေသည်။

"အမ်ဒီ ဝင်လာခဲ့မယ်နော်"

"အေး ... "

—ထွင့်ခေါင် လာခေါ်တာကိုပင် ဖန်ဝန်း မမှတ်မိချင်။

နုနုချွတ် ဖုန်းဆက်ပြောလိုက်တာများလား။

ဒီလောက်ဆိုရင်တော့ မဆိုးသေးပါဘူး။

နုနုချွတ် ...

မင်းမှာ ကြင်နာတတ်တဲ့ နှလုံးသား ရှိနေတာပဲ။

"ဘယ်လိုဖြစ်ရတာလဲ အမ်ဒီ ... အရက်တွေသောက်ထားတယ်၊ ဒီလောက်အထိ မသောက်ဘူးဘဲနဲ့ ဘာကြောင့်စိတ်ညစ်နေတာလဲဗျာ ... ပြောပါ ... "

ဖန်ဝန်းမှာ အမွှာအစ်ကိုရှိနေကြောင်း ထွင့်ခေါင်ပင်မသိ။

ကိုသွန်း ရှုပ်ပွေလွန်း၍ ရှက်ပြီး သူ့ဘဝအကြောင်း ဖာတ်မြှုပ်ထားသည်။

"ဝမ်းကွဲအစ်ကိုတစ်ယောက်ကြောင့် ကိုယ်နဲနဲလေး စိတ်ရှုပ်စရာရှိနေတယ်၊ ဘာမှတော့ မဟုတ်ပါဘူး၊ ဒါနဲ့ ... မင်းကို ကိုယ်ရှိနေတဲ့နေရာကို နုနုချွတ်က ဖုန်းဆက်ပြောတာလား"

"မပြောပါဘူး၊ နုနုချွတ်က မသိဘူးလုပ်နေလို့ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

အတင်းပဲ အမ်ဒီနေခဲ့တဲ့နေရာကို လိုက်ပြပါပြောရတယ်"

"ဟုတ်လား"

နုနုချုတ် မင်းရဲ့ရက်စက်မှုအပေါင်းက သရဖူဆောင်းနေပါလားကွ။

မင်းမှာ နှလုံးသားမရှိဘူးထင်တယ်။

မာဂရက်ဆီ ဖုန်းဆက်မယ်။

ကိုယ်တိုင်သွားတွေ့မယ်ကွာ။

မင်းကို ကိုယ့်လုံခြုံရေးအတွက် အချိန်ပြည့်တာဝန်ယူခိုင်းမယ်။

ဒီလောက်တောင် တာဝန်အရ ပြောချင်နေတဲ့ မိန်းမ ... ခေါင်းက ပိုကိုက်လာသည်။

"အား ... ကျွတ် ... ကျွတ် ... အကျင့်မရှိဘဲအသောက်များသွားလို့ထင်တယ်၊ အကိုက်အခဲပျောက်ဆေး အပြင်းဆုံးပေးကွာ"

"ဟုတ်ကဲ့ အမ်ဒီ ... ကော်ဖီနဲ့မုန့်ယူလာတယ်၊ အစာရှိအောင်စားပြီး ဆေးသောက်ပါ"

"အေး"

ထွင့်ခေါင်နေရာမှာ နုနုချုတ်သာဆိုရင် သူ့ရောဂါအမြန်ဆုံးပျောက်မှာပဲ။

သူ့စိတ်အစဉ်မှာ နုနုချုတ်အကြောင်းတွေပဲ လွှမ်းနေသည်။





"အမ်ဒီ ရုံးသွားနိုင်ပါ့မလား"

"ကိုယ်အပြင်သွားစရာရှိတယ် ထွင့်ခေါင် ... ကိုယ်တစ်ယောက်ထဲသွားမယ်၊ မင်းကုမ္ပဏီကို စောစောသွားပြီး လုပ်စရာရှိတာတွေလုပ်ထား"

"ဟုတ်ကဲ့ အမ်ဒီ ... နုနုချုတ်ကရော"

"ဒီကိုပဲ ဖုန်းဆက်ခေါ်လိုက်၊ နုနုချုတ်နဲ့သွားမယ်"

"အမ်ဒီ ဆေးသောက်ပါ"

"ထားခဲ့"

"တစ်ယောက်တည်း ဖြစ်ပါ့မလား အမ်ဒီ ... ခေါင်းကိုက်နေတယ်ဆိုတော့"

"ရတယ် ... နုနုချုတ်ရှိတာပဲ သူ့တာဝန်ချိန်ရောက်ပြီလေ"

"နုနုချုတ်က စိတ်မာတယ် အမ်ဒီ ... တာဝန်အရကလွဲပြီး ဘာတစ်ခုမှလုပ်မှာမဟုတ်ဘူးထင်တယ်"

"မင်းသွားတော့"

နုနုချုတ် မင်းပြောသလို တာဝန်အရပဲ ကိုယ့်ကို(၂၄)နာရီစောင့်ရှောက်ပေးစေရမယ်။

မင်းတို့ အေးဂျင့်က ကိုယ်ပြောရင် ပြီးပြီ။

နုနုချုတ်မှာ ငွေကြေးအလွန်အမင်းလိုအပ်နေသည်တဲ့ ဖခင်ကို ဆေးကုရလို့ အကြွေးတွေတင်နေကြောင်း မာဂရက်က လျှို့ဝှက်



www.burmeseclassic.com

www.burmeseclassic.com



စကားပြောထားသည်။

"မာဂရက်တို့က ပုဂ္ဂလိကတွေကို လျှို့ဝှက်ပေးထားရမှာဖြစ်ပေမယ့် ဖန်ဝန်းကတော့ သူငယ်ချင်းမို့ တိုးတိုးတိတ်တိတ်ပြောပြထားတာပါ၊ နုနုချွတ်က မာနကြီးပုံပဲ ဖန်းဝန်းလိုယောကျ်ားတစ်ယောက်အနားမှာ မိန်းမချောလေးတစ်ယောက်ထားပေးရတာ ရင်လေးတယ်"

မာဂရက်နှင့်သူ နိုင်ငံခြားမှာပညာသင်ရင်း သူငယ်ချင်းတွေဖြစ်ခဲ့ကြသည်။

နုနုချွတ်ရယ် ...

မင်းကို ကောင်းကောင်းပုံစံပေးရမယ်။

မင်း တန်ဘိုးမြင့်တက်အောင် အိုင်တင်ခံနေတာ မဟုတ်လား။

ဖန်နေဝန်းဆိုတဲ့ကောင်က ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကွ။

နုနုချွတ် အကြောင်း စဉ်းစားမိတိုင်း ဒေါသတွေ ပေါက်ကွဲထွက်ချင်သည်။

သူ ဆေးသောက်ပြီး မျက်နှာသစ်အဝတ်အစားလဲဖို့ ပြင်လိုက်စဉ် ခေါင်းပင် မထူနိုင်တော့။

"အား ... ကျွတ် ... ကျွတ် ထတောင်မထနိုင်တော့ဘူးပဲ"

အိပ်ရာပေါ်ပြန်လှဲအိပ်ပစ်သည်။





သူ့မှာ ခြံစောင့်မာလီကြီးပဲ ခြံထဲမှာရှိသည်။

ထွန့်ခေါင်နှင့် ဆရာတပည့်နှစ်ယောက်ထဲ နေထိုင်ပြီးတခြားအကူမရှိပေ။

လူရှုပ်တာကိုမကြိုက်၍ ဖြစ်၏။

မင်းကြောင့်ပဲ နုနုချွတ်။

ဒီလိုအချိန်မှာ နုနုချွတ်ရဲ့ အကြင်အနာ အယုယဖေးမမှုတွေကို သူ အလွန်အမင်း လိုအပ်နေသလိုပင်။

နုနုချွတ်ကို ချစ်မိနေပြီထင်တယ်။

သူ့နှလုံးသားတွေ နာကျင်နေသည်။

"ဒေါက် ... ဒေါက် ..."

"ဒေါက် ... ကျွန်မ နုနုချွတ်ပါ ဦးဖန်နေဝန်း"

နုနုချွတ်၏အသံချိုအီအီလေးကြောင့် ဖန်ဝန်း ရင်တွေဒိတ်ခနဲခုန်သွားသည်။

ဒီလောက်ကြီး ပျော့ညံ့နေတာကို သူလုံးဝ မကြိုက်။

ဒါပေမဲ့ ...

နုနုချွတ်နဲ့ကျမှ ဖန်နေဝန်း ဖြစ်ကျသွားရပြီထင်တယ်။

"ဦးဖန်နေဝန်း အိပ်နေတာလား၊ နုနုချွတ်ပါ ... ဝင်ခဲ့ရမလား"

ဖန်နေဝန်း ငြိမ်သက်နေသည်။



www.burmeseclassic.com

 www.burmeseclassic.com

နုနုချွတ်ရောက်လာကာမှ သူတုန်တုန်ချိချိနဲ့ အသံတွေက လည်ချောင်းဝမှာတင် တစ်သွား၏။

တံခါးကဖွင့်ထားတာပဲ တွန်းဖွင့်ဝင်လာလျှင် ရပါလျက်နှင့် သူ့ဘက်မှ တုန့်ပြန်သံ မကြားရလျှင် နုနုချွတ် စိတ်ပူပြီး အလောတကြီး တံခါးဖွင့်ဝင်လာမှာပဲဟု တွေး၍ အသံမပေးတော့ဘဲ ငြိမ်သက်နေသည်။

"အမ်ဒီ ... အိပ်နေတယ်ထင်တယ်၊ ကိုထွဋ်ခေါင် ဖုန်းဆက်ခေါ်လို့ပါ ... ခြံထဲမှာပဲ ဆင်းစောင့်နေပါ့မယ်၊ လိုအပ်ရင် ဖုန်းဆက်ပါ"

နုနုချွတ် ပြန်ထွက်သွားတဲ့ခြေသံ ကြားလိုက်ရသည်။

အကြင်နာမဲ့လိုက်တာကွာ။

ဘယ်လိုမိန်းကလေးမျိုးလဲ။

မနူးညံ့လိုက်တာ စိုးရိမ်တကြီး ဝင်မလာဘဲ အောက်ထပ် ပြန်ဆင်းသွားတဲ့ ခြေသံကြားရ၏။

အခုမှ ရုတ်တရက်ကြီးထွက်ခေါ်လိုက်လည်း မဖြစ်ဘူး။

ယောကျ်ားတစ်ယောက်ရဲ့မာနဆိုတာလည်း ရှိသေးသည်။

"တောက် ... နုနုချွတ်၊ မင်းတစ်နေ့နေ့တော့ ငါ့ခြေသလုံးကို ဖက်ပြီး တောင်းပန်ခယစေရမယ်"

သူ့မှာ ယောကျ်ားတစ်ယောက်ရဲ့မာနဆိုတာ မရှိပင်မရှိ





တော့။

နုနုချွတ်ကို အချစ်ကြီးချစ်မိသွားတာကပဲ ပျော့ညံ့လွန်းသည်။

"နုနုချွတ် ... နှလုံးသားမရှိတဲ့မိန်းမ ... ဘယ်လိုအကြောင်းနဲ့ပဲဖြစ်ဖြစ် မင်းကိုအရယူမယ်"

အချစ်တွေက ဘယ်လိုမှတားဆီးလို့မရတော့။

နာကြည်းမှုတွေလည်း သူ့နှလုံးသားတွေထဲမှာ မရှိတော့။

ပျောက်ဆုံးသွားသည်။

သူ ရေချိုးခန်းထဲဝင်လာခဲ့၏။

ခေါင်းက ကွဲမတတ် ကိုက်နေပေမယ့်လည်း မာဂရက်နှင့် တွေ့ချင်နေသည်။

"အား ... ကျွတ် ... ကျွတ် နုနုချွတ်ရှေ့မှာ ဒူးထောက်အညံ့ခံရတော့မယ်ထင်တယ် ... မင်းကို မရရင်တောင် ကိုယ်သေဆုံးသွားနိုင်တယ် နုနုချွတ်ရေ ..."

သူ ရေချိုးခန်းထဲဝင်ပြီး သန့်ရှင်းရေးလုပ်သည်။

နုနုချွတ်ကို တွေ့ဖို့ သူရင်တုန်ပမ်းတုန် ဖြစ်နေရ၏။

ရေချိုးခန်းထဲမှထွက်လာ၍ အဝတ်အစားရွေးနေသေးသည်။

"နုနုချွတ်ရေ မင်းကြောင့် ကိုယ့်ဘဝနေထိုင်မှုတွေတောင် ဖောက်ထိုးမိုးမျှော်တွေ ဖြစ်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေလဲပြီးသည်နှင့် အခန်းအပြင်ထွက်လိုက်ရာ အခန်းဝတွင် မထင်မှတ်ဘဲ နုနုချွတ်ကို တွေ့လိုက်ရသဖြင့် သူ့ခြေလှမ်းတွေ တုန့်ခနဲ ရပ်သွား၏။

နုနုချွတ်ကို ခြံထဲမှာပဲစောင့်နေမည် ထင်ထားသည်။

"နုနုချွတ် မင်းကို ခြံထဲမှာရှိနေမယ်ထင်တာ၊ ဘယ်အချိန်ထဲက ဒီမှာရပ်နေတာလဲ"

"စောစောထဲကပါ"

"ဘာပြောတယ်"

"ကျွန်မ ခြံထဲကိုဆင်းတော့မလို့ပါပဲ၊ ဒါပေမဲ့ ကျွန်မတာဝန်ချိန်လေ ဦးဖန်နေဝန်းများ တစ်ခုခုဖြစ်နေလားလို့ စောင့်ကြည့်နေတာပါ"

"ဩော် ... မင်းမှာကြင်နာတတ်တဲ့ နှလုံးသားရှိနေသေးတာပဲ"

"ကြင်နာတာတော့ မဟုတ်ပါဘူး ဦးဖန်နေဝန်း ... ဒါပေမဲ့ ရှင်က ကျွန်မကို ပိုက်ဆံပေးထားတာလေ၊ တာဝန်အရ ကျွန်မ စောင့်ရှောက်မှုပေးတာပါ"

ရှင့်လိုယောကျ်ားတစ်ယောက်ကို ကျွန်မက ကြင်နာစရာလား ဝေးသေးတယ်။

ရှင့်ကို အကြီးအကျယ်ဒုက္ခပေးဖို့ ရှင့်အနား ရောက်လာတာ





လေ။

ဦးဖန်နေဝန်း ...

ရှင်ကြီးက တကယ့်ကို မခုတ်တတ်တဲ့ကြောင်ပါလား။

ဖြူစင်လွန်းတဲ့ ယောကျ်ားတစ်ယောက်အဖြစ် အပီအပြင် သရုပ်ဆောင်ထားနိုင်သည်။

"ဦးဖန်နေဝန်း ... ကုမ္ပဏီကို သွားမှာလား"

"မဟုတ်ဘူး ... ကိုယ်သွားမှာက မာဂရက်ဆီ"

"ရှင်"

"ကိုယ့်ခေါင်းတွေ အရမ်းကိုက်နေတယ် နုနုချွတ် ... ကုမ္ပဏီကိုမသွားနိုင်တော့ဘူး၊ မာဂရက်နဲ့ တွေ့စရာရှိတယ်"

"ကောင်းပါပြီ"

မမမာဂရက်ဆီ ဘာသွားလုပ်ဦးမလဲမသိပါဘူး။

ဦးဖန်နေဝန်းမှာ စိတ်သောကရောက်စရာ တစ်စုံတစ်ခုရှိနေတာတော့ နုနုချွတ် သိနေသည်။

မမထွတ်ရေ ...

လူယုတ်မာတစ်ယောက် လက်စားချေဖို့ ချွတ် လုံးဝတာဝန်ယူတယ်။

ဘယ်လောက်ပဲ ခွင့်လွှတ်လိုက်ပါလို့ ပြောပြော ချွတ်ကတော့ လုံးဝခွင့်မလွှတ်နိုင်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



နုနုချွတ် ကားပေါ်တက်ပြီး ကားမောင်း၍ ထွက်လာခဲ့ သည်။





အခန်း ( ၈ )

"ဘာပြောတယ် ဖန်ဝန်း … ရှင့်ရဲ့ ကိုယ်ရံတော်အဖြစ် နုနုချွတ်ကို နှစ်ဆယ်လေးနာရီလုံးလုံး တာဝန်ယူစေချင်တယ် ဟုတ်လား"

"ဟုတ်တယ် မာဂရက် …"

"ရှင့်လို အေးချမ်းတည်ကြည်တဲ့ယောကျာ်းတစ်ယောက်မှာ ဘယ်လိုအန္တရာယ်တွေ ဝိုင်းနေရတာလဲ၊ စီးပွားရေးပြိုင်ဆိုင်မှုကြောင့်လား ရှင်က ပေါင်းသင်းဆက်ဆံရေးကောင်းတဲ့သူပါ"

"စီးပွားရေးပြိုင်ဘက်တွေကြောင့်ထင်တယ် မာဂရက် … ကိုယ်လည်းစဉ်းစားလို့မရဘူး၊ တစ်ခါတလေ … ကိုယ့်စိတ်တွေ ညဘက်တောင်မလုံခြုံဘူး၊ ကိုယ်လေညှင်းခံချင်တယ်၊ ထွင့်ခေါင်ကို ဒုက္ခမပေးချင်ဘူး … ကိုယ်မသွားနိုင်ရင် ထွင့်ခေါင်ပဲ တာဝန်ယူရတာ၊ နုနုချွတ်အနားမှာရှိနေရင် ကိုယ့်စိတ်တွေလုံခြုံသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖန်ဝန်း … ကေ့ကွတော့ ရှင်တိတ်တိတ်လေးကြိတ်ပြီး နုနုချွတ်ကို စွဲလမ်းနှစ်သက်နေတာလား"

"အမလေး … ကိုယ်တော့ နုနုချွတ်ကို အရမ်းကြောက်ပါတယ်၊ ကိုယ့်ကို ကိုင်ပေါက်ပြပြီးပြီလေ"

"ဟယ်"

"နုနုချွတ်က မာနကြီးတယ်၊ တာဝန်အရကလွဲပြီး ကိုယ်နဲ့ မပတ်သက်ဘူး … အသဲမာလွန်းတယ်၊ ဒါကြောင့်လည်း ကိုယ် သဘောကျတာပါ"

ဟုတ်တယ် မာဂရက်ရေ။

နုနုချွတ်ကို စွဲလမ်းနှစ်သက်နေပြီ ထင်တယ်။

ကိုယ် စက္ကန့်မလပ် ကိုယ့်အနားမှာရှိနေစေချင်တယ်။

နုနုချွတ်ကို မမြင်ရရင် မနေနိုင်တော့ဘူး။

ဖြစ်နိုင်မယ်ဆိုရင် ကိုယ် လက်ထပ်ချင်တယ်။

"ဖန်ဝန်း"

"ဟင်"

"ရှင် ဘာတွေစဉ်းစားနေတာလဲ … အခက်အခဲတွေ ဘာတွေရှိနေလဲပြောပါ … မာဂရက် အတတ်နိုင်ဆုံးကူညီမယ်"

မင်းကူညီမယ်ဆိုရင်တော့ နုနုချွတ်ကို ကိုယ်လက်ထပ်ချင်တယ်ကွာ။

စကားလုံးတွေ လည်ချောင်းဝမှာ တစ်နေသည်။

ပြော မထွက်။ မရှိပါဘူးဟုပဲ ပြောခဲ့သည်။

"ရှင်အပြင်ခဏထွက်နေပေးပါ ဖန်ဝန်း … ဒီကိစ္စက နုနုချွတ်ရဲ့ သဘောထားလိုအပ်တယ်လေ … မာဂရက် ချွေးနွေးကြည့်ပါ့မယ်"

"ကိုယ်ကတော့ အောင်မြင်စေချင်တယ် မာဂရက် … မင်း အစွမ်း အကူအညီပေးပါ။ ကိုယ့်အတွက် ကိုယ်ရံတော်အဖြစ် နုနုချွတ်က အရမ်းအဆင်ပြေတယ်၊ ကိုယ့်အတွင်းရေးမှူးမလေးအဖြစ် တင့်တယ်တယ်"

"အိုကေ"

သူအပြင်ထွက်လာခဲ့သည်။

နုနုချွတ်က ညှိခန်းမှာ မတ်တတ်ရပ်စောင့်နေ၏။

နုသော တောင့်ဖြောင့်သော ကြော့ရှင်းလှပသော နုနုချွတ်။

ဖန်ဝန်းလို နှလုံးသားတွေက ကျောက်ခဲလို မာကျောသည်ဟု နာမည်ကြီးခဲ့တဲ့သူ အရည်ပျော်ကျသွားပြီ နုနုချွတ်။

ကြိုက်မရက်တဲ့ ကိုယ်အရှက်တွေ မရှိတော့ဘူးထင်တယ်။

"မင်းကို မာဂရက်က တွေ့ချင်နေတယ် နုနုချွတ် … ဝင်သွားပါ"

"ဟုတ်ကဲ့"

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဘာကေ့စ်လဲ ဦးဖန်နေဝန်း အတိုင်အတောထူတာလား။

ချွတ် တာဝန်ကျေပြီးသားပဲ။

သူမ ဝင်သွားသည်။

"ထိုင် ... နုနုချွတ် ..."

"ဟုတ်ကဲ့"

"နုနုချွတ်နဲ့ ညှိနှိုင်းစရာတစ်ခုရှိတယ်၊ ကိုဖန်ဝန်းက တောင်းဆိုတာပါ"

"ရှင်"

"နုနုချွတ်ကို ဖန်ဝန်းက အရမ်းသဘောကျနေတယ်"

"မမမာဂရက် ကျွန်မက တာဝန်အရပဲ ဆက်ဆံချင်ပါတယ်၊ ကြိုက်စရာ ဘာမှမလိုပါဘူး"

"မဟုတ်ဘူးလေ နုနုချွတ်က သူ့ကိုယ်ရံတော်နေရာမှာ အသင့်တော်ဆုံးပဲတဲ့၊ သူ့စိတ်ကို လုံခြုံစေတယ်တဲ့၊ မင်းကိုနှစ်ဆယ့်လေးနာရီ စောင့်ရှောက်ပေးပါတဲ့"

"မဖြစ်နိုင်ဘူးထင်ပါတယ် မမ ... ချွတ်က မိန်းကလေးပါ၊ ဦးဖန်နေဝန်းအနားမှာ နှစ်ဆယ့်လေးနာရီကပ်နေရင် ပတ်ဝန်းကျင်က ကဲ့ရဲ့စရာဖြစ်ပါလိမ့်မယ် မမ"

"မမကတော့ လက်ခံစေချင်တယ်ကွယ် ... ချွတ်ဝင်ငွေအတွက်ပါ ... ဖန်ဝန်းက စိတ်ချရတယ် ... နုနုချွတ်အတွက် လုံခြုံမှု





ရှိတယ် မမ တောင်းဆိုတာပါ"

နုနုချွတ် တွေဝေနေသည်။

ဦးဖန်နေဝန်းနှင့်အနီးကပ် မနေလိုပေ။

ဒီလူ ဘာအကြောင်းနဲ့ သူမအား သူ့အနားမှာနေစေရတာလဲ။

"မမ မာဂရက်ကို ချွတ်တစ်ခုလောက် မေးချင်ပါတယ်"

"မေးပါ"

"ဦးဖန်နေဝန်းအကြောင်း ဘယ်လောက်သိထားပါလဲ"

"အများကြီးတော့ မဟုတ်ပါဘူး နုနုချွတ် ... သူနဲ့နိုင်ငံခြားမှာတွေ့ကြတာလေ၊ ခင်မင်ကြတယ်၊ လေးနှစ်လောက်အထိပေါ့၊ သူက ကြိုးစားတယ်၊ တည်ကြည်တယ်၊ မိန်းကလေးတွေနဲ့အရောတဝင်မရှိဘူး၊ မရှုပ်ပွေဘူး၊ အရက်တောင် သောက်တတ်တာမဟုတ်ဘူး နုနုချွတ် ..."

သူမ နှုတ်ခမ်းလေးက မသိမသာ တွန့်မဲ့သွားသည်။

လူလိမ်ကြီး ဟန်ဆောင်တာ။

သူမအား နည်းပရိယာယ်မျိုးစုံသုံးပြီး နီးစပ်ဖို့ ကြိုးစားနေတာပါ။

ကောင်းပြီလေ ...

ရှင်ကြီးက စတင်စိန်ခေါ်နေမှတော့ နုနုချွတ်တို့ကတိမ်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



အထိ လိုက်ရမှာပဲပေါ့လေ။

"ကျွန်မကို ချမ်းသာတဲ့သူဌေးအနား ကပ်နေတဲ့ ပိုင်းလုံးမ တစ်ယောက်လို့အမြင်တော့ မခံနိုင်ပါဘူး မမ ... ဒါပေမဲ့ လိုအပ်နေတဲ့ငွေကြေးအရရော၊ မမမာဂရက်ကို ယုံကြည်လို့ရော လက်ခံပါ့မယ်"

"နုနုချွတ်ရယ် ... မမတာဝန်ယူပါတယ် ဖန်ဝန်းအတွက် မမ ကောင်းကောင်းတာဝန်ခံတယ်၊ နုနုချွတ်ကိုလည်း ယုံကြည်လို့ပါ ကျေးဇူးတင်ပါတယ်"

"ဟုတ်ကဲ့"

တကယ်တော့ နုနုချွတ်မှာ ဘာအကြွေးမှရှိမနေပေ။

ငွေကြေးစည်းစိမ်ဥစ္စာ မချမ်းသာပေမယ့် အသင့်အတင့်တော့ နေထိုင်စားသောက်နိုင်သည်။

ဦးဖန်နေဝန်း အနားရောက်ရှိရန် မမမာဂရက်အား အကြွေးတွေ ရှိနေသည်ဟု ပြောခဲ့၏။

သူမ ထလိုက်သည်။

"ချွတ်ကို ပြန်ခွင့်ပြုပါမမ ... ဦးဖန်နေဝန်းကိုတော့ ချွတ်လက်ခံတဲ့အကြောင်း ပြောပြပါ့မယ်၊ မမလည်း ဖုန်းဆက်လိုက်ပါ"

"ကောင်းပြီ ချွတ် ... အင်း ... တကယ်တော့ ဖန်းဝန်းက အန္တရာယ်တွေဝိုင်းနေတာ အံ့သြပါတယ်၊ သူက လူအေးပဲ လုပ်ကြံ





ပြောဆိုတာလည်း မဖြစ်နိုင်ဘူး၊ သူလမ်းမှာ အတိုက်ခိုက်ခံရတာ အသေအချာပဲ ... ဆေးရုံတောင်ရောက်တယ်၊ ပြီးတော့ ... ခြိမ်းခြောက်တဲ့သူတွေလည်းရှိနေတယ်၊ ဘာပဲဖြစ်ဖြစ် နုနုချွတ် တာဝန်ယူပေးနိုင်မယ်လို့ မမ ယုံကြည်ပါတယ်"

"ဟုတ်ကဲ့ ... တာဝန်ကို ကျေပွန်အောင် အတတ်နိုင်ဆုံး ကြိုးစားပေးပါ့မယ်မမ"

"ကျေးဇူး"

သူမ ပြန်ထွက်လာတော့ ဦးဖန်နေဝန်းက ဧည့်ခန်းမှာရှိမနေ။

ကားထဲမှာပဲ ထိုင်စောင့်နေသည်ဟု ဧည့်ကြိုတစ်ယောက်ကပြောသည်။

"မမချွတ်"

"ဟင်"

"ဦးဖန်နေဝန်းပုံစံက မမထွက်လာမယ့်အခန်းပေါက်ကို ကြည့်ပြီး စိတ်တွေလှုပ်ရှားနေပုံပဲ ... ထလိုက်ထိုင်လိုက်နဲ့ ပြီးတော့ ကားပေါ်ကပဲ စောင့်နေမယ်လို့ ပြောလိုက်ပါတဲ့ ... အဟဲ ... မမချွတ်ကို ကြွေနေပြီထင်တယ် ... ကြွေလောက်တယ်လေ"

"သွားပြီ"

ဧည့်ကြိုကောင်မလေးက ချွတ်ကို စနေကြ။



www.burmeseclassic.com

www.burmeseclassic.com



မြင်ရသူငေးယူလောက်အောင် လှပလွန်းသည်ဟု ပြောနေတတ်သည်။

ဦးဖန်နေဝန်းကရော လူတွေရှေ့မှာ ဟန်မဆောင်နိုင်လောက်အောင် ဖြစ်နေရတာလဲ။ Over Action တွေ ဖြစ်သွားပြီထင်တယ်။

ရှင်ကြီးက မိန်းမကြမ်း ကြေပြီးသားပဲ။

"နုနုချွတ်ကို ကြွေနေပြီလား ... ဟင်း ဟင်း ဟင်း ... အရမ်းရယ်ရတယ် လူလိမ်ကြီး"

သူမ ခပ်တင်းတင်းလေးနှင့် ခန္ဓာကိုယ်လေးအားပင့်ချီကာ အေးဂျင့် ရုံးခန်းထဲမှထွက်လာတော့ ဦးဖန်နေဝန်းကားရှေ့မှ လက်ပိုက်ရပ်နေရာကနေ သူမကိုမြင်၍ ကားထဲပြန်ဝင်ထိုင်သည်။

ရှင်ကြီးက နုနုချွတ်ကိုကြွေပြီး တုန်လှုပ်နေတာလား။

သူမကားနားရောက်တော့ မမမာဂရက်နှင့် ဖုန်းပြောနေသည်။

"ကျေးဇူး မာဂရက် ... ကိုယ်က အိုကေတယ်ဆိုတဲ့အသံပဲ ကြားချင်နေတာ၊ အခုလိုကူညီတာ ကျေးဇူးတင်တယ်ကွာ"

နုနုချွတ် ကားထဲဝင်ထိုင်လိုက်၏။

"မာဂရက် အခုပဲ ဖုန်းဆက်တယ် နုနုချွတ် ... ဒီအတွက် ကျေးဇူးပါ"





"ကျွန်မတာဝန်တစ်ခုကို ထပ်ပြီးလက်ခံတာပဲ ဦးဖန်နေဝန်း ကျေးဇူးတင်စရာမလိုပါဘူး"

နုနုချွတ် ...

မင်းအရမ်းပဲမျှားနေတာပါလား။

ကိုသွန်းသာဆို မင်းခန္ဓာကိုယ်လေးကို ဆွဲယူပွေ့ဖက်ပြီး မင်းနှုတ်ခမ်းဖူးဖူးလေးကို နမ်းပစ်လိုက်ပြီ။

ကိုယ်မလုပ်ရဲလို့ နုနုချွတ်ရဲ့။

မာထန်တင်းပြတ်တဲ့ အမူအယာလေးကပင် ဖန်ဝန်း နှလုံးသားတွေကို အရည်ပျော်သွားစေတာပဲ ဖြစ်နိုင်သည်။

"ဘယ်ကိုမောင်းရမလဲ ပြောပါ 'ဦးဖန်နေဝန်း"

"မင်းရဲ့တိုက်ခန်းကိုမောင်းပါ"

"ဘာရှင့်"

"ကိုယ်ထပ်ပြောရမလား၊ အခု မင်းတိုက်ခန်းကိုမောင်းပါလို့"

"ဦးဖန်နေဝန်း ဒါက ဘာသဘောလဲ ... ကျွန်မအခန်းကို မောင်းစရာ ဘာအကြောင်းမှ မရှိဘူး"

"ကိုယ်က ရိုးရိုးသားသား ပြောတာပါ နုနုချွတ် ... မင်းက ကိုယ့်အနားမှာ နှစ်ဆယ့်လေးနာရီ အတူတူရှိနေရမှာဆိုတော့ မင်း ပစ္စည်းတွေ ပြောင်းရွှေ့ရမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မပစ္စည်း ပြောင်းရွှေ့ဖို့က ဦးဖန်နေဝန်း ပူပင်နေစရာ မလိုပါဘူး၊ ကျွန်မကိစ္စပါ … အရမ်းစိတ်တွေ လောမကြီးနေပါနဲ့"

ဟုတ်သားပဲ။

ဖန်နေဝန်း မင်းစိတ်တွေ ဘာဖြစ်နေတာလဲ။

မင်းအရမ်းလောကြီးနေပြီ ထင်တယ် ရှက်စရာကောင်းတယ်။ ဖန်နေဝန်း ထူထူပူပူကြီးတော့ ဖြစ်သွားသည်။

"အင်း … ဟုတ်တော့ဟုတ်တယ်၊ မင်းဟာမင်း ပြောင်းလာမှာပေါ့ ထွင့်ခေါင်ဆီ အကူအညီတောင်း … တစ်ခါတစ်ခါ ကိုယ်က စိတ်လောကြီးတတ်တယ်"

နုနုချွတ် မျက်နှာတင်းနေတော့ ဖန်ဝန်းပိုပြီး စိတ်တွေမလုံမလဲဖြစ်ရသည်။

သူကလည်း သူပဲ။

မိန်းကလေးတစ်ယောက်အတွက် ဘယ်တုန်းကမှ အမှားအယွင်း မရှိခဲ့။

နုနုချွတ်နှင့်တွေ့မှ ဖန်ဝန်း တကယ့်ကို အူကြောင်ကြောင် ယောင်ချာချာ ကားကို ဘယ်ဆက်မောင်းရမလဲ။

ဘာမဟုတ်တဲ့ကိစ္စလေးမှာ ခေါင်းက မထွက်။

နုနုချွတ်က ဘယ်ကိုသွားမှာလည်းဟု ထပ်မေးသည်။

"ကုမ္ပဏီပဲ ပြန်ရမယ်၊ မောင်းပါ"





ဦးဖန်နေဝန်း ရှင်ကြီး ကလီကမာတွေ မလုပ်နဲ့နော်။

ကျွန်မကို လျှော့တွက်မထားနဲ့။

သူမ ကားကို ကုမ္ပဏီဘက် ဦးတည်မောင်းလာသည်။

"အမ်ဒီ … ရုံးဆင်းချိန်ရောက်နေပါပြီ၊ ဘာဖြစ်လို့ ကုမ္ပဏီကို ပြန်လာရတာလဲ"

"မင်းနဲ့တွေ့ဖို့လေ"

"ဗျာ … အိမ်ရောက်ရင်လည်း တွေ့လို့ရတာပဲ၊ ကျွန်တော့်ကို အရေးတကြီး ဘာများတွေ့ဆုံစရာရှိလို့လဲ၊ ကုမ္ပဏီကိုလည်း သော့တွေ ခတ်ပစ်လိုက်ပါပြီ"

"ဟုတ်လား"

နုနုချွတ်ကိုကြည့်လိုက်တော့ မလှမ်းမကမ်းတွင် တောင့်တောင့်လေးရပ်နေသည်။

"ထွင့်ခေါင်"

"ပြောပါ အမ်ဒီ"

"နုနုချွတ်က ငါ့အနားမှာ ၂၄နာရီ နေရမယ်ကွ၊ သူ့အထက်လူကြီးမာဂရက်နဲ့ ဆွေးနွေးပြီးပြီ၊ နုနုချွတ်ကလဲ လက်ခံတယ်"

"အမ်ဒီ"

"ဟင်"

"အဲဒီလောက်အထိ လိုအပ်လို့လား … အိမ်ရောက်ရင် ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်ရှိပါတယ်၊ တပည့်ကြီး စောင့်ရှောက်ပါ့မယ်”

“မင်းက ကိုယ်ခံပညာတွေမှမတတ်တာ ... ငါ့ အတိုက်ခိုက်ခံရတုန်းက မင်းဘာအကာအကွယ်ပေးနိုင်လဲ၊ နုနုချွတ်က အားကိုးရတယ်၊ လျှင်မြန်ဖျတ်လတ်တယ်၊ မိန်းကလေးပေမယ့် အားကိုးရတယ်လေ”

“အမ်ဒီက အိမ်ရောက်ရင် အပြင်ထွက်တဲ့အကျင့်မှမရှိတာပဲ”

“တစ်ခါတလေ ငါအပြင်ထွက်ချင်တယ်၊ လုပ်ငန်းတွေမှာပဲ နေတာများတော့ စိတ်မွန်းကြပ်လာတယ်ကွ ... ဒီညပဲ ပြောင်းလာနိုင်အောင် စီစဉ်ပေးပါ ... မင်းအားလုံး တာဝန်ယူ ... ”

“ဟုတ် ... ဟုတ်ကဲ့”

“ဒီညတွင်းပဲ ပြောင်းဖို့ စီစဉ် ... ”

“ဟုတ်ကဲ့”

အမ်ဒီ လွန်တယ်။

ဒီညတွင်းပဲတဲ့။

ဧကန္တတော့ နုနုချွတ်ကို နှစ်သက်နေပြီထင်တယ်။

လူပျိုကြီး ကြိတ်ပုန်းခုတ်ချင်နေတာ။

အခုပဲ ရှုံးဆင်းတယ် နုနုချွတ်ကို အိမ်ပြောင်းပေးဖို့ ညတွင်းခြင်း စီစဉ်ရမည်ဖြစ်သည်။

လွန်တယ် ... လွန်တယ် ... တော်တော်လွန်တာ။





ကိုယ်ရံတော်က (၂၄)နာရီတဲ့။

အခုတလော အမ်ဒီ ခပ်ကြောင်ကြောင်ဖြစ်နေတာတော့ ထွန်းခေါင် သတိထားမိလာ၏။

ထွန်းခေါင်ကတော့ အထက်လူကြီးအမိန့်ကို နာခံရတော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၉ )

ဦးဖန်နေဝန်း နေထိုင်တဲ့ခြံကြီးက ကျယ်ဝန်းလွန်းပြီး ခြံထဲမှာ ရေကူးကန်တွေ တင်းနစ်ကွင်းတွေနဲ့ လှပခမ်းနားလွန်းစွာ နေထိုင်သူပဲ။ ရက္ခဗေဒဥယျာဉ်ကြီးထဲ ရောက်ရှိနေသလိုလို။ အမျိုးပေါင်းစုံလင်တဲ့ ပန်းမာန်သစ်ပင်မျိုးတွေ အစီအရီ ခြံကြီးထဲမှာ ဥယျာဉ်မှူးက နှစ်ယောက်တောင် နုနုချွတ် တွေ့နေရသည်။

"မမထွေး အပြစ်မဲ့စွာဘဝကို ရင်းနှီးပေးဆပ်သွားခဲ့ရတာ ချွတ်ကတော့ လက်ပိုက်ပြီး ခွင့်လွှတ်ခြင်းတွေနဲ့ ဒီအတိုင်းတော့ရပ်ကြည့်မနေနိုင်ပါဘူး ... ချွတ်ကို အပြစ်မတင်ပါနဲ့ ချွတ်ကတော့လေ ဦးဖန်နေဝန်းကို ဟိုရေကန်ထဲနှစ်ပြီး လည်ပင်းညှစ်သတ်ပစ်လိုက်ချင်နေတယ်"

ကြည့်လေ ... နာမည်ချင်းလည်းဆင်တူနေတယ်။

ရုပ်ရည်ခြင်းကလည်း ခပ်ဆင်ဆင်။





ဒါကိုမျှား အရှက်မရှိ၊ မသိချင်ယောင် ဆောင်ပြီး နုနုချွတ်ကို သူ့အနားအတင်းအကြပ် ငွေပုံပေး၍ ခေါ်ထားသည်။

ရှင်ကြီးမသိပါဘူးဆိုတာ မဖြစ်နိုင်ပါဘူး။

တော်တော် ဟန်ဆောင်ကောင်းနေတာပဲ။

နုနုချွတ် အခန်းကပစ္စည်းတွေကို သူ့တိုက်ကြီးဆီ ညတွင်းခြင်း ပြောင်းခိုင်း၏။

နုနုချွတ်ကို ရှင့်ရဲ့ကြွယ်ဝချမ်းသာမှုတွေနဲ့ ဖြားယောင်းသွေးဆောင်ဖို့ မဟုတ်လား။

ခြံကြီးထဲမှာ နုနုချွတ် ရပ်နေသည်။

"ခြံကြီးက မီးရောင်စုံတွေ ထွန်းညှိထားတာ လှပလွန်းတယ် ဒီခြံကြီးထဲကို မမထွေး ရောက်ဖူးခဲ့တယ်မဟုတ်လား ... ချွတ်ကတော့ မိန်းမပျိုလေးတွေရဲ့ အပျိုစင်ဘဝတွေ မြေကြွေကျရတဲ့ လူသတ်ကုန်းလို့ပဲ ထင်တယ်"

လေပြည်ကအေးစိမ့်နေသည်။

သူမရင်ထဲမှာ ခံစားချက် ကင်းမဲ့နေ၏။

နာကျင်မှုတွေပဲရှိနေသည်။

မာကျူရီမီးလုံးကြီးတွေကြောင့် လင်းထိန်တောက်ပနေတဲ့ ခြံကြီးရဲ့ အလှအပကို သူမ မုန်းတီးနေမိသည်။

"ချွတ်ကို ဒီခြံကြီးထဲရောက်အောင် ခေါ်လိုက်တာကလဲ

www.burmeseclassic.com

www.burmeseclassic.com

ထောင်ချောက်တစ်ခုပဲ၊ ဒါပေမဲ့ ... ဒီတစ်ခါ ရှင်အမိဖမ်းဖို့ ကြိုးစား ကြံစည်တာ ယုန်သူငယ်လေးမဟုတ်ဘူးနော် ဦးဖန်နေဝန်း ... မြွေ ဟောက်မ ... ပေါက်မိရင်တော့ ရှင်အသေပဲ"

စိတ်ထဲမှာ နာကျည်းမှုတွေနှင့် ပေါက်ကွဲလွင့်စင်မတတ်ပင်။

လေပြည်အေးစိမ့်စိမ့်က သူမနှလုံးသားကို မအေးချမ်းနိုင်။

ပန်းဥယျာဉ်ကြီး မွှေးပျံ့လင်းလက်နေမှုကလည်း နုနုချွတ် ကို ပျော့ပြောင်းနူးညံ့လာစေရန် သွေးဆောင်ဖြားယောင်းနိုင်ခြင်း မရှိကြ။

ဒီလိုကြီးကျယ်ခမ်းနားသော အဆောင်အယောင်များဖြင့် မိန်းမပျိုလေးတွေရဲ့ အပျိုစင်ဘဝပေါင်းများစွာအား ချွေမွဖျက်စီး ထားသော နေရာတစ်ခုအဖြစ် ရွံ့ရှာမုန်းတီးနေသည်။

"နုနုချွတ်"

"ဟင်"

"မင်းအထဲမဝင်သေးဘူးလား နုနုချွတ် ... "

"မအိပ်ချင်သေးလို့ပါ ဦးဖန်နေဝန်း ... ခြံကြီးက အရမ်းဆွတ် ပျံ့ကြည်နူးဖွယ် အလှအပတွေက အိပ်ပစ်လိုက်ရင် နှမြောစရာကြီး နော်"

"နုနုချွတ်က အလှအပတွေကို ခံစားတတ်သားပဲ၊ ကိုယ်က မင်းနှလုံးသားတွေက သံမဏိလို မာကျောနေမယ်ထင်တာ"





"အဟက် ... နုနုချွတ်လည်း လူသားပဲလေ၊ အလုပ်ကြောင့် မာမာကျောကျောနေထိုင်ဖို့ လေ့ကျင့်ထားရတာပဲလေ"

"နုနုချွတ်"

"ရှင်"

"မင်း ဘာဖြစ်လို့ ကြမ်းကြမ်းတမ်းတမ်း မိန်းမချောလေး တစ်ယောက်နဲ့ မအပ်စပ်တဲ့ အလုပ်ကိုလုပ်ဖို့ ဝါသနာထုံရတာလဲ"

"ကျွန်မအဖေက ကရာတေးခါးပတ်နက် ဆရာကြီးလေ ... ကျွန်မက ငယ်ငယ်လေးထဲက ယောကျ်ားဆန်တယ်၊ ဖေဖေက သင်ပေးတယ်၊ မိန်းကလေးတစ်ယောက်အတွက် ကိုယ့်ကိုယ်ကို ခုခံကာကွယ်ဖို့ လိုအပ်တယ်တဲ့"

နုနုချွတ်ကို မိန်းကလေးဆန်ပြီး နူးနူးညံ့ညံ့ သိမ်သိမ်မွေ့မွေ့ လေးဖြစ်စေချင်မိနေသည်။

ဖန်ဝန်း စိတ်အစဉ်ကို ထာဝစဉ် လွှမ်းမိုးနေတဲ့ နုနုချွတ်။

ဒီညတော့ နဲနဲလေး နူးညံ့ပျော့ပျောင်းနေသည်ဟု ထင် သည်။

သူမ နှုတ်ခမ်းသားလေးတွေပေါ်မှာ ရှားရှားပါးပါး အပြုံး လေး တောက်ပနေ၏။

သူ့ခြံကြီးကို နုနုချွတ် ခံစားလို့ရတာကိုတော့ ဖန်ဝန်း အကျေနပ်ကြီး ကျေနပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ရေကူးရော ကျွမ်းကျင်လား နုနုချတ်"

"အရမ်းကျွမ်းကျင်တာပေါ့ ... ကျွန်မလို မိန်းကလေးတစ်ယောက်အတွက် တတ်ကျွမ်းသင့်တဲ့အရာတွေ အားလုံးလေ့ကျင့်သင်ကြားထားရတာပါ။ ဦးဖန်နေဝန်း ကျွန်မခံစားလို့အရဆုံးက ဒီရေကူးကန်ကြီးပဲ"

"ကိုယ်က ရေမကူးတတ်ဘူး"

"ဟင် ... ဒီရေကူးကန်ကြီးရှိပြီး"

တကယ်တော့ ဒီခြံကြီးကိုရော ရေကူးကန်ကိုရော တင်းနစ်ကွင်းကိုရော ကိုသွန်းလုပ်ထားတာပါ။

ဖန်ဝန်းက နိုင်ငံခြားမှာ ပညာသင်ရင်း အနေများခဲ့သည်။

သူရခဲ့တဲ့ မိဘအမွေအနှစ်တွေနှင့် ကိုသွန်းကတာဝန်ယူ၍ လုပ်ဆောင်ပေးခဲ့၏။

ကိုသွန်းကတော့ သူရတဲ့အမွေကို သုံးဖြုန်းပျော်ပါးပစ်ပြီး ဖန်ဝန်းပစ္စည်းတွေနှင့် နာမည်ပါ အလွဲသုံးစားလုပ်ခဲ့သည်။

"ကိုယ် ငယ်စဉ်လေးထဲက ပညာရေးပဲ ရှေ့တန်းတင်တယ် စီးပွားရေးလုပ်တော့လည်း စီးပွားရေးမှာ နှစ်ထားခဲ့တာပါ ... ကျန်တာတွေ သိပ်မလုပ်ဖြစ်ဘူး"

"ဒီရေကူးကန်တွေ တင်းနစ်ကွင်းတွေ ဘယ်သူလုပ်ထားတာလဲ"





"အင်ဂျင်နီယာပါ"

သူမှာ ဆိုးသွမ်းပေတေနေတဲ့ အစ်ကိုတစ်ယောက်ရှိနေတာ ပြောမပြလိုပေ။

နုနုချတ် အထင်သေးသွားမှာ စိုးရိမ်၍ဖြစ်သည်။

သူ အခုလို ကိုယ်ရံတော်ထားရတာလည်း ကိုကိုသွန်းကြောင့်ပဲ။

အမွှာညီအစ်ကို ကံဆိုးစွာ ရုပ်ရည်ခြင်းက ခွဲမရအောင် တူနေသည်။

ဖန်နေဝန်းနှင့် ဖန်နေသွန်း အမွှာညီအစ်ကိုမှာ ခွဲခြားလို့ရနိုင်တာက ဖန်နေဝန်း ရင်ဘတ်မှာ မှည့်သုံးလုံးက မှည့်စလွယ်အဖြစ် ထူးဆန်းစွာ ရှိနေခဲ့သည်။

ဘယ်ဘက်နို့အုံဘေးမှာတစ်လုံး

ရင်ညွန့်မှာ တစ်လုံး

ညာဘက် ဗိုက်ပေါ်မှာတစ်လုံး

မှည့်က စလွယ်လို ထင်ထင်ရှားရှား သူ့ရင်အဝမှာ တည်ရှိနေသည်။

"ကိုယ် တင်းနစ်လည်းမကစားတတ်ဘူး၊ ရယ်ရတယ်နော် ကိုယ်ဘာမှ မလုပ်တတ်တာ"

ဦးဖန်နေဝန်း ပြောဆိုနေပုံက အပြစ်ကင်းစင်တဲ့ကလေးတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်လိုလို အဓိပ္ပါယ် မရှိတာဘဲ။

ခြံကြီးထဲမှာ ရေကူးကန်ရော တင်းနစ်ကွင်းရော လုပ်ထားပြီး ရှင်ဘာမှမလုပ်တတ်ဘူးဆိုတာ ရှူးနေလား။

ရှင့်လိမ့်လုံး ညာလုံးတွေကို မမထွဋ်တို့လို မိန်းကလေးမျိုးတွေပဲ ယုံမှာ။

နုနုချွတ်တောင် ယုံချင်ချင်။

သူ့မျက်လုံးတွေထဲမှာ အရောင်မရှိ။ အဖြူသက်သက်။

မိန်းကလေးတစ်ယောက်နှင့်ဆက်ဆံနေတာ ရှိ့တို့ရှန်းတန်း မျက်နှာပြင်ပေါ်မှာ ရဲတွတ်တွတ်။

သူမကတော့ အံသွားလေးတွေကိုပဲ ဖိကြိတ်ထားမိသည်။

"နုနုချွတ် သင်ပေးရမလား … ဦးဖန်နေဝန်း"

"ကောင်းတယ် … ကိုယ်လည်း တောင်းဆိုချင်ခဲ့တာ အားနာလို့ပါ၊ မင်းကတာဝန်ကလွဲပြီး အပိုအလုပ်တွေ မလုပ်တတ်လို့ပါ"

"ဦးဖန်နေဝန်းကို ၂၄နာရီ စောင့်ရှောက်ရမယ်ဆိုတော့ ဒါလည်း နုနုချွတ်တာဝန်ပဲလို့ သတ်မှတ်တယ်"

ဦးဖန်နေဝန်း ဘယ်လောက်အထိ ဟန်ဆောင်လိမ်ညာနိုင်မလဲလို့ နုနုချွတ်အကြောင်း ကောင်းကောင်းသိစေရမယ်။

သူမ ရယ်ပစ်ချင်သည်။

မခုတ်တတ်တဲ့ကြောင်ကြီး လက်သဲတွေဝှက်ထားတာ။





နုနုချွတ် သိနေခဲ့၏။

ဦးဖန်နေဝန်းကို တဖြည်းဖြည်း အနီးကပ် နေထိုင်လှုပ်ရှားဖို့ အချိန်ကျရောက်ပြီဟုထင်သည်။

"မနက်ဖြန် ကုမ္ပဏီပိတ်ရက်လေ … ကျွန်မ သင်ပေးပါ့မယ်ဟို … ကိုထွဋ်ခေါင်ကရော ရေကူးမတတ်ဘူးလား"

"မတတ်ဘူး"

"ဖြစ်မှဖြစ်ရလေ ဒုက္ခပါပဲ"

နုနုချွတ်အတွက် အကွက်ကောင်းပဲ။

"ကိုယ် ဒီခြံကြီးနဲ့တိုက်ကြီးထဲမှာနေတာ မကြာသေးဘူး နုနုချွတ် … နေတော့လည်း ကိုယ့်အလုပ်တွေကအရမ်းများတယ်လေ၊ အနားယူခံစားဖို့တောင် အချိန်မရှိဘူး"

"အရင်က ဘယ်သူတွေ နေကြတာလဲဟင်"

"ကိုယ့်အစ်ကိုပါ"

"ဟုတ်လား"

ဦးဖန်နေဝန်း ရှင်ကိုယ်တိုင်နေပြီး ဘာအစ်ကိုနေတာလဲ။

မမထွဋ် ဖုန်းထဲမှာရှိနေတဲ့ ဓာတ်ပုံက သူမှသူပဲ။

ဦးဖန်နေဝန်းပါ နာမည်ကလဲ ဖန်နေဝန်းပါပဲ။

ရှင် ဘာလိမ်ညာဟန်ဆောင်ချင်ရတာလဲ။

ကောင်းပြီလေ …



www.burmeseclassic.com

www.burmeseclassic.com



ရှင်ရေမကူးတတ်ဘူးဆိုရင်လည်း နုနုချွတ်က သင်ပြပေးရတာပေါ့လေ။

"ကျွန်မတိုက်ထဲဝင်တော့မယ် အိပ်တော့မယ်လေ ..."

"ကောင်းတယ် နုနုချွတ် ... ဒီတိုက်ကြီးထဲမှာ မင်းလွတ်လပ်သလို ပျော်ပျော်ပါးပါးနေပါ။ အားမနာပါနဲ့ ... ကိုယ့်အတွက် အပြင်မှာပဲ အန္တရာယ်ရှိတာပါ"

"အန္တရာယ်"

"စီးပွားရေးပြိုင်ဘက်တွေပါ ကိုယ်အတိုက်ခိုက်ခံရလို့"

တကယ်တော့ ဖန်ဝန်းအတိုက်ခိုက်ခံရတာ ကိုသွန်းအကြွေးရှင်တွေ။

ကိုသွန်း စော်ကားခဲ့တဲ့ ကောင်မလေးတွေရဲ့အစ်ကိုတွေက အန္တရာယ်ပေးတာပါ။

နုနုချွတ် အထင်သေးသွားမှာလည်း စိုးရိမ်နေမိသည်။

"သွားပြီနော်"

"အိုကေ"

"ဦးဖန်နေဝန်းရော ဝင်လေ"

"ကိုယ် ခဏနေခဲ့ဦးမယ်"

"ဒါဆို ... ကျွန်မ ရှိနေပေးရမှာပေါ့"

"ကိုယ့်ခြံထဲမှာတော့"





"အန္တရာယ်ဆိုတာ ပြောလို့မှမရတာ၊ ကျွန်မက ၂၄နာရီတာဝန်ယူထားရတာလေ"

နုနုချွတ်က သူ့အတွက် စိတ်ပူတယ်ဆိုတော့လည်း ရင်တွေတုန်ယင်ဖိုလှိုက်သွားသည်။

သူက အရှက်အကြောက်ကြီး၏။

မိန်းကလေးတွေနှင့် လုပ်ငန်းသဘောအရပဲ ပတ်သက်ဆက်ဆံဖူးသည်။

"ကိုယ် ဝင်ပါတော့မယ် နုနုချွတ် ... အနားယူချင်ပြီမဟုတ်လား၊ အေးအေးဆေးဆေး နားပါ"

"See You"

"Ok "

နှစ်ယောက်သား တိုက်ကြီးထဲသို့ပြန်ဝင်လာကြသည်။

ဖန်နေဝန်းအတွက်ကတော့ နုနုချွတ်က အရေးတယူနှင့် ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ဆက်ဆံပြောဆိုလာ၍ အကြီးမားဆုံးဆုလာဒ်ကြီး တစ်ခု ရရှိလိုက်သလို ပီတိတွေဖြစ်ရ၏။

နုနုချွတ်ကို နှုတ်ဆက်ပြီး အပေါ်ထပ်မှာရှိတဲ့ သူ့အိပ်ခန်းထဲ ဝင်လာခဲ့သည်။

"အား ... ပျော်လိုက်တာကွာ၊ မင်းစိတ်တွေ နူးညံ့သိမ်မွေ့လာပြီထင်တယ် ... ကိုယ့်ရင်ထဲကို အပျော်တွေယူဆောင်လာပေး



www.burmeseclassic.com

www.burmeseclassic.com



လို့ အရမ်းကျေးဇူးတင်တယ် နုနုချွတ်"

သူ မွေ့ယာကြီးပေါ် ပြစ်လှဲချလိုက်ရင်း ဖက်လုံးကြီးကို နုနုချွတ်အမှတ်နှင့် ပွေ့ဖက်နမ်းရှုံ့ပစ်သည်။

တစ်သက်လုံး တည်တည်တင်းတင်းနှင့်ပတ်ဝန်းကျင်မှာ ရှိသေလေးစားမှုရှိစေရန် ဣန္ဒြေကြီးနှင့်နေထိုင်လာခဲ့တာ နုနုချွတ်နှင့်တွေ့ဆုံပြီးမှ သူ့စိတ်တွေ နုပျိုလန်းဆန်းလာကာ မြူးတူးတက်ကြွလာသည်။

"အချစ်ကြောင့်ထင်တယ် ... နုနုချွတ်ကို ချစ်မိသွားပြီထင်တယ်ကွာ ... ချစ်တယ် နုနုချွတ်ရေ"

သူ အိပ်နေရာမှ တစ်စုံတစ်ခုကို သတိရသွား၍ အိပ်ယာပေါ် လှဲနေရာမှ ဝုန်းခနဲ ထထိုင်သည်။

မနက်ဖြန် နားရက်မှာ နုနုချွတ်က သူ့ကို ရေကူးသင်ပေးမည်ဖြစ်သည်။

ရင်တွေ ခုန်လိုက်တာ အရေးကြီးတာက သူ့ Body Structure ပဲ။

နုနုချွတ်ရှေ့မှာ မိန်းကလေးတစ်ယောက် မှီခိုအားထားချင်စရာ ခန္ဓာကိုယ် အလှအပ ကြွက်သားအဖုအထစ်တွေ။

သူ မှန်ရှေ့သွားရပ်ပြီး ခန္ဓာကိုယ်မှာဝတ်ထားတဲ့ အင်္ကျီတွေကို ချွတ်ပစ်လိုက်သည်။





"ဖန်နေဝန်း မင်းကယောက်ျားပီသလွန်းတာပဲ၊ အား ... ရင်အုပ်ကျယ်ကျယ်တွေနဲ့ နုနုချွတ် ကြွေသွားနိုင်တယ်"

မှန်ထဲမှ သူ့ခန္ဓာကိုယ်တည်ဆောက်ပုံ ကျစ်လစ်မာကျောမှု ဖြူနုတဲ့အသားပေါ်မှာ မဲ့က နက်နက်ထင်ထင်။

ကိုယ့်မှာ မှည့်စလွယ်ရှိတယ်လို့ ကြွားလုံးထုတ်ရမည်။

"ရေကူး သင်မယ်လို့ ကြံစည်နေတာ၊ တော်သေးတယ် ကိုယ်သင်တန်းဆရာခေါ်ပြီး မသင်မိပေလို့"

နုနုချွတ် ...

နုနုချွတ် ...

မင်းလေးက ကိုယ့်ဘဝထဲကို မထင်မှတ်ဘဲရောက်လာတယ် ကိုယ့်နှလုံးသားတွေထဲ အချစ်တွေ ဖြစ်ထွန်းစေတယ်။

ကိုယ် အပျော်တွေရှာတွေ့ခဲ့တာပဲ။

ဖန်ဝန်း ကလေးကလားဆန်နေပြီလား။

ခပ်ကြောင်ကြောင် အပြုအမူတွေ လုပ်ဆောင်နေမိသည်။

"နုနုချွတ်ကို ချစ်တယ်၊ ကိုယ့်အနားမှာ ထာဝရနေပေးစမ်းပါ။ ကိုယ့်ရဲ့ ပါရမီဖြည့်ဖက်အနေနဲ့လေ ..."

သူ ညအိပ်အင်္ကျီကိုလဲပြီး အိပ်ယာပေါ် ပြန်လှဲအိပ်သည်။

မျက်လုံးတွေ မှိတ်ထားလည်း နုနုချွတ်ကိုတွေ့မြင်နေသည်။

အိပ်မက်ထဲအထိ နုနုချွတ်က စိုးမိုးနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



ရေကူးကန်ထဲမှာ သူ ရေနစ်သည်ဟု အိပ်မက်မက်နေရာ လန့်၍နိုးသွား၏။ သူ့ခန္ဓာကိုယ်တစ်ခုလုံး ချွေးတွေရွှဲနစ်နေပြီး မောပန်း နွမ်းနယ်နေသည်။

အိပ်မက်ထဲမှာ နုနုချွတ်က သူရေနစ်နေတာကို မကယ်ဘဲ တဟားဟား ရယ်မော လှောင်ပြောင်နေ၏။

အိပ်မက်ကြီးကလည်း မကောင်းလိုက်တာ။

တကယ်ဆို သူရေနစ်နေတာ လာကယ်ပြီး အသက်ရှူစေရန် နှုတ်ခမ်းခြင်းတေ့ပြီး ... ။

အား ... စိတ်တွေ ဂယောင်ခြောက်ခြားနှင့် အိပ်ယာပေါ်မှ ထကာ ရေတဘူးယူပြီး မော့သောက်ပစ်လိုက်ရသည်။





အခန်း ( ၁၀ )

ဖျံမလေးတစ်ကောင် အနက်ရောင် ရေကူးဝတ်စုံလေးနှင့် ဖြူဝင်းအိနေတဲ့ အသားအရည်ပေါ်မှာ အနက်ရောင်ရေကူးဝတ်စုံက နေရောင်တောက်တောက်လေး ပက်ဖြန်းထားသော အပြာရောင်ကြွေပြား အလှတွေဆင်ထားတဲ့ ကန်ဘောင်ပေါ်မှာ လက်လေးပိုက်ပြီး ရပ်နေသည်။

နုနုချွတ်ပါ။

ခေါင်းမှာစွပ်ထားတဲ့ အနက်ရောင်ခေါင်းစွပ် ရေကူးမျက်မှန် အနက်ရောင်။

သူမ အလွန်လှပ တက်ကြွလွန်း၏။

သူမစောင့်နေတာက ဦးဖန်နေဝန်းပဲ။

"တွေ့ကြသေးတာပေါ့ ဦးဖန်နေဝန်းရယ် ... နုနုချွတ် အကြောင်း ကောင်းကောင်းပြရသေးတာပေါ့၊ ရှင်ကြီး ရေမကူး



www.burmeseclassic.com

www.burmeseclassic.com



တတ်ဘူးဆိုတာ နုနုချွတ်က ယုံတယ်ထင်လား”

နှုတ်ခမ်းဖူးဖူးလေးတွေက စုထော်ထော်။

အနီရောင်ရဲရဲ နှုတ်ခမ်းနီကို ရဲရဲလေးဆိုးထားသည်။

ဦးဖန်နေဝန်းထွက်လာပြီး ခန္ဓာကိုယ်အပေါ်ပိုင်း အဝတ်ဗလာနှင့်အောက်ပိုင်းမှာတော့ အပြာရင့်ရောင် မွေးပွသဘက်ကြီးကို ရစ်ပတ်ထား၏။

ဦးဖန်နေဝန်းကလည်း လန်းဆန်းတက်ကြွနေသည်။

“မင်းတောင် အဆင်သင့်ဖြစ်နေပြီလား နုနုချွတ်”

“ဟုတ်ကဲ့”

နုနုချွတ်နှင့်အကြည့်ခြင်း ဆုံမိသွားသည်။

နုပျိုလန်းဆန်းတဲ့ အလှတရားတွေ ဖန်ဝန်း နှလုံးသားထဲ နွေးနွေးထွေးထွေး တိုးဝင်လာသည်။

“နုနုချွတ် … အရမ်းလှတယ်ကွာ၊ ရင်ကိုစွဲငြိသွားတယ်၊ မင်းကို ကိုယ်ချစ်နေပြီထင်တယ် … ကိုယ့်ရင်တွေ အရမ်းခုန်နေပြီ”

စိတ်ထဲမှာ မရိုးမရွ။

နုနုချွတ်လို နတ်မိမယ်လေးနဲ့ ရေကူးသင်ခွင့်ရတာ အကြီးမားဆုံး ဆုလာဒ်ကြီးပဲ။

ဖန်ဝန်း နဲနဲတော့ ထူထူပူပူ နုနုချွတ်က ရေမကူးတတ်တဲ့ ကောင်မလေး။

သူက ရေကူးသင်ပေးရမယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ။

အရပ်ကမြင့်မြင့် ဖြူဖွေးဝင်းနှစ်သွယ်တန်းနေတဲ့ ပေါင်တံတွေ။

အကြည့်ကို ထိန်းကွပ် အာရုံလွှဲပြောင်းနေရသည်။

“ဦးဖန်နေဝန်း”

“ဟင်”

“ဘာဖြစ်လို့လဲ မျက်နှာပေါ်မှာ သွေးမရှိတော့သလိုပဲ ဖြူရော်ရော်နဲ့ ကြောက်နေပြီလား”

“ကိုယ်က ရေတော့ နဲနဲကြောက်တယ် နုနုချွတ်”

“အဟက် … ”

သူမ ရယ်မောသည်။ သွားဖြူဖြူ စိနံစိနံနီလေးတွေ ပေါ်သွားသည့်အထိပင်။

ဖန်ဝန်းလည်း ကလေးကလား အပျော်တွေ စီးဝင်ပြီး ရယ်မောလိုက်သည်။

“အဟက် … ရယ်ရတယ်၊ ကိုယ် ယောကျာ်းတစ်ယောက်လိုပဲ သတ္တိမရှိလိုက်တာ … အဟွန်း … ဟွန်း … ”

“လက်ပေးလေ”

“ဟင်”



www.burmeseclassic.com

www.burmeseclassic.com



"ရေထဲဆင်းမယ်လေ"

"ဩော်"

ယောင်ချာချာ နုနုချတ်လည်း အမူအယာကောင်းလွန်းတဲ့ ဦးဖန်နေဝန်းရဲ့ လက်ကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်ရာ သူ့ခန္ဓာကိုယ်ကြီး တောင့်သွား၏။

သူမ စူးခနဲ ကြည့်မိသွားတာက သူ့ရင်ဘတ်ပေါ်မှ ထင်ရှားတဲ့ မှည့်သုံးလုံး စလွယ်ပဲ။

လူချစ်လူခင်များမယ့် လက္ခဏာ။

ဒါပေမဲ့လည်း ...

နုနုချတ်ကတော့ မမထွင့်အား မရဏာလမ်းကို ခေါ်ဆောင်သွားခဲ့သူ။

ရာဇဝတ်သားကြီးဟု ထင်မှတ်လာခဲ့သည်။

"ဗွမ်း ..."

"အား ..."

"ရေကူးသင်တယ်ဆိုတာ ကြောက်နေလို့ မရဘူး"

သူနှင့်နုနုချတ်က ထူးဆန်းစွာ ညှိနှိုင်းမထားဘဲ ရေကူးဘောင်းဘီအနက်ရောင်က တူညီနေသည်။

ဖြူနုတဲ့ အသားဝင်းဝင်း စက်စက် ခန္ဓာကိုယ်က အပေါ်ပိုင်းဗလာ ကြွက်သားတွေက အဖုအထစ် ရှင်က ဖွဲ့ဆောင်မှုရှိပါတယ်။





နုနုချတ် စိတ်တွေပျော့ညွှံ့သွား လို့မဖြစ်ဘူး။

ဦးဖန်နေဝန်းကို ရေကူးနည်း စနစ်တွေ သင်ပေးရင်း ရေလယ်သို့ မသိမသာ ဆွဲခေါ်သွားသည်။

"ကိုယ်ကို ဖော့ထားပါ၊ ခြေထောက်တွေ နုနုချတ် ခတ်သလိုလိုက်ခတ်ပါ ... မကြောက်ပါနဲ့ ... နုနုချတ် ရှိပါတယ်"

"ကိုယ် ... ကိုယ် ရေကန်အလယ်အထိသွားလို့ ဖြစ်ပါ့မလား"

"နုနုချတ်ကို မယုံတာလား"

သူ ညက အိပ်မက်ကို သွားပြီးသတိရမိသည်။

နုနုချတ်က သူရေနစ်နေတာကို မကယ်ဘဲ တဟားဟားအော်ရယ်ရင်း ရှင်သေလိုက်တဲ့။

ရှင်ရေနစ်သေသွားတာကို ကျွန်မထိုင်ကြည့်နေမယ်တဲ့။

သူမ လက်လေးနှင့်ထိန်းမတ်ရင်း သူ့ကို ရေကန်အလယ်အထိ တဖြည်းဖြည်း ဆွဲခေါ်သွားသည်။

"နုနုချတ်ရယ် ... မင်းကို ယုံကြည်ပါတယ်၊ မင်းသတ်မယ်ဆိုရင်တောင် ကိုယ်သေရဲတယ်"

ဖန်ဝန်း ရင်တွေဖိုလှိုက်ပြီး နှလုံးခုန်သံတွေက တဒိန်းဒိန်း။

နုနုချတ် ခန္ဓာကိုယ်လေးနှင့် သူ့ခန္ဓာကိုယ်က ပူးကပ်ကပ်။

တစ်ခါတရံ ဖျံမလေးရဲ့ကိုယ်လုံးချောချောလေးကို လွတ်



www.burmeseclassic.com

www.burmeseclassic.com



ထွက်သွားမှာ ကြောက်သည့်အလား သူ့လက်တွေက မရည်ရွယ်ဘဲ ဆွဲယူဖက်မိသွားသည်။

သူမ နှုတ်ခမ်းရဲရဲလေးကို နမ်းပစ်ချင်တယ်။

ကိုယ့်ကို ရေကန်မှာ ဆွဲနှစ်ပစ်လိုက်မှာကြောက်လို့။

"ဟုတ်ပြီ ... ခြေတွေလက်တွေကို ကူးခတ်ပါ၊ ဦးဖန်နေဝန်းက အတတ်မြန်သားပဲ ... မကြောက်နဲ့နော်"

"အင်း"

သူ့ကိုကြည့်ရတာ တကယ်ပဲ ရေကူးမကျွမ်းကျင်သေးတဲ့ပုံ။

သူ့မျက်ဝန်းအရိပ်တွေက ဟန်ဆောင်မှုကင်းမဲ့စွာ ထိတ်ထိတ် လန့်လန့်တော့ ဖြစ်နေသည်။

ရှင့်ရဲ့ အပိရိဆုံး သရုပ်ဆောင်ကွက်က ရှင့် မျက်ဝန်းအတွင်းမှာရှိနေတဲ့ အရောင်တွေပဲ။

အဖြူရောင် ...

မမထွေး့ကို အမှည့်ခြွေပစ်လိုက်တဲ့ ဦးဖန်နေဝန်းမှ ဟုတ်ရဲ့လား။

ရေနှစ်ပြီး သတ်ပစ်ဖို့ပင်။

သူမ ရက်စက်နိုင်ပါ့မလားဟု သူမစိတ်တွေကို သူမ သံသယဖြစ်လာနေရသည်။

ဦးဖန်နေဝန်းရဲ့အရှက်တွေ ဖုံးလွှမ်းပြီး ပန်းသွေးရောင်ထ





နေတဲ့ မျက်နှာပြင်ပေါ်မှာ သူမရဲ့ ပီပြင် ပွင့်လင်းတဲ့ ခန္ဓာကိုယ် အလှအပတွေကို မကြည့်ရဲသလိုလို မျက်ဝန်းအစုံက အရှက်အကြောက်တွေ အမှန်တကယ်ပဲ ရောထွေးယှက်နွှယ်နေသည်။

"နုနုချွတ် ... ကိုယ်တို့ ခဏလောက်နားရအောင်၊ ရေကန်အလယ်က နက်တယ်၊ ကိုယ့်ခန္ဓာကိုယ် နစ်မြုပ်တော့မယ်ထင်တယ်"

"နုနုချွတ် ရှိပါတယ် မကြောက်ပါနဲ့ ... ဟိုကန်ဘောင်ပေါ်မှာ ဦးဖန်နေဝန်းရဲ့ တပည့်လည်းရှိနေပါတယ်"

"ထွေး့ခေါင်လည်း ရေမကူးတတ်ဘူးထင်တယ်"

"မကြောက်ပါနဲ့ ရေကူးသင်တဲ့သူဆိုရင် ရေတစ်ကြိမ်တော့ အနည်းဆုံး နစ်ဖူးတယ်"

ရှင်က နုနုချွတ်နဲ့မှ သင်ချင်နေတာမဟုတ်လား။

ရှင့်ကံကြမ္မာပဲလေ။

ကျွန်မ အသေမသတ်ပါဘူး။

ရေမွန်းပြီး အသိမဲ့ရုံလေးပါ။

"အား ... ကျွတ် ... ကျွတ် ... ဒုက္ခပါပဲ ... ဦးဖန်နေဝန်း နုနုချွတ် ခြေသလုံး ကြွက်တက်နေပြီ ... အား ..."

"ဟာ ..."

သူ့ကို ထိန်းမတ်ထားတဲ့ သူမလက်တွေ ရုတ်တရက် လွှတ်



www.burmeseclassic.com

www.burmeseclassic.com



ချလိုက်ပြီး သူမခြေသလုံးကို နှိပ်နယ်နေလိုက်သည်။

"အား ... နုနုချွတ်၊ ကိုယ်ရေမကူးတတ်ဘူးကွ၊ လုပ်ပါဦး ရေနစ်တော့မယ် ... ဟာ ... နုနုချွတ် ... "

"ဒီမှာ နုနုချွတ်လည်း ခြေသလုံးကြွက်တက်နေတယ် ဘယ်လိုမှကူးလို့မရတော့ဘူး ... ဘယ်လိုလုပ်ရမလဲ ဦးဖန်နေဝန်း"

"ဒုက္ခပါပဲကွာ ... ဖူး ... အား ... ဖူး ဖူး ရေတွေပါးစပ်ထဲဝင်ကုန်ပြီ မင်းရော ရရဲ့လား နုနုချွတ် ... "

"မရဘူး ... အား ကျွတ် ကျွတ် ... နုနုချွတ်လည်း ရေထဲမြုပ်တော့မယ်ထင်တယ် ... အမလေး ... "

သူမ ခြေသလုံးကြွက်သားကို နှိပ်နယ်ရင်း ရေထဲငုပ်ဆင်းသွားသဖြင့် သူ့ခန္ဓာကိုယ်ကြီး ရေထဲမြုပ်နေရင်း သူမအတွက် စိုးရိမ်တကြီး အော်ဟစ်သည်။

"ဟော့ကောင် ထွန်းခေါင် ... ဒီမှာ နုနုချွတ် ကြွက်တက်ပြီ ရေနစ်တော့မယ်ကွ ... ကယ်ဦး"

သူ အရမ်းစိတ်ပူသွားသည်။

သူလည်း ကိုယ်ဖော့ထားတာ မရတော့။

သူ့ခန္ဓာကိုယ်က တဖြည်းဖြည်းလေးလံလာ၏။

နုနုချွတ်ကို ကန်ရေပြင်ပေါ်မှာ မတွေ့ရတော့ စိုးရိမ် ထိတ်လန့်ကာ နုနုချွတ်ကို ဖမ်းဆွဲဖို့ ကြိုးစားနေရင်း သူ့ခန္ဓာကိုယ်ကြီး





ရေထဲ နစ်မြုပ်သွားသည်။

"ဂူး ဂူး ... နုနုချွတ် ... အား ... "

သူမရဲ့ နောက်ပြောင်ကျီစယ်မှုတွေက ရုတ်တရက် ရပ်တန့်သွားသည်။

ဦးဖန်နေဝန်း အသက်ဆုံးရှုံးသွားမှာ အလွန်အမင်းထိတ်လန့်ကြောက်ရွံ့သွားရကာ သူမရဲ့အမုန်းတရားတွေ ရုတ်ချည်းပျောက်ဆုံး၍ ဦးဖန်နေဝန်းရှိရာသို့ အလျင်အမြန် ကူးခတ်သွားမိသည်။

"ဦးဖန်နေဝန်း သတိထားပါ ... နုနုချွတ် လာကယ်ပါပြီ"

ကိုထွန်းခေါင်ကလည်း ကန်ဘောင်ပေါ် စိုးရိမ်တကြီးအော်ဟစ်ရင်း ကူညီမည့်သူကို ရှာဖွေနေသည်။

ခြံစောင့်ကြီး ကိုစိန်က ရေထဲ ဝုန်းခနဲ ထိုးဆင်းလာနေ၏။

သူမကတော့ ဦးဖန်နေဝန်းရဲ့ ခန္ဓာကိုယ်အား ဖက်တွယ်ဆယ်ယူ ကူးခတ်လာသည်။

"မိန်းကလေး ... သူ့ဒွေးကို ကျုပ်သယ်သွားမယ်၊ မိန်းကလေးပဲ အပေါ်ရောက်အောင် ကူးခတ်သွားပါ၊ မိန်းကလေးလည်း မောနေပြီထင်တယ်"

"ကျွန်မ ခြေသလုံးကြွက်တက်သွားလို့ပါ ... ဦးဖန်နေဝန်းကို ကြည့်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com



သူမ ရေကန်ဘောင်ပေါ်ရောက်လာတော့ ဦးဖန်နေဝန်းက သတိလစ်နေသည်။

ဦးစိန်က ပခုံးပေါ်ထမ်းပြီး ရေတွေပြန်အံစေရန် ပြေးနေ၏။

သူ သတိပြန်ရစေရန် ရှေးဦးသူနာပြုနည်းတွေနှင့် ဦးစိန်က ပြုစုပေးသည်။

"ကိုထွဋ်ခေါင် ဆရာဝန်ကို ဖုန်းဆက်ခေါ်ပါ ... မြန်မြန်"

နုနုချွတ် ... ရေကန်ဘောင်ပေါ်မှာ ထိုင်ချပစ်သည်။

ဘာမှ မပြုစုတတ်သလို ကြွက်တက်လို့ပဲ မောပန်းနာကျင်သလောက် သူ့ကိုမကြည့်တော့။

ခဏကြာတော့ သူ့အသိတွေ ပြန်ဝင်လာသည်။

"နုနုချွတ်ရော ... နုနုချွတ်"

"နုနုချွတ် ဘာမှမဖြစ်ပါဘူး ဦးဖန်နေဝန်း"

"ကိုယ် အရမ်းစိတ်ပူတယ် ... မင်းဘာမှမဖြစ်ဘူးနော် နုနုချွတ်"

"ဟုတ်ကဲ့"

"အမ်ဒီ ... ကံကောင်းတယ်၊ နုနုချွတ် ခြေသလုံးကြွက်တက်တာ ပြန်ကောင်းသွားလို့ အမြန်ဆုံးကယ်တင်လာနိုင်လို့လေ"

"ဟင်"

ဦးဖန်နေဝန်းကို ကြည့်ရတာ အမှန်တကယ်ပဲ ရေမကူးတတ်



ပေ။

သူမ တော်တော်လေး ရှေ့ခွန်းတဲ့အထိ ပစ်ထားမလို့ဟာ။

သူမ နှလုံးသားတွေထဲက မရက်စက်နိုင်။

အမုန်းတွေ နာကြည်းမှုတွေ လက်တုန့်ပြန်လိုမှုတွေ နဲနဲလေး လျော့ပါးသွားမှာကိုတောင် မလိုလားတဲ့သူမ။

"အမ်ဒီ တိုက်ထဲဝင်ရအောင်ပါ ဆရာဝန်လာတော့မယ်၊ နုနုချွတ် မင်းလည်း အဝတ်အစားလဲသင့်နေပြီ"

"ဟုတ်ကဲ့"

သူမ ထလိုက်သည်။

နဲနဲလေး ယိမ်းယိုင်သွားသဖြင့် ဦးဖန်နေဝန်းက သူမအား ဖမ်းထားဖို့ ဟန်ပြင်လိုက်ပေမယ့် ခန္ဓာကိုယ်က မမတ်နိုင်။

"နုနုချွတ်အတွက် မပူပါနဲ့ ဦးဖန်နေဝန်း ... ဒီလောက်လေးကတော့ အပျော့ပါ"

တကယ်လည်း သူမ ဘာမှမဖြစ်။

ဦးဖန်နေဝန်းရဲ့တပည့်တွေရှေ့မှာ မူယာမာယာများပြလိုက်တာ။

သူမကို ဘယ်လောက်အထိ ငမ်းနေကြပြီလဲ။

ပေါင်တံဖွေးဖွေးတွေ ဘယ်ညာ တွန့်လိမ်ကောက်၍ လျှောက်ရင်း တိုက်ကြီးထဲဝင်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အမ်ဒီ"

"ဟင်"

"အမောပြေသွားပြီလား"

"မင်းကလဲကွာ"

သူ့အကြည့်တွေက နုနုချွတ် လျှောက်သွားရာနောက်သို့ စီးမျောလိုက်ပါသွားနေ၍ ထွန်းခေါင် ရီသည်။

သူနဲ့နဲ့တော့ မောပန်းနွမ်းနယ်နေကာ ခန္ဓာကိုယ်ကနာကျင်တောင့်တင်းနေ၏။

အိပ်မက်ထဲမှာ အတွေးကို ရုတ်ချည်းရပ်ပစ်ထားသည်။

"ရှင်ရေနစ်ပြီးသေတာကို ကျွန်မက ဟားတိုက်ရယ်ကြည့်နေချင်တာ ... ဟင်း ဟင်း ဟင်း ... "

အိပ်မက်ထဲမှာ နုနုချွတ် စကားတွေ။

အပြင်မှာတော့ နုနုချွတ်က သူ့ကို စိုးရိမ်တကြီး ကယ်တင်ခဲ့သည်။

ရေနစ်ပေမယ့်လည်း ပျော်သလိုလို။

"တိုက်ထဲဝင်ရအောင် အမ်ဒီ ... သက်သာရဲ့လား၊ ကျွန်တော်လည်း ရေမကူးတတ်လို့ အော်ဟစ်နေရုံကလွဲပြီး ဘာမှမလုပ်တတ်ဘူး၊ နုနုချွတ် ပြန်ကောင်းသွားလို့ပေါ့"

ခြံစောင့်ကြီးကိုစိန်နှင့် ထွန်းခေါင်တို့တွဲ၍ တိုက်ထဲဝင်လာ





ခဲ့သည်။

ဆရာဝန်ရောက်လာတော့ အားဆေးတွေ သွင်းပေး၏။

ကိုဖန်နေဝန်းရဲ့ နှလုံးတွေ နှလုံးခုန်နှုန်း မမှန်သေးဘူးတဲ့။

ဆေးတွေပေးသွားသည်။

ထွန်းခေါင်က ရေတွေဝင်လို့မဟုတ်ဘူးတဲ့။

နှလုံးသားထဲကို အချစ်တွေဝင်သွားလို့တဲ့။

နုနုချွတ်ကို ဆေးစစ်ဖို့ပြောတော့ သူမက ကိုယ်လက်ကြံ့ခိုင်ရေးလုပ်ပြီး ရေချိုး အလှပြင်ဆင်ပြီးနေ၏။

သူ့အနား အလှတရားတွေ ခြံရံ၍ ဝင်ရောက်လာသည်။

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၁ )

"ချွတ်"

"ဘာချွတ်ရမှာလဲ အမ်ဒီ ... အင်္ကျီလား"

"နုနုချွတ်ကို မတွေ့လို့မေးနေတာကွ"

ချွတ်ဆိုတဲ့အသံကြားတိုင်း ထွဋ်ခေါင်က သူ့ခန္ဓာကိုယ်မှာ ဝတ်ထားတဲ့ အဝတ်အစားတွေကို ချွတ်ချင်လာသည်။

အမ်ဒီရဲ့ တည်တည်မှုန်မှုန် မျက်နှာထားတင်းတင်းကြီး ပြေလျော့သွားရတာကိုတော့ ထွဋ်ခေါင် ကြိုက်၏။

နုနုချွတ်နဲ့တွေ့မှ အရာရာကို ဒေါသတကြီး တုန့်ပြန်ချင်နေတဲ့ အမ်ဒီ ဖန်နေဝန်း အချိုးပြောင်းသွားတော့သည်။

"နုနုချွတ် ... သန့်စင်ခန်းကိုသွားပါတယ်ဘော့စ် ... "

"ဘယ်ကို သွားတယ်၊ ဘယ်သူ့ဆီမှာ ခွင့်တောင်းပြီးသွားရတာလဲ ဘာဖြစ်လို့ ဒီလောက်တောင် ကြာနေရတာလဲ"





"အမ်ဒီ ... နုနုချွတ် Toilet ကိုသွားတာပါ၊ ကျွန်တော်က သန့်စင်ခန်းကို ယဉ်ယဉ်ကျေးကျေးပြောတာပါ၊ ဘယ်သူ့ဆီမှာ ခွင့်တောင်းဖို့လိုသေးလို့လဲ ... အချိန် အကန့်အသတ်နဲ့လား၊ ကျွန်တော်သိသလောက် ဆယ့်ငါးမိနစ်ပဲ ကြာဦးမယ်ထင်တယ်"

"ဟင်"

ဟုတ်သားပဲ။

ဖန်ဝန်း အူကြောင်ကြောင် ဖြစ်သွားရသည်။

နုနုချွတ် ပျောက်သွားတာ ခဏလေးပဲရှိသေးတာ။

သူ့သတိလစ်ပြီး မေးမိသွား၏။

ထွဋ်ခေါင် မျက်နှာက စပ်ဖြဲဖြဲ။

ဒုက္ခပါပဲကွာ ... ။

သူ မျက်နှာကိုဘယ်ထားရမှန်းမသိ။

ဖန်နေဝန်း မင်းဘာတွေဖြစ်နေရတာလဲ။

တကယ့်ကို အလွဲလွဲအချော်ချော်နဲ့ကွာ။

မျက်နှာထားကို ပြန်တင်းလိုက်သည်။

"ကိုယ်အလုပ်တွေ အရမ်းများနေတယ်ထွဋ်ခေါင် ... မိသားစုကိစ္စတွေကလည်း ရှိသေးတယ် ... ကိုသွန်းကြောင့်ပါ"

"အာစရိရဲ့ အမွှာအစ်ကိုကတော့ စံပဲဗျာ၊ မမြင်ဘူးပေမယ့် အာစရိနဲ့တော့ လုံးဝဆန့်ကျင်ဘက်ပဲ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း"

သူ့အမှာအစ်ကိုအကြောင်း ထွဋ်ခေါင်ကို နဲနဲပါးပါးပြောပြထားမိသည်။

သူ့ရင်ဖွင့်စရာ တပည့်ထွဋ်ခေါင်ပဲရှိနေ၏။

ထပ်ပြီး ရင်ဖွင့်ပြချင်တာက နုနုချွတ်ကို ချစ်မိနေတဲ့အကြောင်း ဘယ်လိုဖွင့် ပြောရမလဲ။

နုနုချွတ် ရင်ထဲမှာ ချစ်တတ်တဲ့နှလုံးသားရော ရှိနေရဲ့လား။ ကိုယ်အလုပ်ထဲမှာတောင် စိတ်နှစ်ထားလို့မရတော့ဘူး။

မာဂရက်ကိုပဲ တောင်းဆိုရင်ကောင်းမလား။

နုနုချွတ် ကိုယ်ရေးရာဇဝင်မှာ တကောင်ကြွက်။ ဖခင်သေဆုံးတာ လွန်ခဲ့သော တစ်နှစ်က။ နုနုချွတ် သူ့ရှေ့ကနေ ဆယ့်ငါးမိနစ်လောက်ပျောက်သွားတာ နာရီပေါင်းများစွာ ကြာမြင့်နေပြီဟု ထင်မှတ်နေသည်။

"လွမ်းတယ်"

"ဗျာ ... အမ်ဒီ ဘယ်သူ့ကိုလွမ်းနေရတာလဲ"

"ကိုယ့်အစ်ကိုကိုပါ"

"အမ်ဒီပဲ အရမ်းဆိုးသွမ်းလွန်းလို့ မုန်းနေမိတယ်ဆို မျက်နှာချင်းတောင် မဆိုင်ချင်ဘူးဆို"

"ဒါကို ကိုယ်ဘယ်သူ့ကိုလွမ်းနေလဲ မသိတော့ဘူးကွာ"



BURMESE CLASSIC .com



"နုနုချွတ်ကိုလား ... ချွတ် ... "

"ဟော့ကောင် ... "

ထွဋ်ခေါင် ပြောသလိုပဲ ချွတ်ဆိုတာနဲ့ ခန္ဓာကိုယ်မှာကပ်နေတဲ့ အဝတ်အစားတွေကို ချွတ်ပစ်ချင်သည်။

ချွတ် ...

နုနုချွတ် နာမည်ကလည်း ရင်ဖိုစရာ။

လူကလဲ အိအိစက်စက် တောင့်ဖြောင့်ဝင်းမှည့်။

ထွဋ်ခေါင်ရယ်သံကြောင့် အထိတ်တလန့် အသိတွေ ပြန်ကပ်လာ၏။

သူလည်း ရယ်သည်။

"ဟုတ်ပါပြီ အမ်ဒီလည်း လူပျိုကြီးဘဝကနေ ကျွတ်သင့်နေပါပြီ၊ နုနုချွတ်ကို ချစ်နေတယ် မဟုတ်လား ... "

"အချစ်ဆိုတာ ဘာလဲကွ"

"စောစောကလေ အမ်ဒီက ချစ်သူ(၁၅)မိနစ်လောက် ပျောက်သွားတာကို ရက်ပေါင်းများစွာ ပျောက်ဆုံးနေသလိုလို စိုးရိမ်တကြီး မေးတာမျိုး"

ဖြစ်နိုင်တယ်။

သူ့မျက်စိအောက်ကနေ ချစ်သူအား စက္ကန့်လေးမျှပင် အပျောက်မခံနိုင်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အတွေးထဲမှာရော သူ့နှလုံးသားထဲမှာရော အပြည့်အဝ နေရာယူနေတာက နုနုချွတ်။

"အိုကေ ... ကြိုးစား"

"ဘာလဲကွ"

"အချစ်အတွက်"

"ဟာ ... တော်တော် ... ဟိုမှာလာပြီ"

"နုနုချွတ် ... ချစ်ရတဲ့ ချွတ်"

"ဟော့ကောင်"

နုနုချွတ် ပြန်ဝင်လာသည်။

အထက်အရာရှိက လက်အောက်ငယ်သားကို မော့မကြည့်ရဲ။

အချစ်က အင်အားကြီး၏။

သူမက ထိုင်နေကျစားပွဲမှာ ထိုင်နေသည်။

"ထွဋ်ခေါင် ... မင်းပေါက်ကရတွေ သွားမပြောနဲ့နော်၊ ကိုယ့်ကို အထင်သေးသွားမယ်"

"အမ်ဒီ ... သတ္တိရှိရှိနော်"

ထွဋ်ခေါင် ထွက်သွားမှ သူ့စိတ်တွေ အသက်ရှုချောင်သွားသလိုပင်။

နုနုချွတ် သဘောထားက အရင်ကလောက် မတင်းမာ





တော့။ သူ့အလုပ်ကိစ္စတွေမှာ စိတ်ဝင်စားလာသည်။ ဝင်ရောက်ကူညီလုပ်ကိုင်ပေးတတ်၏။

သူ ရေကူးလည်း ကျွမ်းကျွမ်းကျင်ကျင် ကူးတတ်နေသည်။

ညနေ တင်းနစ်ရိုက်တာ သင်ပေးမည်တဲ့။

သူ အရမ်းပီတိတွေ ဝေနေသလိုလို နုနုချွတ်နှင့်အနီးကပ်နေထိုင်ရတာ သူ့ဘဝမှာ အရာရာပြည့်စုံလာခဲ့ရသည်။

"ဦးဖန်နေဝန်း"

"ဟင် ... ဪ ... ပြောပါ နုနုချွတ်"

"ဒီညနေ အစည်းအဝေးရှိတယ် မဟုတ်လား"

"အား ... ဟုတ်သားပဲ ကိုယ်မေ့နေတယ်၊ နုနုချွတ် သတိပေးလို့ပေါ့၊ မင်း ... မင်းကိုယ့်စီးပွားရေးကိစ္စတွေမှာ စိတ်ဝင်စားလာလို့ ကျေးဇူးတင်တယ်"

"ဪ ... ကျွန်မတို့ တင်းနစ်သင်ဖို့ အစီအစဉ်ကို ဖျက်ရမယ်ထင်တယ်"

"အဲဒါတော့ မဖြစ်ဘူးထင်တယ် နုနုချွတ် ... "

"ရှင်"

"ကိုယ့်ရဲ့အပမ်းဖြေမှုက အရေးကြီးတယ်၊ ကိုယ်အရမ်းစိတ်ပင်ပန်းနေတယ်၊ အနားယူချင်တယ် ... အစည်းအဝေးက လုပ်နေကျ အပတ်စဉ်အစည်းအဝေးမို့ ကိုယ်လက်ထောက်တွေပဲ တက်လိမ့်



www.burmeseclassic.com

www.burmeseclassic.com



မယ်”

ဦးဖန်နေဝန်း ရှင်တော်တော်လေးပြောင်းလဲသွားတာပဲ။ စီးပွားရေးကို သဲသဲမဲမဲ လုပ်တတ်တဲ့သူက ဦးဖန်နေဝန်း။ သူမနှင့်နီးစပ်မှုရှိစေရန် လုပ်ဆောင်နေမှုတွေက ဖရိုဖရဲ အမူအယာပျက်ပျက်နှင့်။ ယောက်ယက်ခတ်နေလွန်းတာကိုက မရိုးသားတာ။

တကယ်ဆို ဦးဖန်နေဝန်းက စီးပွားရေးလုပ်ငန်းရှင်ကြီးပျို့မေတိုင်းအားကိုးမှီခိုဖို့ စိတ်ကူးယဉ်အိပ်မက်တွေဖြစ်နေတာကို နုနုချွတ်ကိုတော့ ဟန်ဆောင်နိုင်ခြင်းမရှိအောင် စိတ်လှုပ်ရှားမှုပြသနေ၏။

ရှင် ... မရိုးသားဘူး။

နုနုချွတ်က မာကျောကျော။

သူက သူမနှလုံးသားတွေ ပျော့ပြောင်းနူးညံ့လာအောင် လှုံ့ဆော်ကြိုးစည်လုပ်ဆောင်နေသည်။

“ကိုယ် မတက်ဘူး နုနုချွတ် ... အရေးတကြီးကိစ္စမှမရှိတာဘဲ၊ ကိုယ်တို့ ရုံးစောစောဆင်းမယ်၊ ကိုယ်ကျန်းမာရေး လိုက်စားရမယ်၊ အလုပ်ကိစ္စတွေ ခဏနားထားချင်တယ်”

“ကောင်းပါတယ် ဦးဖန်နေဝန်း ... အစည်းအဝေးကို ဦးဖန်နေဝန်း မတက်ဘူးဆိုတာ လက်ထောက်ကိုထွန်းခေါင်ကို သွားပြီး အသိပေးလိုက်ပါ့မယ်”





သူမ ထွက်သွားဖို့ ခန္ဓာကိုယ်လေး တစ်ဖက်လှည့်သွားမှ သတိရပြီး အထိတ်တလန့် ကပျာကယာတားဆီးလိုက်ရသည်။

“ချွတ် ... အဲ ... နုနုချွတ် ... မင်းမသွားနဲ့၊ ကိုယ်ဖုန်းဆက်အကြောင်းကြားပါ့မယ်၊ အပြင်ကို ထွက်မသွားပါနဲ့တော့”

“ရှင်”

နုနုချွတ်နှင့်ပတ်သက်ရတဲ့ကိစ္စတိုင်း စကားလုံးတွေ သူ့အပြုအမူတွေက အလွဲလွဲအချော်ချော် အမှားမှားအယွင်းယွင်း။

ထွန်းခေါင် ပေါက်ကရတွေ ပြောဆိုမှာကြောက်၍ တားဆီးမိနေသည်။

သူကိုယ်တိုင် ထွန်းခေါင်ထံ ဖုန်းဆက်၍ အစည်းအဝေးမတက်နိုင်တော့ကြောင်း လုပ်စရာရှိတာတွေ ဆက်လုပ်ဖို့ ညွှန်ကြားမိသည်။

“အမ်ဒီ ... စိတ်ချပါ၊ တပည့်ကြီးအားလုံး စီစဉ်လိုက်မယ်၊ နုနုချွတ်နဲ့ တင်းနစ်ကစားမလို့ မဟုတ်လား ... အဟင်း ... ဟင်း”

“ထွန်းခေါင် မင်းလျှောက်ပြောမနေနဲ့နော်၊ ကိုယ့်ကိုအထင်သေးသွားမယ် ... အလုပ်ကနေ ထွက်သွားရင် ပြဿနာ ...”

“အမ်ဒီ”

“ပြော”

“ကြိုးစားထား”



www.burmeseclassic.com

www.burmeseclassic.com



"မင်းဝင်မရှုပ်နဲ့"

သူဖုန်းချပစ်လိုက်သည်။

နုနုချွတ်က သူ့စားပွဲမှာထိုင်ပြီး စာအုပ်တစ်အုပ်ကို ဖတ်နေ၏။

သူ လေသံတိုးတိုးနှင့်ထွင့်ခေါင်ကို မှာစရာရှိတာ မှာရသည်။ ဘယ်လိုအနေအထားနှင့်ပဲကြည့်ကြည့် ညို့ယူဖမ်းစားနိုင်တဲ့ အလှပိုင်ရှင်မလေး နုနုချွတ်။

"အချစ်တွေက ကိုယ့်ရင်ထဲမှာ ပြည့်လျှံယိုဖိတ်နေပြီ နုနုချွတ်ရေ ... ကိုယ် ဖွင့်ပြောဖို့ သတ္တိမွေးရတော့မယ်ထင်တယ်"

သူ့ဆန္ဒက ရုံးစောစောဆင်းချင်သည်။

လူကြီးဆိုတော့ ထိုဆန္ဒကို ထိန်းချုပ်ရင်း ရုံးဆင်းချိန်အထိ စောင့်ရ၏။

အိုင်တင်အပြည့်နှင့်အလုပ်တွေ ရှုပ်နေသယောင်ယောင်။

နုနုချွတ် အနားရောက်လာမှရပ်သည်။

"ရုံးဆင်းချိန်ရောက်နေပါပြီ ... ဦးဖန်နေဝန်း"

"ဟုတ်သားပဲ ... ကိုယ်အလုပ်နဲနဲရှုပ်သွားတယ်၊ ရုံးဆင်းကြမယ်လေ"

"ကုမ္ပဏီတစ်ခုလုံး ရုံးဆင်းသွားကြပါပြီ"

"ကိုယ်တို့လည်း သွားကြစို့"





သူတို့ထွက်လာတော့ ကုမ္ပဏီမှာ အစောင့်ဝန်ထမ်းပဲကျန်တော့သည်။

သူ့ရင်တွေက တဒိန်းဒိန်း။

နှစ်ယောက်ထဲဆိုတဲ့အသိက သူ့နှလုံးတွေကိုပြင်းထန်သောစည်းချက်တွေ လာရောက်ရိုက်ခတ်နေ၏။

ထွင့်ခေါင် အစည်းအဝေး တက်ရမည်ဖြစ်၍ သူတို့နောက် မလိုက်နိုင်။

ခြံထဲမှာလည်း နှစ်ယောက်တည်းပဲ။

ဘီယာလေး သောက်ရင် ကောင်းမလား။

အအေးရော ...

သူ့အိမ်ကိစ္စတွေ တာဝန်ယူရတဲ့ ဒေါ်လှမေကိုလည်း အမြည်းတွေ ပြင်ဆင်ပေးထားဖို့ မှာထားခဲ့သည်။

"တက်ပါ ဦးဖန်နေဝန်း"

"ချွတ်"

"ရှင်"

"အလုပ်တာဝန်တွေရဲ့ ပြင်ပမှာ ကိုယ်တို့ရင်းရင်းနှီးနှီးနေကြရအောင်ပါ ... ကိုယ့်ကို တရိုတသေကြီး ဆက်ဆံမနေပါနဲ့ ကိုဖန်နေဝန်းလို့ပဲ ခေါ်ပါလား"

"မဖြစ်နိုင်ပါဘူး ... ကျွန်မက လူကြီးမင်းကို အချိန်ပြည့်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ရှောက်နေရတဲ့သူဖြစ်လို့ အမြဲတမ်း အဆင်သင့်အနေအထားမှာရှိနေရပ့ါမယ် ... နှုတ်ကလည်း ကျိုးနေပြီလေ”

နုနုချွတ် တစ်မျိုးထင်သွားမှာ စိုးရိမ်ပြီး သူစကားပြောမှားသွားပြီလားဟု နုနုချွတ်ကို တောင်းပန်ရသည်။

“ဆောရီး ...”

“ပြန်ကြပါစို့နော်”

“အိုကေ”

သူမက ကားရှေ့ခန်းကိုဖွင့်ပေးပြီး သူဝင်ထိုင်လိုက်သည်နှင့် စက်နှိုးပြီး မောင်းသည်။

ကိုယ်ဖြစ်ချင်တာက ကိုယ်မောင်းတဲ့ကားကို မင်းစီးစေချင်တယ်။

ကားတံခါးကို မင်းအတွက် ကိုယ်က တယုတယ ဖွင့်ပေးချင်တယ်။

ဒါပေမဲ့လည်း ကိုယ်သတ္တိမရှိဘူး။

နုနုချွတ် မျက်နှာလေး တည်သွားရင်ပဲ ဖန်ဝန်း မနေတတ်တော့ ပြာယာခတ်အောင် တောင်းပန်ချင်လာသည်။

ခြံထဲရောက်တော့ နုနုချွတ်က ခဏနားပြီးရင် အဝတ်အစားလဲပြီး ထွက်လာခဲ့မယ်တဲ့။

မင်းအမိန့်တွေကို နာခံရာကိုယ်ပဲ။





“ကောင်းပါပြီ နုနုချွတ် ... နားပါ နာရီဝက်နော်၊ ကိုယ်လည်း အဝတ်အစားလဲပြီး ထွက်ခဲ့မယ်”

သူ့အခန်းထဲဝင်လာခဲ့သည်။

ဒီညပဲ နုနုချွတ်ကို ချစ်တယ်လို့ ပွင့်ပွင့်လင်းလင်း ပြောပစ်မယ်။

နှစ်ယောက်ထဲ မဟုတ်လား။

ငြင်းရင်လည်း ကိုယ်ပွေ့ဖက်နမ်းပစ်မယ်။

ထွင့်ခေါင်က အမ်ဒီ လက်နှေးနေလို့မဖြစ်ဘူးဟု မြှောက်ပေးထား၍ ဖြစ်၏။

သူ အနားမယူဘဲ နုနုချွတ်နှင့် တင်းနစ် ရိုက်ဖို့ ကြိုတင်ဝယ်ထားတဲ့ ဝတ်စုံတွေ တစ်ခုပြီးတစ်ခု ရွေးနေမိတာ နာရီဝက် ကျော်သွားသည်။

အပေါ်ထပ်မှခြံထဲ ကြည့်လိုက်တော့ နုနုချွတ် ရောက်နေ၏။

အဖြူရောင်ဖွေးဖွေးလေး။

တင်းနစ် ဘောလုံးကိုတောင် စမ်းသပ် လေ့ကျင့်နေပြီး ဖန်ဝန်းအဖြူ ရောင်ဝတ်စုံကို ရွေးချယ်ဝတ်ဆင်၍ ခြံထဲ ဆင်းလာခဲ့သည်။

“နုနုချွတ် ... ဆောရီး ... မင်းစောင့်နေရလို့”

“ထိုင်ဦးမလား”



www.burmeseclassic.com

www.burmeseclassic.com



"စမယ်"

"ရတယ်လေ"

နန္ဒချွတ်က သူ့ကိုတင်းနှစ်နည်းစနစ်တွေ စတင်သင်ပေးသည်။

တင်းနှစ်က သူ့အတွက် ရေကူးတာလောက်မစိမ်း။

ဆရာနှင့် ခေါ်ယူသင်ကြားခဲ့ဖူး၏။

နန္ဒချွတ်ရှေ့မှာ မေ့ချင်ချင် မရိုက်ဖြစ်တာ နှစ်ချီနေပြီဖြစ်၍ နန္ဒချွတ်က သူ့လက်ကိုကိုင်ပြီး လက်အနေအထား သင်ပြတော့ နန္ဒချွတ် ကိုယ်လေးအား ပွေ့ဖက်၍ သူ့ရင်ခွင်ထဲမှာ ထားချင်သည်။

"ဦးဖန်နေဝန်း တင်းနှစ်က ဦးဖန်နေဝန်းနဲ့မစိမ်းပါဘူးနော် စမယ် ... အိုကေ"

သူမနေရာယူလိုက်သည်။

ဦးဖန်နေဝန်းက သူမအပေါ် အသားယူနေတာ သူမ သိနေ၏။

ရှင်ကြီး ရိုးအ,ချင်ယောင် လိမ်ညာဟန်ဆောင်နေတာပဲ။

သူက တင်းနှစ်နဲ့မစိမ်းဘူးတဲ့ တွေ့ကြသေးတာပေါ့။

"စပြီနော် ... အိုကေ"

သူမ စပေးဘောကို ရိုက်လိုက်တာက ပျော့ပျော့လေးဖြစ်၍ သူရိုက်နိုင်သည်။





သွေးပူလာတော့ နဲနဲလေးမြန်လာ၏။

မဆိုးဘူးပဲ။

ရေကူးတာလောက်မညံ့။

သူက သန်မာတောင့်တင်းသူ။

အရုပ်အမောင်းက မြင့်မြင့်မားမား ရင်အုပ်ကျယ်ကျယ်တွေ စိတ်ဝင်စားဖို့တော့ ကောင်းပါတယ်။

ဒါပေမဲ့ ...

နန္ဒချွတ်ကိုတော့ ဘယ်လိုအကြောင်းတွေနဲ့မှ ဆွဲဆောင်ထားနိုင်မှာမဟုတ်ဘူး အမုန်းတွေပဲရမှာ။

"ရှေ့ ..."

"ဒေါက် ..."

"အား ..."

"ဟင်"

သူမရဲ့ပြစ်မှတ်က ကွက်တိ။

သူ့နဖူးတည့်တည့်ကို ဒေါက်ခနဲ ထိမှန်သွားသည်။

ဒါတောင် ...

သံယောဇဉ်အကြင်နာလေး နဲနဲဝင်စွက်ဖက်သွားလို့ အရှိန်ပြေလျော့သွားရတာ။

ဦးဖန်နေဝန်း ဖင်ထိုင်လျက် ကျသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးဖန်နေဝန်း ... ဘယ်လိုဖြစ်သွားပြီလဲ၊ နုနုချွတ်ကလေ မေ့သွားတယ်၊ အားပါပြီး ရိုက်မိလိုက်တာပါ။ တောင်းပန်ပါတယ် နော် ... ဒုက္ခပါပဲ ... ဘယ်လိုလုပ်ရမလဲဟင် သွေးတွေ ..."

"အား ... ရတယ် နုနုချွတ်၊ ရုတ်တရက်တော့ ခေါင်းထဲမှာ မူးသွားတယ်၊ ဘာမှမဖြစ်ပါဘူး၊ မင်းလက်ချော်သွားတာပဲ"

"နဖူးက ကွဲသွားတာပဲ ... ဆေးခန်းသွားရအောင် တောင်းပန်ပါတယ်၊ နုနုချွတ်က ကြမ်းတမ်းတာပါ။ ချွတ် ... ဘယ်လိုလုပ်ပေးရမလဲဟင်"

သူမ ညှုချွဲချွဲပြစ်ပြစ်လေးနှင့် သူ့နဖူးမှ သွေးတွေကို ဖယ်ရှားပေးဖို့ ကြိုးစားရင်း တောင်းပန်သည်။

အရမ်းပဲ စိုးရိမ်ကြောက်ရွံ့နေသလိုလို ဒါတောင် ကျွန်မ အရှိန်လျှော့ပစ်လိုက်တာနော်။

နဖူးလည်း ကွဲ၍ ဖူးရောင်ထလာ၏။

သူ့ကိုတွဲ၍ ဆေးခန်းသို့ အပြေးအလွှား ပို့ပေးရသည်။





အခန်း ( ၁၂ )

"ဘယ်လိုဖြစ်သွားရတာလဲ အမ်ဒီ ... ဒဏ်ရာပြင်းလား"

"မပြင်းပါဘူး ထွင့်ခေါင်၊ ကိုယ်မှားတာပါ"

"အမ်ဒီ အငမ်းလွန်သွားလို့လား"

"ဟော့ ..."

"အား ... ကျွတ် ... ကျွတ်"

"အမ်ဒီ"

နုနုချွတ်ရှေ့မှာဖြစ်ရ၍ သူရှက်နေသည်။

မျက်နှာပူစရာကြီး။

အသုံးမကျတာ ယောကျ်ားတစ်ယောက်ဖြစ်ပြီးတော့များ။

သူ ...

နုနုချွတ်နှင့်မျက်နှာချင်းဆိုင်ရမှာ ခက်နေ၏။

အလုပ်လည်း နားထားရသည်။



www.burmeseclassic.com

www.burmeseclassic.com

"တင်းနစ်ဘောလုံးထိတာလား အမ်ဒီ ..."

"ဟုတ်ပါတယ်ဆိုမှကွာ"

"အမ်ဒီရယ် ... အနားယူလိုက်ပါ၊ ကုမ္ပဏီအတွက်မပူနဲ့၊ ကျွန်တော် တာဝန်ယူတယ်၊ နုနုချွတ်လေးရဲ့ အပြုအစုခံယူလိုက်ပါ"

ထွဋ်ခေါင်က စပ်ဖြဲဖြဲ။

သူကတော့ စိတ်တွေကမဖြောင့်။

နုနုချွတ်ကတော့ အနီးကပ် ပြုစုပေးနေသည်။

"ကုမ္ပဏီအတွက် စိတ်မပူနဲ့ အမ်ဒီ ... သွားပြီနော်"

"အင်း"

ဖန်ဝန်း ခေါင်းတွေကိုက်ခဲနေသည်။

ဒဏ်ရာကပြင်းထန်၏။

အဖြစ်အပျက်တွေကို မတွေးချင်။

နုနုချွတ်ရဲ့ လှပသွက်လက်သော အမူအယာ ဟန်ပန်တွေကို မေ့မောမိသွားလို့လား။

အိမ်မှာ တစ်ယောက်တည်း။

နုနုချွတ်က သူ့ဆီ စားစရာတွေယူ၍ ရောက်လာသည်။

"အရမ်းနာနေလားဟင် ... ခေါင်းရောကိုက်လား"

"ကိုက်တယ် ... နဲနဲပါ၊ ကိုယ်အရမ်းမျက်နှာပူတယ်ကွာ၊ ယောကျ်ားတစ်ယောက်ဖြစ်ပြီး ကိုယ်ညံ့တယ်"

"ဦးဖန်နေဝန်းက စီးပွားရေးမှာတော့ တော်ပါတယ်၊ ဒီလိုပဲဖြစ်တတ်ပါတယ်လေ ... နုနုချွတ်လည်း သတိမထားမိဘူး"

"ရပါတယ် နုနုချွတ်"

"ထမင်းစားရအောင်နော် ... ဆေးသောက်ရမယ်လေ"

"ဟုတ်သားပဲ"

"ထရအောင်"

နုနုချွတ် ရောက်လာမှ သူ့ခေါင်းက ပို၍မူးဝေလာသလိုပင်။

မထနိုင်။

နုနုချွတ်က ထူမပေးသည်။

"အား ... ကျွတ် ... ကျွတ်"

"အရမ်းနာနေလား"

"နာတယ်"

"ထမင်းမြိန်မြိန်စားလိုက်နော် ... ဆေးသောက်ရအောင်"

နုနုချွတ် ပြင်ဆင်ပေးတဲ့ ထမင်းပွဲက အရသာအပြည့်အစုံဆုံး ဖြစ်နေသည်။

ဒဏ်ရာရတာတောင် ခပ်ကောင်းကောင်း။

အလုပ်ကိစ္စတွေကိုလည်း မေ့ပစ်လိုက်၏။

ခေါင်းကိုက်တာကနဲနဲလေး နုနုချွတ်ရှေ့မှာ သူ့မျက်နှာက ရှုံ့မဲ့နေသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"စားလိုက်နော် ကြက်သားစွပ်နဲ့ခေါက်ဆွဲလေ၊ ဖေဖေ နေမကောင်းတုန်းက နုနုချွတ် အမြဲတမ်းလုပ်ပေးရတယ်၊ ဦးဖန်နေဝန်း ကြိုက်ပါ့မလား မသိဘူး"

"ကိုအရမ်းကြိုက်တယ်၊ ကိုယ်က အဆီတဝင်းဝင်းမကြိုက်ဘူး၊ နုနုချွတ်ကို ကျေးဇူးတင်တယ်"

"နုနုချွတ်ကြောင့် ဖြစ်သွားရတာမဟုတ်လား"

"မဟုတ်ပါဘူး ... ကိုယ်အသုံးမကျတာပါ၊ နုနုချွတ် အခုလို မလိုအပ်ဘဲ ပြုစုလေ ... နေရတာ ကိုယ်အားနာတယ်"

"ဦးဖန်နေဝန်းကို ၂၄နာရီ စောင့်ရှောက်ရမယ့် တာဝန်ရှိပါတယ်၊ အားမနာပါနဲ့"

နုနုချွတ်လည်း အားနာပါးနာ သူ့ကို ပြုစုပေးနေရသည်။

ဘယ်နေရာကနေ ဦးဖန်နေဝန်းအား ဒုက္ခပေးရမလဲဆိုတာ အကွက်စောင့်နေ၏။

သူမ ဂရုတစိုက် ပြုစုပေးနေပေမယ့် သူ့ကို ဒဏ်ရာရအောင် လုပ်လိုက်ရ၍ ဝမ်းသာကျေနပ်မိသည်။

တင်းနစ်ဘောလုံး ဖြစ်နေလို့နော်။

ဂေါက်သီးတာဆို ရှင်သေပြီ။

"ဆေးသောက်ရအောင်နော် ဦးဖန်နေဝန်း ... တစ်ပတ်လောက်ဆိုသက်သာသွားမှာပါနော်"





သူမ မျက်ဝန်းတွေက အကယ်ဒမီ ရလောက်သည်။ စိတ်ထိခိုက်နေသလိုလို မျက်ရည်ကြည်လဲ့လဲ့တောက်လျှက်။

ဆေးကို တစ်လုံးခြင်း တယုတယ တိုက်မိ၏။

ဒီဒဏ်ရာကို ပျောက်အောင် ဆေးကုသ လိုက်ပါဦး။

"ဘာလုပ်ပေးရဦးမလဲဟင် ခဏလေးလှဲနေလိုက်ပါ ... အခွေဖွင့်ပေးရမလား"

"ရပါတယ် နုနုချွတ် ... ကိုယ်အနားယူမယ်၊ ကိုယ်အရမ်းပျော့ညံ့လွန်းတယ်ကွာ"

"အိပ်ယာပေါ်လှဲပေးမယ်နော်"

"အင်း"

သူ့ခန္ဓာကိုယ်ကြီးအား သိုင်းဖက်၍ အိပ်ယာပေါ် အသာအယာလှဲချပေးလိုက်သည်။

အသားယူနေလိုက်တာနော်။

အသားချင်းက ထိကပ်နေ၏။

အိပ်ယာပေါ်လှဲချပေးပြီး ဂွမ်းကပ်စောင်လေး အသာအယာဆွဲယူပြီး ခြုံပေးလိုက်သည်။

"အနားယူလိုက်ပါနော်"

"ကောင်းပါပြီ နုနုချွတ်လည်း နားပါနော်"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



သူမ စားသောက်ပြီးတဲ့ ပန်းကန်တွေသိမ်းဆည်း၍ ပြန်ထွက်လာခဲ့သည်။

အိမ်ဖော်ကောင်မလေးအား ပန်းကန်တွေအပ်ပြီး သူမ အိပ်ခန်းထဲ ဝင်လာခဲ့၏။

သူမ အပြုအမူတွေကိုတွေး၍ တဟား ဟား တဟင်းဟင်းနှင့် ရယ်မောပစ်သည်။

"ကောင်းလိုက်တာ မမထွေး့အတွက် ချွတ်အကောင်းဆုံး လုပ်ပေးတာပါ ... ဘယ်လိုလဲ အရသာရှိလိုက်တာ"

မမထွေး့ကတော့ ကိုဖန်နေဝန်းကို လက်တုန့်မပြန်နိုဖို့ အထပ်ထပ် မှာနေခဲ့သည်။

ခွင့်လွှတ်နိုင်စရာလား။

မမထွေး့ သေဆုံးရသလို သူ့ကို တတိတိ ညှင်းဆဲ သတ်ဖြတ်မှာ။

မကြာခင် စောင့်ကြည့်နေ။

"ဟား ... ဟား ... ဟင်း ... ဟင်း တင်းနစ်ဘောလုံးပါ၊ ရှင်က တော်တော်ပျော့ညံ့တာပဲ ... ဟန်ဆောင်နေတာပဲ ဖြစ်ပါစေ၊ ရိုးသားတာပဲဖြစ်စေ ... ရှင်ပေးဆပ်ရလိမ့်မယ်"

သူမအတွက် ပေးထားတဲ့အခန်းက အဆင့်မြင့်မြင့်။

ဦးဖန်နေဝန်းကတော့ သူမထောင်ချောက်ထဲ တိုးဝင်နေ





သည်။

သူမအိပ်ခန်းက သက်သောင့်သက်သာ ရှိနေစေရန် အလုပ်သမားတွေက အမြဲပြင်ဆင်ပေးထားကြရ၏။

ဦးဖန်နေဝန်းရဲ့ အမိန့်ပဲ။

သူမ ကောင်းကောင်းအိပ်စက်အနားယူပစ်သည်။

ညနေရောက်လာတော့ သူမ ကျန်းမာရေးအတွက် ရေကူးဖို့ စိတ်ကူးမိသွား၏။

အဝတ်အစားလဲပြီး သူမ သဘက်စောင်တစ်ထည် ခန္ဓာကိုယ်မှာ ရစ်ပတ်၍ ခြံထဲ ဆင်းလာခဲ့တော့သည်။

"ဦးဖန်နေဝန်း ရှင်တော့နာပြီမှတ် ... အရသာရှိလိုက်တာ"

"ဗွမ်း"

သူမ အတွေးလှလှလေးတွေးပြီး ရေကူးကန်ထဲ ခုန်ဆင်းပစ်သည်။

ဒီတစ်ခါတော့ ရေကူးဝတ်စုံ အနီရဲရဲလေး။

ရွှေငါးလေးတစ်ကောင် ဖြစ်သွားပြီ။

လွှတ်လပ်လိုက်တာ။

ဦးဖန်နေဝန်းလည်း မရှိဘူး။

နုနုချွတ်က ရေကူးရတာနှစ်သက်သည်။

ရေစိမ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



နုနုချွတ် ဒီလောက်အထိ ဦးဖန်နေဝန်းအနားမှာ အနီးကပ် အလွယ်တကူ တိုးဝင်ခွင့်ရမည်ဟု မထင်မိ။

အနီရဲရဲ ရွှေငါးလေးက ပြာလဲ့သန့်စင်နေတဲ့ ရေကူးကန်ထဲမှာ အန့်အပြား လူးလာကူးခတ်နေသည်။

"မမလေး ချွတ် ... "

"ဟင်"

"အစ်ကိုလေးက အအေးပို့ခိုင်းလိုက်ပါတယ်"

"ဟင် ... ဦးဖန်နေဝန်းရော"

"ဟိုမှာလေ"

"ဟာ"

အပေါ်ထပ် ပြတင်းပေါက်မှာ သူရပ်နေသည်။

အိမ်ဖော်ကောင်မလေးက လိမ္မော်ရည်လာပို့နေ၏။ ကန်ဘောင်ပေါ်မှာ ပြင်ဆင်ပေးထားသည်။

"ကျေးဇူးပဲ"

"ဘာများလိုအပ်ပါသေးလဲ"

"ရပြီ"

သူမ ရေကူးကန်ထဲပြန်၍ ခုန်ဆင်းလိုက်သည်။

သူ ကြည့်နေတယ်။

ရွှေငါးလေး အလှပဆုံးကူးခတ်နေ၏။





ပျော်လိုက်တာ ...

အကြည်နူးဆုံးပဲ။

မမထွဋ် ညံ့လို့ ခံလိုက်ရတာ။

နုနုချွတ်နှင့်တော့ ဦးဖန်နေဝန်း အသေပဲ။

မရှုမလှ သေရမှာပါ။

ရေကူးပြီး ကန်ဘောင်ပေါ်တက်လာ၍ စားပွဲပုလေးမှာ ထိုင်သည်။

"လိမ္မော်ရည်လေးက အရသာရှိလွန်းတယ်၊ ရှင်အရသာခံပြီး ကြည့်နေတာ မဟုတ်လား"

သူမ ပေါင်တံတွေကိုထပ်၍ ထိုင်သည်။

သဘက်တောင် ပတ်မထားဘူး။

"မမလေး ချွတ်"

"ဟင်"

"အစ်ကိုလေးက အအေးပတ်မယ်တဲ့ ဝင်ပါတော့တဲ့"

"ဟုတ်လား"

"ဟုတ်ကဲ့"

သူမ လိမ္မော်ရည်ခွက်လေးကို အကုန်မော့သောက်၍ သဘက်ကြီးကို ခန္ဓာကိုယ်မှာ ပတ်သည်။

ကျော့ကျော့မော့မော့လေး ပြန်လျှောက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ထဲဝင်လာတော့ ဦးဖန်နေဝန်းက လှေကားထိပ်ကနေ ဆင်းသက်လာသည်။

“မင်း အဝတ်အစားလဲပါ နုနုချွတ် ... ကိုယ်နဲ့ခြံထဲမှာ ညစာ စားကြမယ်”

“ဟုတ်ကဲ့”

“မလှမေကို ပြင်ခိုင်းပြီး ကိုယ်စောင့်နေမယ်”

“ဟုတ်ကဲ့”

နုနုချွတ်က ကြွကြွရွရွလေး လှမ်းဝင်သွားသည်။

အိပ်ယာထဲမှာ အိပ်နေရတာပို၍ပင် သူ့စိတ်တွေ နောက်ကျိ နေရ၏။

ပြတင်းပေါက်မှာ ထရပ်ကြည့်လိုက်တော့ နုနုချွတ်ကို တွေ့ ရသဖြင့် ကြည်နူးသွားသဖြင့် ညစာပါ စားဖို့ စိတ်ကူးရသွား၍ ဖြစ် သည်။

“မောင်ဖန်နေဝန်း ညစာတွက် ပြင်ပေးရမလား”

“ဟုတ်ကဲ့”

“အဆင်သင့်ပါပဲ”

ဒေါ်လှမေတို့အဖွဲ့က ညစာတွေ ပြင်ဆင်ပေးနေကြသည်။

သူ့ဒဏ်ရာက သက်သာလာသလိုပင်။

သူ့စားပွဲမှာ ထိုင်နေမိ၏။





တဖြည်းဖြည်းနှင့် နေကဝင်သွားတော့ ခြံကြီးထဲမှာ လျှပ်စစ် မီးအလှတွေ လင်းလက်လာ၏။

မီးအရောင်တွေထက် လင်းလက်တောက်ပတဲ့သူက နုနု ချွတ်ပင်။

တကယ်ကို လှပအိစက်နေသူ။

သူ့ရှေ့မှာ ဝင်ထိုင်သည်။

“ကိုယ်တို့ ပျော်ပျော်ရွှင်ရွှင် လွတ်လွတ်လပ်လပ်လေး တရင်းတနှီး စားသောက်ကြမယ် နုနုချွတ်”

“ဟုတ်ကဲ့”

“တာဝန်တွေကို ခဏမေ့ထား”

“အင်း”

“ကဲ ... စားကြရအောင်”

“ဦးဖန်နေဝန်း”

“ဟင်”

“ကျောက်ပွင့်သုတ်ကို မစားနဲ့လေ၊ သံပုရာရည်ပါတယ် ဆေး တွေသောက်ရဦးမယ်လေ”

“ဟုတ်သားပဲ ... နုနုချွတ် သတိပေးလို့”

သူက ကျောက်ပွင့်သုတ်ပန်းကန်ကို ဇွန်းနှင့်ခပ်လိုက်တော့ နုနုချွတ်က တားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမုန်တကယ် သူစားဖို့မဟုတ်။

နုနုချွတ် ပန်းကန်ထဲခပ်ထည့်ပေးမလို့။

ဒါပေမဲ့ ...

ဇွန်းကိုပြန်ချသည်။

နုနုချွတ်ကို ဟင်းခတ်ထည့်ပေးဖို့ သူတုန်တုန်လှုပ်လှုပ် ဖြစ်နေရ၏။

ထွဋ်ခေါင်က မြှောက်ပေးပေမယ့် သတ္တိကမရှိ။

"အမ်ဒီ လက်နှေးနေရင် ခံရမယ်နော် ... ကြိုးစားထား"

နုနုချွတ်နဲ့နှစ်ယောက်ထဲ အကောင်းဆုံးစားသောက်စရာက အပြည့်။

ချောမောလှပလွန်းတဲ့ မိန်းကလေးက သူ့ရှေ့မှာ။

သူ ချစ်မြတ်နိုးရသူလေးပါ။

မျက်ဝန်းတောက်တောက်လေးတွေဖြင့် မော့ကြည့်၍ စားလေတဲ့။

"အသုတ်တွေတော့ ဦးဖန်နေဝန်း မစားရဘူးနော်၊ အကိုက်အစဲပျောက်ဆေးတွေက အချဉ်နဲ့မတည့်ဘူးနော် ... ငါးပေါင်းဟင်းလေး"

ဦးဖန်နေဝန်း ရှင့်ကိုသနားလို့ လောလောဆယ်တော့ အကြင်နာလေးတွေပဲ ပေးလိုက်ဦးမယ်။





ညစာလေးက အရသာတော့ တွေ့သွားပဲ။

ကြည်ကြည်နူးနူးတော့ ရှိသည်။

သူကလဲ သူမ ပန်းကန်ထဲ အကောင်းဆုံးတွေ ရွေးချယ်ခပ်ထည့်ပေးနေ၏။

သူ့ရဲ့ တယုတယလေးနက်တဲ့ မျက်ဝန်းတွေကို ယုံကြည်ချင်လာသည်။

"နုနုချွတ်"

"ပြောပါ ဦးဖန်နေဝန်း"

"ဘာမှမဟုတ်တော့ပါဘူး"

"ရှင်"

"သူပြောလိုက်လျှင် နုနုချွတ် အလုပ်ကနေထွက်သွားမှာလည်း စိတ်ပူသည်။ ရင်ထဲမှာ ချစ်တယ်ဟုပြောချင်တဲ့ စကားတွေကလည်း ပြည့်ကြပ်နေ၏။

ထွဋ်ခေါင် ကိုယ် လုံးဝသတ္တိမရှိဘူး။

"ကိုယ့်ကို စောင့်ရှောက်ပေးတဲ့အတွက် ကျေးဇူးတင်တယ်လို့ ပြောမလို့ပါ"

"ကျွန်မ အခကြေးငွေယူပြီး စောင့်ရှောက်ပေးနေတာပဲ ကျေးဇူးတင်စရာမလိုပါဘူး၊ ဦးဖန်နေဝန်း"

"ကိုယ်တို့ ရင်းရင်းနှီးနှီးနေကြရအောင်"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

"ဟို ... ဟိုလေ တစ်မျိုးမထင်ပါနဲ့၊ ကိုယ်က စိမ်းစိမ်းကြီး နေထိုင်ရင် တစ်ယောက်နဲ့တစ်ယောက် အနေရအထိုင်ရ ခက်တယ်လေ၊ လွတ်လပ်ပေါ့ပါးသွားအောင်ပါ၊ တခြား မရိုးသားမှုတစ်ခုမှ မပါပါဘူး၊ ကိုယ်တောင်းပန်ပါတယ်"

ဦးဖန်နေဝန်း စကားတွေအမှားမှားအယွင်းယွင်း တောင်းပန်နေသည်။

သူမ ရယ်ပစ်ချင်၏။

သူမ မျက်နှာလေးတည်နေသည်။

"နုနုချွတ် ... ကိုယ့်စကားမှားသွားလို့လား၊ ကိုယ်တောင်းပန်ပါတယ် ... ကိုယ်က ရိုးရိုးသားသားပါ"

ဘယ်သူက မရိုးသားဘူးပြောနေလို့လဲ ဦးဖန်နေဝန်းရယ်။

အိုးမလုံ အုံပွင့်နေလိုက်တာ။

ထိတ်ထိတ်ပြာပြာနှင့် တောင်းပန်နေတာ ရိုးသားမှုများလား။

သူမ သူ့ကို တယုတယ ပြုစုပေးနေတာ အကြောင်းရှိသည်။

ဦးဖန်နေဝန်းရဲ့တပည့်ကို ထွင့်ခေါင်ရောက်လာတော့ ပွဲလေးက ပို၍ပင် ပျော်ရွှင်စရာ စကားလုံးတွေနှင့် စည်ပင်သွားသည်။





သူမကို ရိုတိုတို ကျွန်မက ဦးဖန်နေဝန်းနဲ့ ဘယ်တော့မှ ချစ်သူတွေ မဖြစ်နိုင်ပါဘူး။

အမုန်းဆုံး ရန်သူတွေပဲဖြစ်နိုင်တယ်။

ခြံထဲမှာ အချိန်ကြာမြင့်စွာ ထိုင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၃ )

"နုနုချွတ်"

"အမိန့်ရှိပါ မမမာဂရက်"

"မင်းကို ပြောစရာရှိတယ်"

"ပြောပါ"

"မမမာဂရက် မင်းနဲ့တွေ့ဖို့ လာခဲ့မယ်"

"ဟုတ်ကဲ့"

မနက်စောစောစီးစီး သူမထံ မမမာဂရက်က ဖုန်းဆက်တော့ နဲနဲထူးဆန်းသလို ထင်သည်။

ပြောစရာစကား ရှိလို့တဲ့။

သူမ တာဝန်ကျေခဲ့တာပဲ။

ဦးဖန်နေဝန်းကြောင့်လား မမမာဂရက် ရောက်လာတော့ ခြံထဲကို ဆင်းလာခဲ့ပါတဲ့။

သူမ အဝတ်အစားလဲပြီး ဆင်းလာသည်။

"ထိုင်ပါဦး နုနုချွတ်"

မမမာဂရက်က ကားပေါ်မှမဆင်းဘဲ သူမဘေးမှာ ဝင်ထိုင်စေသည်။

သူမ ဝင်ထိုင်လိုက်၏။

မမမာဂရက်လည်း ချောမောသူ။

သစ္စာရှိပြီး အလုပ်အပေါ် တာဝန်ယူတတ်သူဖြစ်သည်။

"နုနုချွတ် ..."

"ဟုတ်ကဲ့ ပြောပါ"

"မမပြောချင်တဲ့စကားက ဟို ... ဘယ်လိုပြောရမလဲကွာ၊ ကလေးကလားများ ဖြစ်နေမလား"

"ရှင်"

"ဒါပေမဲ့လည်းလေ အလွန်လေးနက်တဲ့စကားတွေပါ"

"ပြောပါ မမ ..."

"မမကတော့ နုနုချွတ်တို့ရဲ့ ကိုယ်ရေးကိုယ်တာတွေကို စွက်ဖက်ပြောဆိုဖို့ မလုပ်သင့်ဘူးလေ"

"ဒါပေမဲ့ ... မမကို တစ်စုံတစ်ယောက် အကူအညီတောင်းလို့ နုနုချွတ်ကို ပြောပြမလို့ဘဲ"

"ပြောပါမမမာဂရက် ... ဘာပဲဖြစ်ဖြစ် နုနုချွတ်တို့ရဲ့ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



ဆောင်က နုနုချွတ်တို့ရဲ့ အမိအဖပါပဲ”

“ညီမလေးက အဲဒီလိုသဘောထားတော့ မမမာဂရက် ဝမ်းသာရပါတယ်ကွယ်”

ကောင်စုတ် ဖန်နေဝန်း ... စိတ်ညစ်တယ်။

နုနုချွတ် မျက်နှာလေးကို မာဂရက်ကြည့်ပြီး ကိုယ်ရေးကိုယ်တာတွေ ပြောရမှာ ဝန်လေးနေခဲ့သည်။

ဖန်ဝန်း သဘောကျမယ်ဆိုရင်လည်း သဘောကျချင်စရာ။

နုနုချွတ်က အရမ်းလှပတဲ့ ကောင်မလေး။

“မမ”

“ဟင်”

“ဘာပြောမလို့လဲ ပြောပါ မမမာဂရက် အားမနာပါနဲ့ ... နုနုချွတ်အကျိုး ပျက်စီးအောင်မလုပ်ဘူးဆိုတာ ချွတ်သိပါတယ်”

နုနုချွတ်က ရွှေတောင်စက္ကူလို ပါးလုပ်နေတာပါ။

မမမာဂရက် စကားလမ်းကြောင်းလိုက်တာနှင့်သိပြီးသား ဖြစ်သည်။

ဦးဖန်နေဝန်းအကြောင်းပဲ။

ရယ်ပစ်ချင်နေ၏။

သူများကို အကူအညီတောင်းရလောက်အောင် ရှင့်မှာသတ္တိ မရှိတော့ဘူးလား။





အရမ်းရိုးသားပြမနေစမ်းပါနဲ့။ မမမာဂရက်ကို အားနာ၍ သူမ အပြုံး မပျက်ခဲ့။

“ဖန်ဝန်းကလေ နုနုချွတ်ကို လက်ထပ်ပါရစေတဲ့”

“ရှင်”

“မမကို တစ်ဆင့် အသိပေးခိုင်းတာလေ ... မမအာမခံနိုင်တာက ဖန်ဝန်းရဲ့ ကိုယ်ကျင့်တရားကိုပဲ၊ လေးစားတယ် ... မိန်းကလေးတွေနဲ့လည်း ကင်းတယ်၊ နုနုချွတ်တွေ့မှာပါ”

ဟုတ်လား ... ။

ဦးဖန်နေဝန်းရဲ့ သူငယ်ချင်းတစ်ယောက် အာမခံချက်က ပရိယာယ်ကင်းပေမယ့် ဦးဖန်နေဝန်းနှင့်ကင်းကွာ နေခဲ့တာကြာပြီ မဟုတ်လား။

ပြီးတော့ ...

နိုင်ငံခြားမှာ နေထိုင်ရင်း ခင်မင်တာပါ။

ဦးဖန်နေဝန်းက မင်းသား မျက်နှာဖုံးစွပ်ထားတာ။

ဘီလူးကြီး။

“နုနုချွတ်အပေါ် ချစ်လွန်းလို့ လူပျိုကြီး ကယောင်ချောက်ချားတွေဖြစ်နေတာပါ၊ တကယ်ပါ နုနုချွတ်ရယ် ... အစ်မဆိုလို့ ယင်မတောင် မသန်းဘူးသေးတဲ့ လူပျိုစစ်စစ်လေးပါ”

“မမ”



www.burmeseclassic.com

www.burmeseclassic.com



"ပြောလေ"

"ချွတ်ကလည်း ယောကျ်ားတစ်ယောက်နဲ့ချစ်သူဖြစ်ဖို့ ခံစားချက်မဲ့တဲ့သူပါ။ နှလုံးသားမပါဘူးထင်တယ် ... ဦးဖန်နေပန်းပဲ ညှို့လို့လား။ ချွတ်နှလုံးသားတွေ နူးညံ့ပျော့ပြောင်းမှုရှိလာအောင် စွမ်းဆောင်ပေးနိုင်မယ့် ယောကျ်ားတစ်ယောက်လိုအပ်လားတောင် မသိဘူးနော်"

"မမလည်း ပြောပါတယ်၊ နုနုချွတ်က ဖခင်ရဲ့ယောကျ်ားလေးဆန်ဆန် လေ့ကျင့်သင်ကြားပေးခြင်း ခံခဲ့ရတယ်လေ၊ အလုပ်တာဝန်လည်း သိတတ်တယ်၊ ကြိုးစားတယ်၊ ကဲပါကွယ် ... မမကတာဝန်ကျေပြီပဲ၊ ပြောပြပြီးပြီလေ ... ဖန်ဝန်းက စဉ်းစားသင့်တဲ့ယောကျ်ားနော် ကြားလား ... ကလေးမ"

မမမာဂရက်က သူမ ပခုံးလေးအား ပုတ်၍ စဉ်းစားပေးဖို့ ပြောသည်။

ဖန်ဝန်းက တန်ဖိုးထားချစ်မြတ်နိုးတာပါလို့ ရင်ဖွင့်တယ်တဲ့။

ဒါဆို မမထွဋ်ကရော။

ပြီးတော့ ...

တခြားကောင်မလေးတွေ။

စဉ်းစဉ်းစားစားလည်း ပြောပါဦး ဦးဖန်နေဝန်းရယ်။





"မမပြန်မယ် အချစ်ကိုစိတ်မဝင်စားတဲ့ မိန်းမချောလေးကတကယ်အံ့ဖွယ်ပဲ ... မမသူငယ်ချင်းကိုတော့ နဲနဲလေးဖြစ်ဖြစ် ထည့်သွင်းစဉ်းစားပေးပါဦး၊ ပွဲခတော့ မရပါဘူး ... နားပူနားဆာလုပ်လို့"

မမမာဂရက် ပြန်သွားသည်။

နုနုချွတ် ရင်ထဲမှာ နာနာကျင်ကျင် စူးရှရှ ဝေဒနာလေးကဘယ်ကနေဘယ်လို တိုးဝင်နေမှန်းမသိ။

ခြံထဲမှာပဲ ဒန်းပေါ်ထိုင်မိ၏။

ဦးဖန်နေဝန်းက သူမအား လက်ထပ်ပါရစေတဲ့။

ကိုယ်တိုင် မပြောရဲလို့တဲ့။

ထွဋ်ခေါင်ကလည်း ပေါ်ပေါ်တင်တင် စနောက်နေသည်။

"နုနုချွတ်ကတော့ တကယ်ကံကောင်းတယ် ... အမ်ဒီကဘယ်လိုမိန်းကလေးမျိုးကိုမှ အရေးတယူမရှိဘူး၊ အရမ်းရှက်တတ်တာ၊ အမ်ဒီက ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်ကြီးနော်၊ နုနုချွတ်အပေါ်သံယောဇဉ်တွေ အကြီးကြီးတွယ်ငြိနေပြီ ထင်တယ်"

သံယောဇဉ်ဆိုတာ ဘာလဲ။

အတူတူအနေကြာလာရင် တွယ်ငြိသွားတတ်တာမျိုးလား။

သူမရောက်လာရတဲ့ ရည်ရွယ်ချက်က ဘာလဲဟင်။

ဦးဖန်နေဝန်းဆိုတဲ့ ယောကျ်ားတစ်ယောက်အနား အနီးကပ်နေခွင့်ရဖို့ ကြိုးစားခဲ့တာ မှန်းလို့ပဲ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဒုက္ခပေးမလို့ အသေသတ်ပစ်မလို့ သူမ ပျော့ညံ့သွားမှာ အကြောက်ဆုံးပင်။

"မမထွဋ်ကိုက အညာလွယ်တာပါ ချွတ်၊ မိန်းကလေးတစ်ယောက်မှာ စောင့်ထိန်းရမယ့် ကိုယ်ကျင့်တရားနဲ့ မာနတွေမရှိတာပါ၊ ကိုဖန်နေဝန်းနဲ့ ဝေးဝေးနေစမ်းချွတ် ... လောကကြီးက မာယာတွေများတယ်"

"လူမဆန်တဲ့လူ၊ စိတ်ဓာတ်အောက်တန်းကျလွန်းတယ်၊ ချွတ် လုံးဝခွင့်မလွှတ်နိုင်ဘူးနော် ... ဒီလူ့ကို တစ်ခုခုလုပ်ပစ်ရမှ ကျေနပ်မယ်"

မမထွဋ်က နူးညံ့သိမ်မွေ့သူ၊ ရိုးသားမှုရှိလွန်းသူ။ ဦးဖန်နေဝန်းရဲ့ စော်ကားမှုကို ဘဝနှင့်ရင်း၍ ခံစားလိုက်ရရှာသည်။

"မမလေး နုနုချွတ်"

"ဟင်"

"အစ်ကိုလေးဖန်ဝန်း ဖျားနေတယ်၊ ကိုယ်တွေပူနေတာလည်း ခြစ်ခြစ်တောက်ပဲ၊ မမလေးနာမည်ကို တမ်းတနေတယ်၊ သတိတောင် လစ်နေပြီလားပဲ"

"ဟုတ်လား"

"သွားကြည့်ပေးပါဦး"

"ဟုတ်ကဲ့ ... ချွတ် သွားကြည့်ပါ့မယ်"





ဦးဖန်နေဝန်း ပျော့လွန်းနေသည်ဟုထင်သည်။

ဘယ်တုန်းက ဖျားသွားရတာလဲ။

နုနုချွတ် နဲနဲလေးတော့ စိတ်ပူသွားသလိုလို။

သူ ဟန်ဆောင်နေတာလား။

သူမ အပေါ်ထပ်သို့ အပြေးအလွှား တက်၍ သူ့အိပ်ခန်းထဲ ဝင်သွားတော့ ကယောင်ကတမ်းတွေနှင့် သူမ နာမည်ကို တမ်းတနေသည်။

သူ့အနားတိုးကပ်သွားရမှာပင် ခြေလှမ်းတွေ တွန့်သွားရ၏။

နုနုချွတ်လည်း အရှက်တွေ ရှိနေသည်။

"ချွတ်ရယ် ... ကိုယ်ချစ်တယ် မင်းကို အရမ်းချစ်တယ်၊ မြတ်နိုးတယ် ... ချစ်တယ် ... ချစ်တယ်ကွာ"

သူ ...

သူမ နာမည်ကို တမ်းတရေရွတ်နေတာ ဒီလိုစကားလုံးတွေနဲ့လား။

သူမလည်း ရှက်သွေးတွေ မျက်နှာပြင်ပေါ် ဖြန်းခနဲ ပက်သွားရသည်။

"ချွတ်"

"ချွတ်ရယ် ... "

"ဟင်း ... ဟင်း ... ဟင်း"



www.burmeseclassic.com

www.burmeseclassic.com



သူမရောက်ရောက်လာတတ်တဲ့ သံယောဇဉ်အမျှင်တန်းတွေကို ဆွဲထုတ်ဖယ်ရှားပစ်မိသည်။

မဖြစ်ဘူး ... သူက ရန်သူ။

ရှင်သေလောက်အောင် ဝေဒနာတွေပြင်းထန်နေတာကို ကျွန်မ အရသာခံပြီး ထိုင်ကြည့်မယ်။

သူ့မျက်နှာကြီးက နီမြန်းနေသည်။

"ဟင်း ဟင်း ဟင်း ..."

ကိုယ်ဝန်ပျက်ကျလို့ သွေးအိုင်ထဲမှာလဲနေတဲ့ မမထွေး့ ဘာမှနားမလည် မလုပ်တတ် မကိုင်တတ်နှင့် သူမ ကြောက်လန့်နေ၍လည်း မမထွေး့ သွေးလွန်သေဆုံးခဲ့ရသည်။

"အဲဒါ ရှင်ကြီးကြောင့်ပဲ ... မမထွေး့အပေါ် ရက်ရက်စက်စက် ရှင်ကြီး ဥပက္ခာပြုခဲ့တာလေ"

နာကျည်းမုန်းတီးမှုတွေကိုပဲ သူမနှလုံးသားထဲ ရိုက်သွင်းပစ်သည်။

"မမလေးချွတ် ... ဘာဖြစ်လို့ရပ်ကြည့်နေရတာလဲ၊ အစ်ကိုလေး ဘာဖြစ်လဲလို့ အနီးကပ်ကြည့်ပေးပါဦး"

အိမ်ဖော်ကောင်မလေးဝင်လာမှ ဦးဖန်နေဝန်းအနားတိုးကပ်သွားသည်။





သူ ငြိမ်သက်နေ၏။

နဖူးကိုစမ်းကြည့်တော့ အပူရှိန်က ခြစ်ခြစ်တောက်ပူနေ၏။

သူမ ဆရာဝန်ထံ ဖုန်းဆက်ခေါ်လိုက်ရသည်။

"အစ်ကိုလေး ... အစ်ကိုလေး ... သတိလစ်နေပြီထင်တယ်၊ မမလေး ရေပတ်တိုက်ရမလား"

"ညည်းသွားတော့ ရေဇလုံ ယူလာခဲ့ မမလေးလုပ်ပေးမယ်"

"ဟုတ်ကဲ့ ... အစ်ကိုလေးကို သေသေချာချာကြည့်ပေးပါ မမလေးရယ် ... ကျွန်မတို့ကို ကြည့်ရှုစောင့်ရှောက်ပေးနေတာပါ"

သူမ ဘာမှမပြောတော့ အိမ်ဖော်ကောင်မလေးက ရေဇလုံနှင့်အဝတ်ယူလာသည်။

နနချွတ်လည်း စိတ်ပူပြီး ရေပတ်အဝတ်နှင့် တိုက်ပေးမိနေ၏။

ဆရာဝန် ရောက်လာတော့ ကိုယ်ပူက ကျသွားပြီဖြစ်သည်။

"အအေးပတ်သွားတာပါ၊ စိတ်ပူစရာတော့ မရှိပါဘူး ကိုဖန်နေဝန်း ဘယ်လိုဖြစ်ရတာလဲ ... ကံနိမ့်နေပြီထင်တယ်၊ ဘာတွေဖြစ်နေပြီလဲဗျာ"

နနချွတ်က ရေပတ်တိုက်ပေး၍ ဖန်ဝန်းအပူကျသွားတာလားမသိ။

သူ ညက ပြတင်းပေါက်မှာ ထိုင်နေမိတာ တစ်ညလုံးပင်။



www.burmeseclassic.com

www.burmeseclassic.com



မာဂရက်ဆီ ဖုန်းဆက်ပြီး ... နုနုချွတ်ကို ချစ်နေမိတဲ့ အကြောင်း လက်ထပ်ခွင့်တောင်းပေးဖို့ ဂျီကျခဲ့သည်။

"မင်းအအေးပတ်တယ်ထင်တယ်"

"အင်း"

"နဖူးဒဏ်ရာရော သက်သာရဲ့လား ဖန်ဝန်း"

"အင်း"

"စိတ်ပူစရာမရှိပါဘူး နွေးနွေးထွေးထွေးနေပါ ... မင်းနဲ့နဲ လေး ပိန်သွားတယ်"

ဒေါက်တာပြန်သွားတော့မှ နုနုချွတ်က သူ့ကိုကော်ဖီတစ် ခွက် ဖျော်ပေးသည်။

"ညက ဘယ်လိုဖြစ်ပြီး အအေးပတ်တာလဲ ဦးဖန်နေဝန်း"

"ကိုယ်ပြတင်းပေါက်မှာ တစ်ညလုံး ထိုင်နေမိတယ်"

"ဘာဖြစ်လို့ ထိုင်နေရတာလဲ"

မင်းကြောင့်ထင်တယ်ဟု ပြောချင်သည်။

ဖန်ဝန်းမပြောရဲ။

နုနုချွတ် စိတ်ဆိုးမှာ ကြောက်နေ၏။

မာဂရက်ပြောပြီးပြီလား။

နုနုချွတ်က အမူအယာမပျက်။

ယောက်ျားလေး တစ်ယောက်ကဲ့သို့ ကြမ်းကြမ်းတမ်းတမ်း





နေခဲ့ရတဲ့ အကျင့်စရိုက်က ရှိသည်။

မင်းနှလုံးသားတွေ မာကျောလိုက်တာကွာ။

"ကိုယ်လေ နုနုချွတ်"

"ခဏအနားယူလိုက်ပါဦး ... ဦးဖန်နေဝန်း အိပ်လိုက်နော်"

"နုနုချွတ်"

"ကျွန်မ ခဏခဏ ဝင်ကြည့်ပေးပါ့မယ် အိပ်ပါ"

ကိုယ်အိပ်လို့မရဘူး။

တစ်ညလုံးလည်း ပြတင်းပေါက်မှာ ထိုင်နေမိတယ်။

မင်းအကြောင်းတွေပဲ ကိုယ်တွေ့နေမိတယ်။

မင်းကို ချစ်တယ်။

"ကျွန်မ သွားပြီနော်"

"နုနုချွတ်"

"ဘာပြောစရာရှိလို့လဲ ဦးဖန်နေဝန်း ... ပြောပါ"

"ဘာမှမဟုတ်ပါဘူး၊ ကိုယ်ဘာမှမဖြစ်ပါဘူးလို့ မင်းစိတ်ပူ နေမှာစိုးလို့ပါ"

"ရပါတယ် ဦးဖန်နေဝန်း"

သူမ ပြန်ထွက်လာသည်။

ဦးဖန်နေဝန်းကို သူမစဉ်းစားမရ။

ဖြူစင်တဲ့ မျက်ဝန်းတွေကို ပိုင်ဆိုင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



မုန်းတီး ရွံရှာစရာ ကောင်းလွန်းသော ယောက်ျား တစ်ယောက်အပေါ် သူမ သံယောဇဉ် တွယ်ငြိမိသွားမှာ မလိုလားဆုံး ပင်။

မမထွေးနှင့်ဦးဖန်နေဝန်း ကြားမှာ အမှားအယွင်းက ဘာလဲ။

သံသယတွေ မထင်မှတ်ဘဲ ဝင်ရောက်လာသည်။

"နုနုချွတ်ကို ဖုန်ဝန်းက ချစ်နေတယ်၊ လက်ထပ်ခွင့်တောင်း နေတယ်"

မမမာဂရက် ပြောတဲ့စကားတွေကို သူမဟားတိုက်ရယ်မော ပစ်ချင်သည်။

"မမကို ငြင်းတယ် ... သူနဲ့မဖြစ်နိုင်ဘူးတဲ့ မမကိုလည်း တစ်ကြိမ်တစ်ခါမှ မမြင်ဖူးဘူးတဲ့၊ မမကို အရမ်းရက်စက်တယ်"

မမကို လက်ထပ်ဖို့ငြင်းရုံတင်မကဘဲ သူနှင့်မဟုတ်ကြောင်း ရက်စက်စွာ ငြင်းပယ်လိုက်တဲ့ ဦးဖန်နေဝန်း။

မမထွေး၏ ဒိုင်ယာယီစာအုပ်ကြားမှာ ဦးဖန်နေဝန်း ဓာတ်ပုံ ရှိနေသည်။

ပြီးတော့ ...

ခြိကြီးရယ်၊ ရေကူးကန်ရယ်၊ တင်းနစ်ကွင်းရယ် မမထွေး အတွက် ငရဲခန်း။

"နုနုချွတ်ကို ချစ်ပြီး မြတ်နိုးတာပါ၊ တရားဝင် လက်ထပ်ဖို့





ကမ်းလှမ်းခိုင်းတယ် ... မမလည်း နားပူနားဆာလုပ်လွန်းလို့ပါ ကွယ်"

မမမာဂရက်ရဲ့ စကားသံက နားထဲမှမထွက်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

နုနုချွတ် တွေဝေမိန်းမောနေလို့ မဖြစ်တော့ဘူး။

ဦးဖန်နေဝန်း အနားကနေ ထွက်ခွာသွားမှဖြစ်တော့မည်။

ဘယ်လောက် မာနတကြီးနှင့် နှလုံးသားတွေ ကင်းမဲ့နေပါစေ ဦးဖန်နေဝန်းက ဖြားယောင်းသွေးဆောင်တတ်သည်။

အချိန်ကြာမြင့်လာသည်နှင့်အမျှ ပျော့ပျော့ညံ့ညံ့နှင့် ဒူးထောက် အလျော့ပေးနိုင်၏။

နောက်ဆုံး ပညာပေးခြင်းနှင့် အဆုံးသတ်ဖို့ ဆုံးဖြတ်လိုက်သည်။

“ဒီနေ့ အမ်ဒီ ရုံးတက်မယ် နုနုချွတ်”

“ဟုတ်ကဲ့”

“နုနုချွတ်”

“ပြောပါ”

“ကိုယ်တို့ သတင်းတစ်ခုကြားထားတယ်၊ အမ်ဒီကို အန္တရာယ်ပေးမယ့်သူ ရှိနေတယ်”

“စိတ်ချ ... ကျွန်မရှိပါတယ်”

“ဒီည အရေးကြီးတဲ့လုပ်ငန်းရှင်များ အစည်းအဝေးရှိနေတယ်၊ ညဥ့်နက်နိုင်တယ် မင်းတစ်ယောက်တည်းဖြစ်မလား”

“ကျွန်မ အတတ်နိုင်ဆုံး အကာအကွယ်ပေးပါ့မယ်”

ဦးဖန်နေဝန်းလို အေးချမ်းတည်ငြိမ်တဲ့ ယောကျ်ားတစ်ယောက်အတွက် အန္တရာယ်က ဘယ်ကနေ ရောက်လာနိုင်တာလဲ။

ရှင်ကြီးမဟုတ်တာတွေ လုပ်ထားလို့ပဲပေါ့။

လူမသိ သူမသိ ကုတ်ကမြင်းကြီး ဖြစ်မယ်။

“အမ်ဒီ နဲနဲအားနည်းနေသေးတယ် နုနုချွတ် ... စိတ်ဓာတ်တွေမြင့်တက်လာအောင် အားပေးပါဦး”

မမမာဂရက်လည်း ပြောသည်။

လာပြန်ပြီတစ်ယောက်။

ကျွန်မက ဘာတွေအားပေးရမှာလဲ။

အားဆေးလား။

ရှင်တို့ အမ်ဒီ လူလိမ်ကြီးကများ နုနုချွတ် နှုတ်ခမ်းလေးက မသိမသာ တွန့်မဲ့သွားသည်။

“ကျွန်တော်အောက်ကနေ စောင့်နေပါ့မယ် နုနုချွတ်၊ အမ်ဒီ



www.burmeseclassic.com

www.burmeseclassic.com



ကို ခေါ်လာခဲ့ပါ"

"ဟုတ်ကဲ့"

နုနုချွတ်ရဲ့ မာနကို ဖြိုဖျက်ဖို့မလွယ်။

ယောက်ျား ဆန်လွန်းသည်။

တစ်နေ့ထက်တစ်နေ့ အမ်ဒီက အချစ်ကြီးချစ် အရူးအမူး။

နုနုချွတ်က မတုန်မလှုပ် ထွန်းခေါင် စိတ်ပူသည်။

"မာဂရက်က ပြောထားပြီးပြီကွ၊ နုနုချွတ်က ငြင်းတယ်တဲ့၊ ကိုယ်အရမ်းကြွေနေပြီ မရတာကိုမှ လိုချင်နေပြီထင်တယ် နုနုချွတ်နဲ့ကိုယ် နီးစပ်ဖို့ မလွတ်တော့ဘူးထင်တယ် ထွန်းခေါင်ရာ"

အမ်ဒီအတွက် ထွန်းခေါင်လည်း ဘာမှလုပ်မပေးနိုင်။

သူမက တာဝန်တစ်ခုထမ်းဆောင်ရုံလေးပဲ တခြား စိတ်မဝင်စား အေးစက်စက်။

"ကျွန်တော် သွားပြီနော်"

"ဟုတ်ကဲ့"

ယူစရာရှိတဲ့ အိတ်တွေ လိုအပ်တဲ့ပစ္စည်းတွေ သယ်ဆောင်ပြီး ကိုထွန်းခေါင် ထွက်သွားသည်။

နုနုချွတ်ကတော့ နောက်ဆုံးအကြိမ်အဖြစ် တစ်စုံတစ်ရာ လုပ်ရတော့မည်ဖြစ်၏။

သူမ အဝတ်အစားလဲ၍ ဦးဖန်နေဝန်း အခန်းသို့ ရောက်လာ





သည်။

"ဦးဖန်နေဝန်း ကျွန်မအပြင်မှာ ရောက်နေပါပြီ အဆင်သင့်ဖြစ်ပြီလား"

"နုနုချွတ်"

"ရှင်"

"အခန်းအပြင်မှာပဲ စောင့်နေပါ"

"ဟုတ်ကဲ့"

ဦးဖန်နေဝန်း အသံက အားအင်မပြည့်။

သူမလည်း နွမ်းနွမ်းဖတ်ဖတ် စိတ်ဓာတ်ပျော့ညံ့တာကို သူမ လုံးဝမနှစ်သက်။

ဦးဖန်နေဝန်း အခန်းဝမှာ တောင့်တောင့်လေးရပ်ရင်း ရင်ကခုန်ချင်နေသေးသည်။

"နုနုချွတ်"

"ဟင်"

"ဆောရီး"

"သွားကြပါစို့"

"ကိုယ့်စိတ်တွေ လေးနေသလိုပဲ"

"ဘာမှမဖြစ်ပါဘူး ... နုနုချွတ် တစ်ယောက်လုံးရှိပါတယ်။ ရှင်လုံးဝ အန္တရာယ်မကျရောက်စေရပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ယုံပါတယ်"

ကိုသွန်းကြောင့် ဖန်ဝန်း စိတ်ထိခိုက်နေရသည်။

မြန်မာပြည်ကို ပြန်လာခဲ့မယ်တဲ့။ သူ့အစ်ကိုအဖြစ် အတိအလင်း ကြေငြာဖို့ လက်မခံသေးပေ။

ကိုသွန်း တော်တော်ဒုက္ခပေးတာပဲ။

"ဖန်ဝန်း ကိုယ်နိုင်ငံခြားမှာ နေရတာပျင်းလာပြီ ... ခဏပြန်လာမယ်၊ မင်းကောင်မလေးကို လာကြည့်မလို့ အရမ်းချောတယ်ဆို မင်းလို ငတုံးနဲ့မလိုက်ဖက်ဘူးကွ"

သူ စောစောကပဲ ရန်ဖြစ်ခဲ့သည်။

နနချွတ်ကို ထိလို့ကတော့ သူလက်မခံနိုင်။

ကိုကို လူရှုပ်လူပွေ။

ဖန်ဝန်း နာမည် အလွဲသုံးစား လုပ်တာ မကောင်းပါဘူး။ စိတ်ပျက်တယ်။

အပြင်ထွက်လာတော့ နနချွတ် ရပ်နေသည်။

အဲဒီလို ကိုယ်ရံတော်အဖြစ် တောင့်တောင့်ကြီး ရပ်မနေစမ်းပါနဲ့ကွာ ... ။

ကိုယ်လက်ထပ်ချင်တယ်။

ဘဝတစ်ခုကို အေးချမ်းစွာ တည်ဆောက်ချင်တယ်။

အောက်ခြံထဲရောက်လာတော့ ထွန်းခေါင်က ကားရှေ့မှာ





အသင့်စောင့်နေသည်။

"ဝင်ပါ အမ်ဒီ"

"ထွန်းခေါင်"

"ဟုတ်ကဲ့"

"မင်းကိုကြည့်ရတာ သတင်းတစ်ခုခုအတွက် စိုးရိမ်ပူပန်နေသလိုပဲ ဘာသတင်းတွေ ထူးခြားလို့လဲကွ"

"မရှိပါဘူး အမ်ဒီ ... တပည့်ကြီးက ဒီလိုပဲ စောင့်ရှောက်တာ"

"တာဝန်ဝတ္တရားအရ လူတွေကို ဆက်ဆံပြောဆိုနေရတာ စိတ်ပျက်တယ်၊ လွတ်လွတ်လပ်လပ်ပဲ နေကြပါ"

"နနချွတ် တက်ပါ"

"ဟုတ်ကဲ့"

သူမ နောက်ခန်းမှာဝင်ထိုင်သည်။

ဦးဖန်နေဝန်းကို အန္တရာယ်ပေးမည့်သူတွေ ရှိတယ်တဲ့။

ဘယ်သူတွေလဲ ဦးဖန်နေဝန်းတော့ သိပုံမပေါ်သေးပေ။

ကိုထွန်းခေါင်က အသိမပေးတာဖြစ်နိုင်သည်။

"အမ်ဒီကို အန္တရာယ်ပေးမယ်လို့ သတင်းရထားတယ် နနချွတ်၊ မင်းသတိထားပါ"

ကိုထွန်းခေါင်က တိုးတိုးတိတ်တိတ်မှာထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဖန်နေဝန်းကို ကြည့်ရတာ နွမ်းဖတ်ညှိုးလျှော်နေလွန်း၏။

သူမ ကြောင့်လား။

ကျွန်မကို ချစ်လို့လား ...

ကားလေးက တရိပ်ရိပ်ပြေးနေသည်။

သူမစိတ်တွေလည်း လျင်မြန်သောအရှိန်နှင့် အသောမသတ် ပြေးလွှားနေ၏။

ရန်သူ ... ရှင့်ရဲ့အနီးကပ်မှာ ရန်သူတစ်ယောက်ရှိနေတယ်။

နုနုချွတ်လေ။

ကျွန်မအလုပ်ကို အဆုံးသတ်မှ ဖြစ်မယ်ထင်တယ်။

သံယောဇဉ်ကို နုနုချွတ် မုန်းသည်။

"အမ်ဒီကို နဲနဲလေးပိုပြီး ဂရုစိုက်ပေးပါ နုနုချွတ် ... ကျွန်တော် စိတ်တွေလေးနေပါတယ်"

ကိုထွဋ်ခေါင် ဘာတွေသိထားလို့လဲ။

သူမကိုယ်တိုင် အခွင့်အရေးစောင့်နေတာပါ။

ရှင်ကြီးအသေပဲ။

ကျွန်မက ကာကွယ် စောင့်ရှောက်ပေးမယ်လို့ ရှင်ထင်နေလား။

ကုမ္ပဏီ ရုံးခန်းထဲ ဝင်ခဲ့သည်။

"ဦးဖန်နေဝန်း ... ကျွန်မ ကော်ဖီသွားယူလိုက်ရမလား"





"ယူလေ ... မင်းယူနေကျပဲဟာ ဘာဖြစ်လို့လဲ၊ ဒါ ကိုယ့်ရုံးခန်းပါ ... အန္တရာယ် နီးပါ"

"သွားပြီနော်"

နုနုချွတ် အပြင်ထွက်သွားသည်။

လောကကြီးက တစ်မျိုးပဲ။

နှလုံးသားမရှိတဲ့ မိန်းကလေးကိုမှ ချစ်မိသည်။

ကိုယ့်ဘဝက ပြည့်စုံသလိုထင်ပေမယ့် တကယ်တော့ မပြည့်စုံဘူး ချွတ်။

သောက ဒုက္ခတွေပဲ ပြည့်စုံနေတာပါ။

ကော်ဖီလေးတစ်ခွက်လောက်တော့ သောက်ချင်နေသည်။

"ကျွီ ... "

"ဟင်"

နုနုချွတ် မဟုတ်။

အနောက်တိုင်းဝတ်စုံကို သေသေသပ်သပ် ဝတ်ထားတဲ့ လူတစ်ယောက်။

နေကာမျက်မှန် အနက်မဲမဲကို တပ်ထားသည်။

"ထိုင်ပါ ... ဘယ်သူပါလဲ ခင်ဗျာ"

ထွဋ်ခေါင်ရော ... သူ့အခန်းထဲဝင်လာတဲ့ ဧည့်သည်က ဘယ်သူ့ခွင့်ပြုချက်နဲ့လည်း သူ့ကို ကြိုတင်အကြောင်းကြားရမှာပဲ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်၏။

သူ နဲနဲလေး သတိထားသွားသည်။

"ပြောပါ ကိစ္စက ... "

"ဦးဖန်နေဝန်း ခွင့်ပြုချက်မယူဘဲ ကိုယ် အခန်းထဲဝင်လာခဲ့တာ ကိုယ့်အစွမ်းအစကို လျော့တွက်လို့မရဘူးနော်"

"ဗျာ"

ထိုလူက ဝင်ဝင်လာခြင်းပဲ အခန်းတံခါးကို လော့ချပစ်လိုက်သည်။

ဖန်ဝန်း တုန်လှုပ်သွားရသည်။

နုနုချွတ် ကော်ဖီသွားယူတယ် အပြင်မှာ ထွင့်ခေါင်ရှိတာပဲ။

ဒီကောင်တစ်ခုခုများ ဖြစ်သွားပြီလား။

သူ ထရပ်လိုက်၏။

ထိုလူက ထိုင်ဖို့ပြောသည်။

"ဆက်ထိုင်နေပါ အုတ်အော်သောင်းနင်း မဖြစ်ချင်ဘူးမဟုတ်လား"

"ဘာကိစ္စလဲ ပြောပါ ... "

"ကိစ္စက ခင်ဗျား ကျုပ်ကိုမသိဘူးလို့ ပြောတာလား"

ကိုသွန်း ပြဿနာဆိုတာ သူသိလိုက်သည်။

ဘယ်လို ရှင်းရမှန်းမသိ။





ဒီလူက ထောင်ထောင်မောင်းမောင်း ဗလတောင့်တောင့်သူ လုံးဝမတွေ့ဘူး။

ပြောရင် လက်ခံဖို့ မရှိပေ။

"ကျုပ် ညီမြင်းလွင်လေ ... မမှတ်မိဘူးလား၊ အင်းလေ တစ်ကြိမ်လောက်ပဲ တွေ့ဖူးခဲ့တာကိုး ... ဒါပေမဲ့ ကျုပ်ညီမြလေးလွင်ကို ခင်ဗျား ကောင်းကောင်းသိမှာပါ"

"မသိဘူး"

"ဘာပြောတယ်"

သူက အမှန်အတိုင်းမသိဘူး ပြောမိ၍ ထိုလူက သူ့ရင်ဘတ်က အင်္ကျီစကို ဆွဲကိုင်ရင်း လက်သီးကို ရွယ်ထားသည်။

"ထိုင်ပါဦး ကိုညီမြင်းလွင် ... ကျုပ်ရှင်းပြပါ့မယ်"

ထိုလူက မထိုင်ပေ။

သူလည်း ဘယ်လိုရှင်းပြရမှန်းမသိတော့ဘူး။

ကိုသွန်းအကြောင်း ပြောလည်း ယုံကြည်မှာမဟုတ်။

သက်သေအထောက်အထားကလည်း မရှိ။

အကျင့်မကောင်းတဲ့ ကိုသွန်းက အထောက်အထားတွေ သူနှင့်အတူတူ ယူဆောင်သွားသည်။

"ဒီမှာ တကယ်တော့ခင်ဗျား ယုံမှာလားဆိုတာ မသိပေမယ့် ကိုယ်က ခင်ဗျားတို့သိတဲ့လူရဲ့ ညီပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ... ဘာညီလဲ၊ လူလိမ် ... မင်းမှာအမွှာညီ အစ်ကိုရှိတယ်လို့ ပြောချင်တာလား"

"ဟုတ်ပါတယ် ... ကိုယ်နဲ့ခွဲမရအောင်တူတဲ့ အမွှာအစ်ကို ဖန်နေသွန်းဆိုတာပါ"

"ဘာ ... ဖန်နေသွန်း ဟုတ်လား ... ဖန်နေဝန်းဆိုတဲ့နာမည် နဲ့ ပတ်သက်တာ အသေအချာပဲကွ၊ ဘယ်က ဖန်နေသွန်းလဲ"

"တကယ်ပြောတာပါ ... ကိုယ့်အစ်ကိုကဆိုးတယ်၊ ပေတယ် ရှုပ်ပွေတယ် ကိုယ့်နာမည် အသုံးပြုတာ"

"မဖြစ်နိုင်ဘူး ... ဒီလိုအလွယ်တကူ ပြောလို့မရဘူး၊ မင်း ငါ့ညီမကတစ်ဆင့် ချေးထားတဲ့ငွေတွေ အတိုးလည်းမရ အရင်း လည်းမရ၊ မင်းရှောင်ထွက်သွားတာလေ"

"ခင်ဗျားညီမ မြလေးလွင်ကိုခေါ်လာခဲ့ပါလား၊ ကိုယ်တို့ အမွှာညီအစ်ကို ခွဲခြားလို့ရတဲ့ အမှတ်အသားရှိပါတယ်"

"ကျုပ်ညီမက သေပြီ ... မင်းကြောင့်ပဲလေ ဖန်နေဝန်း၊ မင်းရက်စက်ခဲ့လို့ မအိပ်နိုင် မစားနိုင်နဲ့ နှလုံးရောဂါဖြစ်ပြီးဆုံးတာ"

"ဗျာ"

"ဘာကြောင်နေတာလဲ"

ထိုလူရဲ့လက်သီးက သူ့မျက်နှာပေါ်ဝဲနေပြီး ဒေါသတွေ လည်းထွက်နေသည်။





သူ ပြဿနာကို မရှည်ချင်တော့။

ထွဋ်ခေါင်ကိုလည်း စိတ်ပူလာ၏။

ထို့ကြောင့်ပင် ချေးထားတဲ့ငွေကို ပြန်ပေးဖို့ ဆုံးဖြတ်လိုက် သည်။

"ခင်ဗျားဆီက ကိုသွန်းချေးထားတဲ့ငွေက ဘယ်လောက် လဲ"

"ခင်ဗျား မသိဘူးလား"

"မသိဘူး"

"ကဲကွာ ... မသိဦး ... "

"ခွပ် ... ခွပ်"

"ဟေ့လူ"

"မင်းလိုကောင်မျိုးကို မှတ်လောက်သားလောက်အောင် အသေသတ်ပစ်ရမယ်"

"နေ ... နေဦးလေ၊ ကိုယ်က ပြန်ပေးမယ်လို့ ပြောနေတာပဲ၊ ပြဿနာတွေ မဖြစ်ချင်ဘူး၊ တောင်းပန်ပါတယ် ကိုညိုမင်းလွင်၊ ပြောပါဗျာ ဘယ်လောက်လဲ"

"သိန်းတစ်ထောင်"

"ဟင် ... ကိုသွန်းက ခင်ဗျားဆီက သိန်းတစ်ထောင်တောင် ယူတာလား သက်သေပြပါ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းကိုယ်တိုင်ယူပြီး ဘာသက်သေပြရမလဲ ... တိုက်ကြီး ပြင်တယ်၊ ရေကူးကန်တွေ တင်းနစ်ကွင်းတွေ မင်းလုပ်တယ်၊ အခု မင်းကိုယ်တိုင်နေတာပဲ"

"ဒုက္ခပါပဲဗျာ"

ကိုသွန်းအား ပြင်ဆင်စရိတ်တွေ သူအလုံအလောက်ပေး ထားသည်။

ကိုသွန်း လုပ်ချင်တာတွေ လုပ်ခဲ့တာပဲ။

"ဘာဒုက္ခလဲ ... မင်းက မသိချင်ယောင်ဆောင်နေတာ လူလိမ်"

"ခွပ် ... ခွပ် ... "

သူ ထလိုက်သည်။

နုနုချွတ် ဘယ်ရောက်နေလဲ။

ရန်သူက မထင်မှတ်တဲ့ ရှုထောင့်ကနေဝင်ရောက်လာခဲ့၏။

သူ့ကို သဲကြီး မဲကြီး ရန်ပြုနေသည်။

"မင်းဆီက သိန်းတစ်ထောင်လည်း မလိုတော့ဘူး၊ မင်းကို သတ်ပစ်ခဲ့ရရင် ကျေနပ်ပြီကွ"

"ဟော့လူ ... အဲဒီလိုမလုပ်ပါနဲ့ ကျုပ်ပေးပါ့မယ်၊ ခင်ဗျားလို ချင်သလောက် ပေးပါ့မယ်"

"မရဘူး ... မင်းကိုသတ်မယ်၊ ဒါမှ ငါ့ညီမလေးအတွက်ရော





တန်မယ်၊ မင်းကြောင့် ... ဒုက္ခရောက်တဲ့သူတွေ အများကြီးကွ"

"ခွပ် ... ဒုတ်"

"အား ... "

"ဒုတ် ... ဒုတ်"

"ကျုပ်မဟုတ်ပါဘူးလို့ ပြောနေပြီပဲ၊ တကယ်ပါဗျာ ... ယုံ ပေးပါ"

"ဒုတ်"

"အား"

နုနုချွတ် ပြန်လာတော့ အပြင်မှာ ကိုထွန်း္ခခေါင်လဲကျနေ သည်။

သူမ သိလိုက်၏။

အန္တရာယ်က အတွင်းမှာဖြစ်ပေါ်နေပြီ။

ဦးဖန်နေဝန်းအခန်းက အသံလုံခန်းဖြစ်၍ အပြင်မှမကြားရ ပေ။

သူမ ဘာလုပ်ရမလဲ။

ဒီအတိုင်းပဲ နေလိုက်ရမလား။

ကိုထွန်းခေါင်က ခေါင်းကို ထိခိုက်ထားသည်။

"ကိုထွန်းခေါင် ... ရှင်ဘယ်လိုဖြစ်ရတာလဲ"

နုနုချွတ် အတွင်းသို့ ဝင်ဖို့ မကြိုးစားဘဲ ကိုထွန်းခေါင်ကို



www.burmeseclassic.com

www.burmeseclassic.com

တော့ ကယ်တင်ချင်သည်။

ဦးဖန်နေဝန်းရော သေပြီလား။

ရန်သူက ဘယ်ကနေဝင်ရောက်လာမှန်းမသိ။

ဒါပေမဲ့ ...

သူမစိတ်တွေ ပြောင်းသွားရသည်။

သူမ ယူဆောင်ထားသော သော့ အပိုတစ်ချောင်းနှင့် အတွင်းထဲ ဝင်ရန် ဖွင့်လိုက်တော့ ဦးဖန်နေဝန်းအား ထိုသူက ဓား နှင့်ထိုးဖို့ပြင်နေ၏။

သူမ လျှင်မြန်တဲ့အဟုန်ဖြင့် လူသတ်သမားအား ခုန်အုပ် ဖမ်းချုပ်ထားလိုက်သည်။

"မင်း ... မင်း ... ဘယ်သူလဲ၊ ဖယ်စမ်းပါ ... ဒီကောင့်ကို သတ်မယ် လူလိမ် ... ကောက်ကျစ်ယုတ်မာပြီး ရက်စက်တဲ့ကောင် ပဲ ... လွှတ်စမ်း မိန်းကလေးကများ"

"အား"

သူမအား ကြမ်းကြမ်းတမ်းတမ်းတွန်းဖယ်ဖို့ ကြိုးစားနေတဲ့ ထိုလူ ကြမ်းပြင်ပေါ် ဝုန်းခနဲ ပြုတ်ကျသွားသည်။

နှုတ်ခမ်းတွေဆီမှ အားဟုနာကျင်တဲ့အသံကြီးနှင့် ခါးပါ ပြုတ်ကျသွားသည်။

ဦးဖန်နေဝန်းက ဖုန်းဆက်လိုက်၍ ကုမ္ပဏီက ဝန်ထမ်းတွေ





ရောက်လာကြပြီး ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်သွား၏။

ဦးဖန်နေဝန်းကတော့ နုနုချွတ်အား အသက်သခင် ကျေးဇူး ရှင်အဖြစ် ကျေးဇူးအထပ်ထပ် တင်နေသည်။

www.burmeseclassic.com

www.burmeseclassic.com

အခန်း ( ၁၅ )

နုနုချွတ်ရဲ့ နောက်ဆုံးအခွင့်အရေးက လွတ်သွားပြန်ပြီဖြစ်သည်။

ဦးဖန်နေဝန်း အသက်ကို ကယ်မိသွား၏။

သူမထက် နာကြည်းနေတဲ့လူတစ်ယောက်က ထိုးကြိတ်ရိုက်နှက်သွားတာ ဒဏ်ရာတွေ ဗလပွနှင့် ကံကောင်းလို့မသေတာ။

ကိုထွဋ်ခေါင်ကိုလည်း ဆေးရုံပို့ရပေမယ့် ဒဏ်ရာက မပြင်းထန်။

ဦးဖန်နေဝန်း အမှုမလုပ်။

နုနုချွတ်ပင် အံ့ဩသွားရသည်။

"ကိုယ့်အသက်ကို ကယ်လိုက်တာ ကျေးဇူးအရမ်းတင်ပါတယ်၊ မင်းတော်တော် အားကိုးရတာပဲ၊ တာဝန်ကျေပါတယ်"

"ကျွန်မစိတ်ထဲမှာ ပြင်ဆင်စရာရှိတာတွေ အမြဲတမ်းပြင်ဆင်





ထားမိပါတယ်၊ သေဒဏ်အပိုလည်း လိုလိုမယ်မယ် ယူထားတာ၊ ရန်သူကလျင်တယ်၊ အကွက်စေ့တယ်၊ အစောကြီးထဲက ရောက်နေတဲ့ပုံပဲ"

ဦးဖန်နေဝန်းရဲ့ ရုံးခန်းက သီးသန့်ရှိနေသည်။

ထိုလူက သိပုံပင်။

"ဦးဖန်နေဝန်းမှာ ဘာဖြစ်လို့ ရန်သူတွေများနေရတာလဲ၊ စီးပွားရေးပြိုင်ဘက်တွေကြောင့်လား"

"ကိုယ်အိမ်မှာပဲ နေရတော့မယ်ထင်တယ်၊ အန္တရာယ်တွေက ကိုယ့်ရုံးခန်းထဲအထိ လျှို့ဝှက်ဝင်ရောက်နိုင်နေပြီ"

"သက်ဆိုင်ရာကို တိုင်သင့်တယ်၊ ဘာဖြစ်လို့ ခွင့်လွှတ်ပေးလိုက်ရတာလဲ"

သူတမင် ခွင့်လွှတ်ပေးလိုက်တာပါ။

ကိုသွန်း ယူထားတဲ့ အကြွေး သိန်းတစ်ထောင်ကို လျှို့ဝှက်ဆပ်ဖို့ စီစဉ်ရမည်။

ကိုသွန်း လွန်တာပဲ လူတွေကို ဒုက္ခပေးနေခဲ့သည်။

မဖြစ်သင့်တာပဲ။

သူ့ နာမည်နှင့်ကိုသွန်း ရှုပ်ပွေခဲ့တဲ့ဒဏ် ခံနေရ၏။

နုနုချွတ် ရောက်လာပေလို့ပေါ့။

သူ့ကို ဓားမြှောင်နှင့်ထိုးတော့မလို့ နုနုချွတ် အရမ်း လျင်မြန်



www.burmeseclassic.com

www.burmeseclassic.com



ဖျတ်လတ်လွန်းသည်။

"ဦးဖန်နေဝန်းလည်း အမြဲတမ်း အန္တရာယ်တွေနဲ့ ရင်ဆိုင်နေရတာပဲ၊ ကျွန်မ ဒဏ်ရာတွေကို ဆေးထည့်ပေးမယ်နော်"

"ကျေးဇူးပဲ နုနုချွတ်"

သူမ ဂွမ်းမှာအရက်ပျံဆွတ်ပြီး သူ့ဒဏ်ရာတွေကိုတို့၍ ပိုးသတ်ပေးသည်။

သူမ ဂရုတစိုက်ကြည့်မိနေတာက ဦးဖန်နေဝန်းရဲ့ မျက်ဝန်းတွေ။

သူ့အား စားနင့်ထိုးဖို့ ကြိုးစည်တဲ့လူကို ခွင့်လွှတ်နေ၏။

ရှင်လွန်ကျူးခဲ့တဲ့ ပြစ်မှုတွေက ကြီးလွန်းနေတာကိုး။

မမ ထွတ်တို့လိုလူတွေ ဘယ်လောက်များနေပြီလဲ။

သူမ ဂွမ်းအစကို အနာပေါ် တင်လိုက်တော့ အားဟု အော်သည်။

"နာသွားလားဟင်"

"ကိုယ်အရမ်းပျော့နေတယ်၊ ကိုယ်ဒီမှာ ဆက်နေလို့မဖြစ်တော့ဘူးထင်တယ်၊ ကိုယ်အရမ်း စိတ်ပျက်တယ် ... ဘယ်ကနေရောက်လာမှန်းမသိတဲ့ ရန်သူတွေများလွန်းနေတယ် နုနုချွတ်"

ရှင်လုပ်ခဲ့တဲ့ ပြစ်မှုတွေကရော သတ်ပစ်ချင်တဲ့လူတွေကတော်တော်များနေပြီ။





နုနုချွတ်ရဲ့ နောက်ဆုံးကမလွယ်။

သူမစိတ်တွေ ပျော့ညံ့မသွားခင် အဆုံးသတ်ရမယ်။

"ထွဋ်ခေါင်လည်း ကိုယ့်ကြောင့် ဒုက္ခရောက်တော့မလို့"

ကိုသွန်း ဘာဆက်လုပ်တော့မလဲ။

သူ့ဘဝ အဖတ်ဆယ်လို့ မရတော့ဘူး။

သူ့ဒဏ်ရာရတိုင်း နုနုချွတ်က ပြုစုပေးတာတော့ ကျေနပ်ပီတိဖြစ်ရသည်။

ကိုယ်မြန်မာပြည်ကနေ ထွက်သွားချင်တယ်။

မင်းကိုပါ ခေါ်သွားချင်တယ် နုနုချွတ်ရယ်။

သူ့စီးပွားရေး အလုပ်အကိုင်တွေလည်း အဆင်မပြေ သူဦးစီးဖို့ ခက်လာသည်။

"နုနုချွတ်"

"ရှင်"

"ကိုယ်လေ မိန်းကလေးတစ်ယောက်ကိုချစ်နေတယ်၊ ဖွင့်ပြောရမှာလည်း စိုးရိမ်တယ် ... သူစိတ်ဆိုးမှာ အကြောက်ဆုံးပဲ"

"ကျွန်မက မကြာခင် အလုပ်ကနေ ထွက်တော့မယ်"

"မင်း ... ဘာပြောတာလဲ နုနုချွတ်"

"ဦးဖန်နေဝန်း နိုင်ငံခြားကို ပြန်သွားပါတော့"

"ကိုယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ စားစရာတစ်ခုခုသွားယူလိုက်ဦးမယ်နော်"

"နေပါဦး"

"ရှင်"

သူမ ထထွက်သွားမယ်ပြင်တော့ ဦးဖန်နေဝန်းက သူမ လက်ကိုဆွဲထားသည်။

သူမ မျက်လုံးလေးတွေ ပြူးကျယ်ဝိုင်းစက်သွား၏။

အကြည့်ခြင်းဆုံမိစဉ် သူမ ရင်တွေ စူးခနဲနာကျင်သွားသည်။

ရှင့်ကို အပြစ်မရှိတဲ့လူတစ်ယောက်လို့ ကျွန်မစိတ်က ထင်နေတယ်။

သူမနှလုံးသားတွေထဲ အချစ်တွေရောက်နေကြပြီလား။

မာကျောတဲ့ နှလုံးသားက သူ့ရင်ခွင်ထဲ ဒူးညွတ်ခွေ ယိုင်လဲသွားချင်သည်။

"ကိုယ့်အနားမှာနေပေးပါ"

"ရှင်"

"ချစ်တယ်"

"ဦးဖန်နေဝန်း"

"ကိုယ် နုနုချွတ်ကို ချစ်တယ်"

"ဟင်"

"ကိုယ် မိန်းကလေးတစ်ယောက်ကိုချစ်တယ်လို့ ပြောတာ





ပထမဆုံးပါ"

သူမရင်ထဲသို့ မုန်းတီးနာကြည်းမှုတွေသာ အစိုင်းအခဲကြီး ကြီး ဖြစ်ပေါ်လာရသည်။

ရှင် လူလိမ်ကြီးပဲ။

ရှင့်ကြောင့် အသက်ပါ ပေးဆပ်လိုက်ရမယ့် မိန်းကလေး တွေ အများကြီးပဲလေ။

"ကိုယ့်အနားမှာနေပေးပါလား ချွတ်"

"လွှတ်ပါ"

"မင်းတစ်စက္ကန့်လေး ကိုယ့်အနားမှာမရှိရင်တောင် ကိုယ့် စိတ်တွေ ချောက်ချားတယ် မလုံခြုံသလိုပဲ၊ ကိုယ်တို့အတူတူနိုင်ငံ ခြားကို ထွက်သွားကြရအောင်"

"လွှတ်ပါ"

"ကိုယ့်ကိုအဖြေပေးပါ၊ မင်းဆီက လက်ခံမှုကို ကိုယ်ခုချက် ခြင်းပဲ လိုအပ်နေတယ်ကွာ"

"မဖြစ်နိုင်ပါဘူး"

"ချွတ်"

"ငြင်းပါတယ် ... ကျွန်မတို့ အောဂျင်စီရဲ့ ဂုဏ်သိက္ခာကို လည်း စောင့်ထိန်းရပါမယ် ... ပြီးတော့ ... "

ကျွန်မကိုယ်တိုင်လည်း ရှင့်ကိုမချစ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



မုန်းတယ်ဟု ပြောဖို့ ဝန်လေးတွန့်ဆုတ်သွားသည်။

နှာကျင်စွာ ငိုကြွေးချင်လာ၏။

မမထွေး၏အပေါ် ရက်စက်မှုတွေက သူမနှလုံးသားထဲအထိ တိုးဝင်မနေ။

အချစ်တွေရောက်ရှိလာပြီလားပင် မသိတော့။

သူမ ခါးခါး သီးသီး ငြင်းပစ်လိုနေသည်။

"ကိုယ့်ကိုမငြင်းပါနဲ့ ... ကိုယ့်ကို မချစ်နိုင်ရင်တောင် ကိုယ့် အနားကနေ ထွက်မသွားပါနဲ့ချွတ်"

"ကျွန်မ အလုပ်တာဝန်ကနေ ထွက်တော့မှာပါ၊ ကျွန်မ အနာဂတ်အတွက် ဒီအလုပ်က စိတ်ချလုံခြုံမှု မရှိနိုင်ပါဘူး၊ ကျွန်မ ကောင်းကောင်းသိသွားပါပြီ ... သွားခွင့်ပြုပါ"

"မပြုဘူးကွာ ... မင်းကိုချစ်တယ်၊ မင်းထွက်သွားလို့မရဘူး ချွတ်ရယ် ... မင်းဆန္ဒတွေကို အရာအားလုံး ဖြည့်စွမ်းပေးပါ့မယ်၊ ကိုယ်က မင်းလက်ခုတ်ထဲကရေလိုပဲ မင်းသွန်လိုသွန်၊ မှောက်လို မှောက်ပါ၊ ဒါပေမဲ့ ... မင်းကိုယ့်အနားမှာပဲ နေပေးပါ၊ မင်း ဘာဖြစ် ချင်လဲ ပြောပါ"

ရှင် သေပေးမလား ဦးဖန်နေဝန်း။

ကျွန်မက ရှင့်ကိုသတ်ပစ်ချင်တာလေ။

ဒါကြောင့် ရှင့်အနားမှာ နေတာ။ ကျွန်မရဲ့အကြီးမားဆုံး





ဆန္ဒက ရှင့်ကိုသတ်ပစ်ဖို့ပဲ။

ဘယ်လိုလဲ သေပေးလေ။

သူမ နှုတ်ခမ်းသားလေးတွေ ဈေးကပ်နေသည်။

အမုန်းတွေလား အချစ်တွေလား မသိဘူး။

နှုတ်ခမ်းလေးက တဆတ်ဆတ်တုန်ယင်ချင်လာ၏။

အချစ်သင်္ကေတကို ကျွန်မ မုန်းတယ်။

"ချွတ်ရယ်"

"ဟင်"

"ချစ်တယ် ... ကိုယ်အရမ်းမြတ်နိုးတယ်၊ တန်ဘိုးထားရတဲ့ အချစ်ဦး မိန်းကလေးပါ"

"အို"

သူက မထင်မှတ်ဘဲ သူမလက်လေးကို ဆွဲယူ၍ သူ့ရင်ခွင် ထဲ ပွေ့ဖက်၍ သူမနှုတ်ခမ်းကို နမ်း၏။

ဘုရားရေ အမလေး ...

နုနုချွတ် နှလုံးသားတွေ ပြောင်းဆန်ကုန်ပြီလားတောင် မသိဘူး။

အထိတ်တလန့်နှင့် ခဏလောက် ငြိမ်သက်မေ့မျောသွားပြီး မှ ရုတ်တရက် အသိတွေဝင်လာကာ သူ့ခန္ဓာကိုယ်ကြီးအား ဆွဲယူ ကိုင်ပေါက်ပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အား"

"ဒုန်း ..."

"ချွတ်"

"လူယုတ်မာ"

"အား ..."

သူမ နှစ်ကြိမ်လောက်ကိုင်ပေါက်ပစ်သည်။

သေစမ်း ...

ရှင်ကများ အေးစက်နေတဲ့ သူမသွေးတွေ ဆူပွက်သွား၏။

မထူးတော့ဘူး။

ရှင့်အနားကနေ ကျွန်မအပြီးအပိုင် ထွက်သွားတော့မယ်။

ကျွန်မနဲ့ရှင် အဆုံးသတ်ပဲ။

"ရှင် ဘာလုပ်တာလဲ ... ကျွန်မကို ရှင်စော်ကားချင်တိုင်း စော်ကားလို့ရမယ်ထင်လား"

"ခွပ် ... ခွပ်"

"ခွပ် ..."

"နနုချွတ် မင်းဆန္ဒအတိုင်းလုပ်ပါ၊ ကိုယ့်အမှားပဲ ... ကိုယ်ခံမယ်၊ ကိုယ့်ကို သတ်ပစ်လိုက်ပါ"

ရှင်သေရမယ်။ လူယုတ်မာကြီး ...

နနုချွတ်က ဒီအခွင့်အရေး မျှော်စောင့်နေတာပါ။





သူမ ခြေတံရှည်ရှည်တွေက သူမမျက်နှာအနား ဝဲသွားပြီးမှ ရပ်တန့်သွားသည်။

သူ ကြမ်းပြင်မှာလဲနေသည်။ မလှုပ်တော့။

နဂိုထဲက ဒဏ်ရာတွေရှိနေခဲ့၏။

သူ့ပါးစပ်မှ သွေးတွေ စီးကျနေသည်။

"လူယုတ်မာ"

ရှင့်ကို ကျွန်မ အဆုံးမသတ်တော့ဘူး။ အဆုံးသတ်ပေးမယ့်သူတွေက ရှင့်ကိုဝိုင်းရံနေလို့လေ။ တခြားသူတွေပဲ အဆုံးသတ်ပေးလိမ့်မယ်။ ရှင့်ကိုသတ်ပြီး ထောင်ထဲမဝင်တော့ဘူး ... သွားပြီ။

"ကျွန်မ ရှင့်ကို အသေမသတ်တော့ပါဘူး၊ သတ်ချင်တဲ့လူတွေ အရမ်းများနေတယ်လေ ... ရှင် တစ်နေ့နေ့ သူများသတ်လို့ပဲ သေရမှာပါ"

သူမ ပြန်ထွက်လာခဲ့ပြီး သူမအခန်းထဲဝင်ကာ သိမ်းစရာရှိတာတွေသိမ်းသည်။ ယူစရာရှိတာတွေယူပြီး ပြန်ထွက်လာခဲ့၏။

သွားပြီ ...

စောစောစီးစီး အဆုံးသတ်ပစ်လိုက်တာပဲ။

သူမခြံကြီးထဲကနေ ပြန်ထွက်လာသည်။

မမမာဂရက်ဆီ ဖုန်းဆက်၍ သူမ အလုပ်ကနေ ထွက်ပြီဖြစ်ကြောင်းပြောပြီး ဦးဖန်နေဝန်း အခြေအနေကို အသိပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



၏။

မမမာဂရက်ကတော့ နုနုချွတ် သဘောပါတဲ့။

အလုပ်စတင်ထဲကလည်း သူမသဘောတူညီမှု ယူထားခဲ့သည်။

"ကျွန်မအစား နောက်တစ်ယောက်ကို အစားထိုးပေးလိုက်ပါ ဦးဖန်နေဝန်းမှာ ရန်သူကအမြဲတမ်း ရှိနေဦးမှာပဲ"

"နုနုချွတ်"

"တဲ့တာ"

"ဒီကောင်မလေး"

သူမ ဖုန်းကို ပိတ်ပစ်လိုက်သည်။

အားလုံးကို နှုတ်ဆက် လက်ပြခွဲခွာလိုက်၏။

သူမ ဘဝလမ်းကို လျှောက်ရဦးမယ်။

သူမ ရှုံးခဲ့တာလား နိုင်ခဲ့တာလားတောင် မသိဘဲ အစသတ်ပစ်မိခဲ့သည်။

သူမ နေထိုင်တဲ့ အခန်းလေးဆီပြန်ရောက်လာ၏။

ပစ်ထား၍ အခန်းထဲမှာ ဖုန်တွေ ပင့်ကူအိမ်တွေ။

မီးကို အရင်ဆုံးဖွင့်လိုက်သည်။

"အား ... ရှုပ်ပွနေတာပဲ၊ မင်းတို့အရှင်သခင်မလေး ပြန်ရောက်လာပါပြီ"





အခန်းလေးကို သန့်ရှင်းရေးလုပ်ရဦးမည်။

သူမ ဆက်တီတစ်လုံးကို ဖုန်ခါ၍ ဝင်ထိုင်သည်။

"ကိုယ်အထီးကျန်နေတယ် နုနုချွတ်ရောက်လာမှ ကိုယ်ဘဝလေး စိုပြေသာယာလာရတာပါ၊ ပျော်ရွှင်မှုတွေ ပြန်ရလာတယ်ကွာ"

သူမပြန်၍ ကြားယောင်လာသည်။

သူမလဲ တစ်ယောက်ထဲနေရ၏။

အကျင့်ရှိပါလျှက်နှင့် ပျင်းရိငြီးငွေ့၍ အထီးကျန်နေမိသလိုပင်။ အခန်းက ငြိမ်သက်ခြောက်သွေ့လွန်းနေ၏။

သွက်လက် ဖြတ်လက်တဲ့ သူမ အားအင်ကင်းမဲ့နေသည်။

"ဦးဖန်နေဝန်း သေသွားပြီလား"

စိတ်ပူမိသွားသည်။

သူမ မေ့ပျောက်ဖို့ ကြိုးစားပေမယ့်မရ၊

ကိုထွဋ်ခေါင်ထံ ဖုန်းဆက်သတိပေးမိ၏။

နုနုချွတ် ပြတ်သားစမ်းပါ။

မေ့ပစ်လိုက် ...

သူမကိုပင် စော်ကားဖို့ ကြံစည်သည်။

သူမ နှုတ်ခမ်းလေး တင်းကြပ်နာကြင်နေဆဲပင်။

"တစ်ယောက်တည်းနေတာပဲ ကောင်းတယ်၊ လောကကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ လူယုတ်မာတွေရဲ့ သွားရာလမ်းက သပ်သပ်ရှိတာပဲ၊ ရှင်းလင်းပစ်လိမ့်မယ်"

စိတ်ကမချ။ နှောင်တက ရချင်နေသေးသည်။

သူမ သန့်ရှင်းရေးတွေ ထလုပ်ပစ်၏။

မေ့ပစ်ချင်လို့ သံယောဇဉ်တွယ်မိသွားတာလား။

စိတ်ပျက်တယ်။

ဒီအခန်းလေးက ဖေဖေ့အမွေ။

မမထွတ်နှင့် ညီအစ်မနှစ်ယောက် နေထိုင်ကြတာပါ။

သူမ တမင်ပစ်ထားတာ။

စိတ်တွေနာကျည်းလွန်း၍ ဦးဖန်နေဝန်း အနားကပ်ဖို့ သူမစတင် ကြိုးစားကြံစည်ထဲက ဒီအခန်းလေးအား လျှို့ဝှက်ထားခဲ့ကာ နယ်ကလာတာဟုပဲ အသိပေးထားသည်။

"မမထွတ်အတွက် နာကျင်ခဲ့ရတဲ့ နှလုံးသားတွေထဲမှာ ချွတ်လေ ... ဘယ်လိုအကြောင်းပြရမှန်းမသိတဲ့ နာကျင်မှုဝေဒနာ ထပ်တိုးနေတယ်"

ဦးဖန်နေဝန်းရဲ့ မျက်ဝန်းတွေ။

သူမစိတ်က ရိုးသားဖြူစင်သူဟု သံသယရှိနေခဲ့သည်။

မမထွတ်ရဲ့ ဒိုင်ယာရီစာအုပ်ထဲက ဓာတ်ပုံကတော့ ဦးဖန်နေဝန်း အစစ်ပဲ။ ဘာတွေများ လွဲချော်နေရတာလဲ။





"မမထွတ်နဲ့ ကိုဖန်နေဝန်းတို့ရဲ့ ပတ်သက်မှုအားလုံး မီးရှို့ပစ်လိုက်စမ်းပါချွတ်ရယ် ... ညီမလေးရင်ထဲမှာလည်း မထားနဲ့တော့ မမထွတ်ရဲ့ကတိစွပါ"

မမထွတ်က ချွတ်ရဲ့ရှေ့ရေးအတွက်ပဲ ရည်မှန်းချက်ကြီးမားစွာ ထားစေလိုခဲ့သည်။

ယောကျ်ားလေးဆန်စွာ စိတ်ဓာတ်မာကျောတဲ့ ချွတ်ကို မိန်းကလေး ပီပီသသ နေထိုင်ဖို့ ချစ်သူရွေးချယ်တတ်ဖို့ သတိတွေ အထပ်ထပ်ပေးနေခဲ့သည်။

"မမထွတ်လို အမှားမျိုးမမှားမိစေဖို့ဘဲ သတိထားပါချွတ်ရယ် ... မိသားစုဘဝလေးကို တည်ဆောက်ပါ၊ ညီမလေးတစ်ယောက်တည်း အထီးကျန်လိမ့်မယ်၊ မမထွတ်က အဲဒီလိုမဖြစ်စေချင်ဘူး"

ချွတ်လေ အချစ်ကိုတွေ့နေပြီထင်တယ်။

မမထွတ်အပေါ် သစ္စာမဲ့တဲ့ အချစ်စိတ်တွေ မလုံလိုက်တာ။

အမိပွာယ် ကင်းမဲ့လွန်းတယ်။ ချွတ် ရှုံးခဲ့တယ်ထင်တယ်။

အရှုံးနဲ့ နောက်ဆုတ်လာခဲ့မိတာပါ။

တစ်စုံတစ်ခုကို ကြောက်နေတယ်၊ တဖြည်းဖြည်းနှင့် ချွတ် အချစ်ဆိုတာကို ခါးခါးသီးသီးပဲ တွေးမိနေသည်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

"အမ်ဒီ ဘယ်လိုဖြစ်ရတာလဲ ... ဒုက္ခပါပဲဗျာ၊ အမ်ဒီလို

ထားဖြူစင်ရိုးသားသူကို ဘယ်လိုရန်သူတွေ ဝိုင်းနေရတာလဲ"

သူ သတိပြန်ရလာတော့ လက်တွေမှာပိုက်တွေတန်း

နှင့် ဘေးမှာ ထွဋ်ခေါင်။

ရုတ်တရက် သတိရလိုက်တာ နုနုချွတ်။

ဆတ်ခနဲ ထမိစဉ် ထွဋ်ခေါင်လက်တွေနှင့် သူ့ခန္ဓာကိုယ်

ဖမ်းချုပ်သည်။

"အမ်ဒီ ... ဘာဖြစ်တာလဲ အားတွေအရမ်းနည်းနေ

ဆေးသွင်းထားရတယ်လေ"

"ချွတ်ရော"

"နုနုချွတ်လား မရှိတော့ဘူး ပြန်သွားပြီ ... ကျွန်တော်

ဖုန်းဆက်တယ်၊ အလုပ်ကနေထွက်လိုက်ပြီတဲ့၊ အကျိုးအကြော





သိချင်ရင်တော့ အမ်ဒီကို မေးပါတဲ့"

"ကိုယ်အရမ်းမှားသွားတယ် ထွဋ်ခေါင် ... ချွတ် ကိုယ့်ကို အရမ်းမုန်းတီးသွားပြီထင်တယ်၊ ကိုယ်လေ ချစ်တယ်လို့ပြောပြီး ကိုယ်ထိလက်ရောက်ပါ လွန်ကျူးမိသွားတယ်"

"အမ်ဒီ ဘာသွားလုပ်လိုက်တာလဲ"

"နမ်းမိသွားတာ"

"ဗျာ"

"ကိုယ့်ကို လူယုတ်မာဆိုပြီး ကိုင်ပေါက်သွားတာပဲ"

"ဟင်"

ထွဋ်ခေါင်လည်း အမ်ဒီလိုယောကျ်ားတစ်ယောက်ကို ခါးခါးသီးသီး ငြင်းဆန်တဲ့ နုနုချွတ်ကို အံ့ဩမိသည်။

နှလုံးသားက သံမဏိလား။

အမ်ဒီကို ဒီလောက်အထိလုပ်ဖို့ မသင့်ဟု ထင်မိ၏။

အသက် အန္တရာယ်ပါ ထိခိုက်နိုင်တဲ့ကိစ္စ။

ရုံးခန်းထဲမှာ အမ်ဒီအား ရိုက်နှက် ထိုးသတ်သွားတဲ့အမှု ပြီးပြတ်တာ မကြာသေးပေ။

နုနုချွတ်ကိုတော့ ထွဋ်ခေါင် ဒေါသထွက်နေမိသည်။

"အမ်ဒီလို ယောကျ်ားတစ်ယောက်ကိုများ ရက်ရက်စက်စက် တုန့်ပြန်ရတယ်လို့ ... လွန်တယ်၊ မေ့ပစ်လိုက်ပါတော့အမ်ဒီ၊



www.burmeseclassic.com

www.burmeseclassic.com



နုနုချွတ်က ချောတာပဲရှိတာ၊ မိန်းမလည်း မပီသပါဘူး"

"ကိုယ်မှားတာ၊ ချွတ်က ငြင်းနေခဲ့တာပဲ ... ကိုယ့်အပေါ် မမြူဆွယ် မဖြားယောင်းတဲ့ မိန်းကလေးတစ်ယောက်ကမှ တန်ဖိုးကြီးတာကွ ထွဋ်ခေါင် ... "

"ကျွန်တော်တော့ အရမ်းဒေါသဖြစ်ရတယ်၊ နုနုချွတ် လွန်တယ်၊ အမ်ဒီက သူ့အပေါ် ဘယ်လောက်ကောင်းလဲလို့ ... တောက်"

"ချွတ်ကို တောင်းပန်ရမယ်၊ ချွတ် ကျေနပ်တဲ့အထိ ဘယ်လိုပဲဖြစ်ဖြစ် ကိုယ်တောင်းပန်ရမယ်၊ မာဂရက်ဆီ ဖုန်းဆက်ပါ"

"တောင်းပန်လည်း လက်ခံမှာမှ မဟုတ်တာဘဲ အမ်ဒီရာ၊ အောက်ပါတယ် ... နုနုချွတ်က အမ်ဒီနဲ့လည်း မလိုက်ဖက်ပါဘူး၊ ဘာဂုဏ်ဒြပ်မှလည်း မရှိဘူး"

"ထွဋ်ခေါင် မာဂရက်ဆီ ဖုန်းဆက်စမ်းပါ၊ ကိုယ် ... နုနုချွတ်နဲ့တွေ့မှဖြစ်မယ်"

ထွဋ်ခေါင် ဖုန်းဆက်လိုက်တော့ မာဂရက် ရောက်လာသည်။

"မာဂရက် ... ကိုယ့်ကိုကူညီပါဦး၊ ချွတ်ကို တောင်းပန်ချင်တယ်"

"ရှင် ဘယ်လိုဖြစ်ရတာလဲ ဖန်နေဝန်းရယ် ... တကယ့်ကို





ပြဿနာပါပဲလား"

"ချွတ် ... ကိုယ့်ကိုစိတ်ဆိုးသွားတယ်၊ ကိုယ်တောင်းပန်ချင်တယ်၊ ကိုယ် မှားသွားတယ်၊ ချွတ်ကို အလုပ်ကမထွက်ဖို့ပြောပေးပါ ... ကိုယ်လက်ဖျားနဲ့တောင် မတို့ပါဘူးကွာ"

ဖန်ဝန်း ဘယ်လိုမျှား မိန်းကလေးတစ်ယောက်အပေါ် ဒီလောက်အထိ ခံစားသွားရတာလဲ။

အိမ်ရှင်က သူမအား ထိပါးစော်ကားလာလျှင် ခြွင်းချက်မရှိ အလုပ်ကနေ နားခွင့်ပေးရမည်ဟု စာချုပ် ချုပ်ထားခဲ့သည်။

"မာဂရက်တော့ စာချုပ်စည်းကမ်းအရ နုနုချွတ်ကို အလုပ်ကနေထွက်ခွင့်ပြုရမယ်၊ ရှင်ကသွားလုပ်လဲ နုနုချွတ်က သံမဏိနှလုံးသားပိုင်ရှင်လေ"

"နုနုချွတ် ဘယ်မှာနေတာလဲ ... မင်းလိုက်သွားပေးပါ မာဂရက်"

"လိပ်စာက နယ်မှာလေ"

"ဟာကွာ"

သူ လွန်သွားတယ်။

ဒုက္ခတွေ အခက်အခဲတွေနှင့်ရင်ဆိုင်ဖွင့် ပြလို့မရတဲ့ ရန်သူတွေ။

သူနှင့်ဘယ်လိုမှ မပတ်သက်ကြောင်း ရှင်းပြခွင့်လည်းမရှိ။



www.burmeseclassic.com

www.burmeseclassic.com



ဒဏ်ရာတွေထက် သူ့နှလုံးသားကပို၍ နာကျင်နေသည်။

"ထားလိုက်ပါတော့ ဖန်ဝန်းရာ ... ချွတ်က ရှင့်ကိုမှလက်မခံတာဘဲ အချစ်ကို မခံစားတတ်တဲ့ မိန်းကလေးပါ၊ နောက်တစ်ယောက် အစားထိုးပေးရမလား"

"မလိုတော့ဘူး ... ကိုယ့်အနားကို ဘယ်မိန်းကလေးမှမကပ်စေချင်တော့ဘူး"

"ရှင့်ကို ဘာဖြစ်လို့သတ်ပစ်ချင်လောက်အောင် မုန်းတဲ့လူရှိနေရတာလဲဖန်ဝန်း ... စီးပွားရေးပြိုင်ဘက်လည်း မဖြစ်နိုင်ဘူး"

မာဂရက်ကို မပြောပြချင် ပို၍ရှုပ်ထွေးသွားနိုင်သည်။

နိုင်ငံခြားမှာ ပညာသင်ရင်း ခင်မင်ခဲ့ရတဲ့ သူငယ်ချင်းဖြစ်၍လည်း သူ့အကြောင်း အတွင်းကျကျမသိ။

"အခု ရှင်ဘာလုပ်ချင်လဲ ... ချွတ်နဲ့တွေ့ဖို့တော့ လုံးဝမစဉ်းစားနဲ့နော်၊ ဇာတ်လမ်းက ပြီးပြတ်သွားပြီနော်"

ချွတ် ...

ကိုယ့်အပေါ် မရက်စက်ပါနဲ့။

သူတမ်းတနေမိတာက ချွတ်ပဲ။

မာဂရက်က အားပေးနှစ်သိမ့်၍ ပြန်သွားတော့ ချွတ်ကိုပို၍ပင် သတိရနေကာ ရင်ထဲမှာ ဟာတာတာကြီး နုနုချွတ်က သူ့ကို ဒေါသတကြီး သဲသဲမဲမဲ တိုက်ခိုက်သွားတာ သူသိသည်။





ဘာကြောင့်လဲ ...

ကိုသွန်းနှင့်များ ပတ်သက်နေမလားလို့ သူ ပထမဆုံး သယ ဝင်လာခဲ့၏။

မင်း ဘယ်ရောက်သွားပြီလဲ ချွတ် ...

ကိုသွန်းကြောင့် မင်း ကိုယ့်ကိုသတ်ပစ်ရမှ ကျေနပ်တယ်ဆို လည်း ကိုသေပေးပါ့မယ်။

ချွတ်ကို တမ်းတလွမ်းဆွတ်စွာ အရက်ကို သောက်မိနေ ည်။

"အမ်ဒီရယ် ... အောင်မြင်တဲ့စီးပွားရေးလုပ်ငန်းရှင်ကြီးတစ် ယာက်က မိန်းကလေးတစ်ယောက်အတွက် ဘဝကို ဖျက်ဆီးပစ် တာမလို့လား"

"ထွင့်ခေါင်"

"ဗျာ"

"ကိုယ်နဲ့ပတ်သက်ပြီး မင်းမသိတာတွေ အများကြီးရှိနေ သေးတယ်၊ တစ်နေ့နေ့ မင်းသိမှာပါ၊ ကိုယ်ဘယ်လိုမှ မဖြေနိုင်ဘူး၊ တ် ရက်စက်တယ်၊ မင်းနှလုံးသားတွေ မာကျောလိုက်တာ"

"နုနုချွတ်ထက်သာတဲ့ ချောမောတောင့်ဖြောင့်တဲ့ အဖက် က်ကနေ ပြည့်စုံနေတဲ့ မိန်းကလေးတစ်ယောက် ကျွန်တော် ရှာ းပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်ချစ်မြတ်နိုးတာ ချွတ်ပဲ၊ ဘယ်လိုမှအစားထိုးလို့မရဘူး၊ တော်ပါတော့ ထွဋ်ခေါင်ရာ ... ကိုယ်နေချင်သလို နေပါရစေ"

"အမ်ဒီ ဘယ်လိုဖြစ်နေရတာလဲ၊ ကျွန်တော် မခံစားနိုင်တော့ဘူး၊ နုနုချွတ်ကို ကျွန်တော် သွားခေါ်ပေးမယ်၊ ဘယ်နယ်ကိုသွားရမလဲ ပြောပါ"

မာဂရက်ကိုယ်တိုင် ဖုန်းဆက်သည်။

နုနုချွတ်ပေးထားတဲ့ လိပ်စာက အမှားကြီးတဲ့။

တစ်စုံတစ်ခုသောအကြောင်းကြောင့် သူနှင့်အနီးကပ် ရှိစေရန် ကြိုးစားခြင်းလားတဲ့။

နုနုချွတ်ရဲ့နေရပ်လိပ်စာပင် မသိတော့။

"ကျွန်တော် ထင်တာတော့ နုနုချွတ်မှာ အကြံအစည်တစ်ခုခုတော့ ရှိနေနိုင်တယ်၊ ဘာကြောင့်လဲ ... အမ်ဒီရဲ့ ပြိုင်ဘက်ဆီက လွှတ်လိုက်တာလား၊ ကျွန်တော် မသင်္ကာဘူး"

သူ စဉ်းစားနေသည်။

နုနုချွတ်ရဲ့ မျက်ဝန်းတွေက တစ်ခါတရံ ဒေါသတွေနှင့် ဝင်းတောက်နေတတ်သည်။

ပြီးတော့ ...

သူ့ကို သေလောက်တဲ့အထိ ပြုလုပ်ခဲ့တာမျိုးတွေ ရှိသည်။

"မဖြစ်နိုင်ပါဘူး ထွဋ်ခေါင်ရာ၊ ချွတ်စိတ်ကိုက ယောကျ်ား





ဆန်တာပါ"

ကိုသွန်းကြောင့်များလား သူစဉ်းစားသည်။

ကိုသွန်းကြောင့် ဘဝပျက်သွားရတဲ့ မိန်းကလေးတွေ အများကြီးပဲ။

ထွဋ်ခေါင်ကို အသိမပေးလိုပေ။

ကိုယ်ကျင့်တရား ပျက်ယွင်းမှုနှင့်ဆိုင်တဲ့ကိစ္စ ဖြစ်နေ၏။ ကိုသွန်းကလည်း ဝန်ခံမည်မဟုတ်။ အနစ်နာ မခံတတ်သူ။

ဖန်ဝန်း ဒေါသထွက်ပေမယ့် ကိုသွန်း ဘယ်လောက်အထိ အတ္တကြီးလည်းဆိုတာ ဖန်ဝန်းသိသည်။

သူ ကုမ္ပဏီကိစ္စတွေမှာလည်း စိတ်မဝင်စားတော့ သွားရမှာပင် စိတ်တွေချောက်ချားလာရသည်။

"အမ်ဒီ ... အရက်တွေ အရမ်းသောက်နေပြီထင်တယ်၊ ဘယ်တုန်းကသောက်ဖူးလို့လဲဗျာ ... စီးပွားရေးတွေမှာလည်း စိတ်မဝင်စားတော့ဘူး"

"ကိုယ့်ကို ခဏလောက် လွှတ်ပေးထားစမ်းပါထွဋ်ခေါင်ရာ ကိုယ်အရမ်းကြေကွဲနေတယ် ... ကိုယ့်ရင်တွေပူနေလို့"

သူ အရက်တွေသောက်သည်။

မူးနေချင်လို့ အသိတွေ ကင်းမဲ့နေချင်လို့ပါ။

ကိုသွန်း ဖုန်းဆက်တော့ သူ့ဒေါသတွေ ပေါက်ကွဲရ၏။ သူ



www.burmeseclassic.com

www.burmeseclassic.com



အရမ်းမူးနေသည်။

"ခင်ဗျားက တော်တော်အတွက်ကြီးတယ်ကိုသွန်း ... ခင်ဗျား ရှုပ်ထားတဲ့ အရှုပ်တော်ပုံတွေ ကျုပ်ခံနေရပြီ၊ မြလေးလွင်ဆိုတာ ဘယ်သူလဲ ... သူ့အစ်ကိုကရော အကြွေးတွေကိစ္စနဲ့ ကျုပ်သေတော့မလို့"

"မင်း ... အဲဒီလောက် ပြဿနာတွေဖြစ်မယ်မထင်လို့ပါ ညီရာ ... စိတ်မဆိုးပါနဲ့"

"ကျုပ်အရမ်း အသည်းကွဲနေပြီ၊ ကျုပ်အရမ်းချစ်ရတဲ့ နုနုချွတ်ကရော ခင်ဗျားနဲ့ပတ်သက်နေလား"

"နုနုချွတ်"

"ဟုတ်တယ် ... ကျုပ်ကိုသတ်ပစ်ချင်လောက်အောင် မုန်းနေတယ် ခင်ဗျား သိလား"

"မဟုတ်ပါဘူးကွာ ... မင်းကလဲ မင်းကို မချစ်ဘူးတဲ့လား ဖန်ဝန်း ... ဘယ်လို မိန်းကလေးမျိုးလဲ အရမ်းလှပနေလား၊ မိုးပေါ်က ကျလာတဲ့ နတ်သမီးလေးလား"

"ကိုသွန်း"

သူ အော်ပစ်သည်။

ကိုသွန်း အရယ်မပျက်။

ဒေါသတွေ ပေါက်ကွဲနေ၏။





တကယ့်ကို အပူအပင်မရှိ။

"ကျုပ်နိုင်ငံခြားကိုပဲ ထွက်သွားတော့မယ် ... ခင်ဗျားရဲ့ ရှုပ်ရပ်တွေကို ဝန်ခံဖို့လာခဲ့စမ်းပါ၊ ကျုပ်ဘဝပျက်သွားတာကို ခင်ဗျား ကြည့်နိုင်နေရတာလဲ"

"ဖန်ဝန်းရာ ... မင်းကလဲ ဘာဖြစ်လို့ ဒေါသတွေထွက်နေရတာလဲ ... ညီအစ်ကိုချင်းပဲ"

"ခင်ဗျား ... အရမ်းရက်စက်တယ်ဗျာ"

"မင်းကို မချစ်တဲ့ မိန်းမက နုနုချွတ် ဟုတ်လား"

"တော်စမ်းပါဗျာ"

တကယ်တော့ ဖန်သွန်းက မြန်မာပြည်ကိုပြန်ရောက်နေပြီဖြစ်သည်။

ဖန်းဝန်းက စီးပွားရေးပဲ နားလည်ကျွမ်းကျင်၏။

လူမှုရေးကျတော့ မဝင်ဆန့်။

ရိုးအသူ ... သူ့အရှုပ်တော်ပုံတွေကို ညီရှင်းနေရသည်။

သူကတော့ ကိုယ်ချင်းစာတတ်တာမဟုတ်။

အတွက်ကြီးတယ်ပဲပြောပြော ဖန်ဝန်းနာမည်နှင့် ထားပစ်လိုက်သည်။

"ကိုသွန်း ... ကျုပ်မှာ ခင်ဗျားလို အစ်ကိုမရှိဘူး၊ ဘယ်တော့မှ လာမဆက်သွယ်နဲ့"



www.burmeseclassic.com

www.burmeseclassic.com



ညီ ဒေါသတကြီး အော်ဟစ်ပြီး ဖုန်းပိတ်ပစ်သည်။

ဖန်သွန်း ပြုံးပစ်လိုက်၏။

ဖန်ဝန်းက အရမ်းလိမ္မာလို့ အမြဲတမ်း နာမည်ကောင်း ရနေလို့ ဖန်သွန်း အမြင်ကတ်ကတ်နှင့် ပြဿနာရှာပစ်သည်။

"မင်းကိုတော့ အသက်အန္တရာယ် ထိခိုက်တဲ့အထိ ဒုက္ခဆက်မပေးချင်တော့ပါဘူး ဖန်ဝန်းရာ ... ကိုယ်ပြန်လာပါပြီ"

ဖန်သွန်း အိတ်ဆွဲပြီး အငှားကားနှင့်ပဲ သူကြိုတင်ငှားရမ်းထားတဲ့ တိုက်ခန်းကိုသွားသည်။

လောလောဆယ်တော့ ခဏလောက် ပုန်းအောင်းနေရဦးမယ်။

နိုင်ငံခြားမှာလည်း လောင်းကစားကြောင့် အကြွေးကတင်နေသည်။

ဖန်ဝန်းဆီကတောင်းမလို့ ဘယ်လိုအကြံအဖန်တွေ လုပ်ရမလဲ ဖန်သွန်း စဉ်းစားလာသည်။

"နုနုချွတ်တဲ့ ... ဘယ်လိုကောင်မလေးမျိုးလဲကွ၊ ကိုယ့်ညီလိုယောကျ်ားတစ်ယောက်ကိုငြင်းတာ"

သူတွေ့ချင်လာသည်။

ဖန်ဝန်းတောင် စွဲလမ်းနှစ်သက်တယ်ဆိုတော့ ... သူယောင်မယ်လေး ဖြစ်နိုင်တယ်။



"ဖန်ဝန်းရေ ... မိန်းမဆိုတာ ယူရင်တစ်ယောက်ထဲရတယ် မယူရင် အများကြီးရတယ်ကွ"

ဖန်သွန်းကတော့ ပျော်ပျော်ပဲ။ ရှင်းပေမယ့် ဖန်ဝန်းရှိတယ်။ ဒီကောင်ကလဲ ဘာမဟုတ်တဲ့မိန်းမတစ်ယောက်ကြောင့် သူ့ကို အာခံချင်နေသည်။

အစ်ကိုတောင် မတော်ချင်တော့ဘူးတဲ့။

"နုနုချွတ်က ဘယ်လိုကောင်မလေးမျိုးလဲ၊ တွေ့ချင်တယ် ဖန်သွန်းနဲ့တွေ့ရင်တော့ မင်းကံဆိုးပြီသာမှတ်တော့ နုနုချွတ်ရေ"

နာမည်ကလည်း မိုက်။

လူကလည်း မိုက်။

ရင်တွေခုန်တယ် တွေ့ဖြစ်အောင်တော့ တွေ့ရမယ်။

နုနုချွတ်က ဖန်ဝန်းအနားကို ဒုက္ခပေးဖို့ ရောက်လာတာဆိုတော့ ဘယ်သူနဲ့ပတ်သက်နေတာလဲ။

"အား ... သိပြီ ... နုနုထွတ်ကြောင့်လား ဖြစ်နိုင်တယ်၊ နုနုထွတ်ညီမ နုနုချွတ် ... "

သူသိရသလောက်တော့ နုနုထွတ်နှင့်သူ တွေ့ဆုံလိုက်ရတဲ့အချိန်ကာလက တိုတောင်းလွန်းနေသည်။ သိပ်သတိမထားမိ။

နုနုထွတ်က လှပလွန်းပြီး ရိုးရိုးအအ။

သူနှင့်နောက်ဆုံး ပတ်သက်ဆက်ဆံခဲ့တဲ့ မိန်းကလေးဖြစ်ပြီး



www.burmeseclassic.com

www.burmeseclassic.com



သူတခြားပြဿနာတွေကြောင့် နိုင်ငံခြားကို ထွက်ပြေးတိမ်းရှေ
လာခဲ့ရ၍ နုနုထွတ်အကြောင်း ဘာမှ ချေချေမြစ်မြစ် မသိခဲ့ရ

"ဖန်ဝန်းရာ ... ကိုသွန်းက အချိန်တွေကို အလဟဿ မဖြု
ပစ်ချင်ဘူးကွ၊ ကောင်မလေး ချောချောတစ်ယောက်လော
တော့ ရှိနေစေချင်တယ်ကွာ"

နုနုချွတ်တဲ့လား။

ချွတ် ...

မင်းလေး ကိုယ့်ရင်ခွင်ထဲ မဖြစ်မနေရောက်လာရတော့
ပါကွာ။

ဖန်သွန်းရဲ့ နှုတ်ခမ်းတွေက အပြုံးတွေနှင့် တောက်ပ
သည်။





အခန်း ( ၁၇ )

သူ ငှားရမ်းထားတဲ့ တိုက်ခန်းပေါ် တက်လာတဲ့လှေကား အလယ်တွင် ချောမောလှပလွန်းတဲ့ ကောင်မလေးတစ်ယောက်နှင့် ဆုံသည်။

သူ မိန်းကလေးတော်တော်များများနှင့် ဆုံစည်းပတ်သက်လာခဲ့ပေမယ့် သူမလောက် ဖွဲ့ဆောင်မှုရှိနေတဲ့ ကောင်မလေးမျိုး မတွေ့ခဲ့ပေ။

သူ့လို မိန်းမကြမ်းကြေနေတဲ့သူပင် နှစ်ခါပြန်လှည့် ကြည့်မိတဲ့အထိ ညို့ဓာတ်ပြင်းတဲ့ ကောင်မလေးပဲ။

သူမနှင့်အကြည့် ခြင်းဆုံမိသွားစဉ် မုန်းတီးမှုတွေ ပြည့်နေတဲ့ မျက်ဝန်းစိမ်းစိမ်းတွေနှင့် စူးခနဲ ကြည့်လိုက်၏။

သူတောင် ဘယ်တုန်းကပတ်သက်ခဲ့ဖူးတဲ့ ကောင်မလေး

www.burmeseclassic.com

www.burmeseclassic.com

လဲ။ မျက်နှာက ရင်းနှီးနေသလိုပင်။

"ရှင် ... ရှင် ... ဒီအထိ ဘာလာလုပ်တာလဲ ဦးဖန်နေဝန်း၊ လာပြီး မာယာတွေများပြမနေစမ်းပါနဲ့၊ ဒီတစ်ခါတော့ ရှင့်ကို အသေသတ်ပစ်မှာနော်"

"နုနုချွတ်"

"ရှင်"

သူ သိလိုက်သည်။

ဖန်ဝန်း ကောင်မလေး နုနုချွတ်။

ဖန်သွန်းတို့ကံများ ကောင်းလိုက်တာနော်။

နုနုချွတ်ကို ရှာတောင်မရှာ ရသေးဘဲ သူမနေထိုင်တဲ့ တိုက်မှာ ဖန်သွန်းက ငှားရမ်းမိနေ၏။

သူက အကြောင်းသိ။

မျက်နှာငယ်လေးနှင့်တောင်းပန်ဖို့ မျက်နှာထားကို ပြင်လိုက်သည်။

"ချွတ်"

"ရှင် ဘာလာလုပ်တာလဲ ကျွန်မအနားကနေ အမြန်ဆုံးထွက်သွားပေးပါ ... ကျွန်မ ရှင့်လိုလူယုတ်မာတစ်ယောက်ကို သတ်ပြီးထောင်ထဲ မဝင်ချင်ဘူး"





"ကိုယ် တောင်းပန်ပါတယ် ချွတ်ရယ် ... မင်း ဘာဖြစ်လို့ ကိုယ့်ကို ဒီလောက်ထိ မုန်းတီးနေရတာလဲကွာ၊ ကိုယ်ဘာမှမသိရပါလား၊ ကိုယ် အခုအရက်သမားကြီး ဖြစ်နေပြီ၊ ဘယ်တုန်းကမှ မသောက်ခဲ့တဲ့ အရက်ကို မင်းကိုမေ့ပစ်ချင်လို့ နေ့ရော ညရော သောက်နေမိတယ် ချွတ် ... "

"ရှင် အလကားလူ ... ကိုယ်ချင်းစာတရားမရှိတဲ့ လူလိမ်"

သူ မှတ်မိပြီ။

နုနုထွတ်ရဲ့ညီမ ထင်တယ်။

နာမည်ချင်းက ဆင်သည်။

နုနုချွတ် ... တောင့်ဖြောင့် နုထွတ်ကာ မို့တဲ့နေရာကမို့၊ ကျဉ်းတဲ့နေရာကကျဉ်း၊ စွင့်ကားနေတဲ့တင်။

အားပါး ... ဖန်သွန်း ရင်တွေ တဆတ်ဆတ်ခုန်လာတော့၏။

မျက်ဝန်းတွေထဲမှာ ဒေါသရောင်တွေ တောက်ပနေသည်။

"ချွတ်ရယ် ... မင်းအရမ်းရက်စက်တယ်ကွာ၊ ကိုယ့်ကို သတ်ပစ်ချင်လောက်အောင် ဘာဖြစ်လို့များ မုန်းနေရတာလဲ၊ ကိုယ့်ဘဝပျက်တဲ့အထိ မင်းကိုပေးဆပ်သွားပါ့မယ်"

အရက်ကလည်း များများသောက်ထားမိသည်။

ဒယိမ်းဒယိုင် ...



www.burmeseclassic.com

www.burmeseclassic.com



"ချစ် ... ကိုယ်တောင်းပန်ပါတယ်၊ ကိုယ့်ကို ဥပက္ခာ ပြု မသွားပါနဲ့၊ ကိုယ့်ဘဝကြီးတစ်ခုလုံးကို ချစ် ခြေမွဖျက်စီးမသွားပါနဲ့ နော်"

"ရှင် ... ရှင် ဒီမှာနေတာလား၊ ကျွန်မပြောင်းတော့မယ်၊ ရှင်နဲ့အတူတူ မနေနိုင်ဘူး"

"အဲဒီလို မလုပ်ပါနဲ့ချစ်ရယ်၊ ကိုယ့်ကိုသနားပါဦး၊ ကိုယ် အရမ်းခံစားနေရတယ် ... ကိုယ် စီးပွားရေးလုပ်ငန်းတွေမှာလည်း စိတ်မဝင်စားတော့ဘူး၊ ကိုယ့်ဘဝပျက်မှာကို ချစ် ကြည့်နေနိုင်လို့ လား"

"ကြည့်နေနိုင်တယ်၊ ဘာဖြစ်လို့ မကြည့်နိုင်ရမှာလဲ"

"ချစ် ... အား ... "

"ဟင်"

သူမ အထိတ်တလန့်နှင့် ဒယိမ်းဒယိုင်နှင့် လဲပြိုကျသွား မတတ် ခန္ဓာကိုယ်အား လျင်မြန်စွာ တည့်မတ်ပေးလိုက်ရာ သူ့ လက်တွေက သူမအား ပွေ့ဖက်ပြီးသားဖြစ်သွားသည်။

"ရှူး ... ငြိမ်ငြိမ်နေ ... ကိုယ် ပြုတ်ကျတော့မယ်၊ မင်းကိုင် မပေါက်နဲ့နော် ... ကိုယ်အရမ်းမူးနေတယ်၊ အခုအချိန်မှာ မင်းသတ် ရင်လည်း ကိုယ်သေရမှာပဲ၊ ဒါပေမဲ့ ... မင်း လူသတ်မှုနဲ့ထောင်ကျ





မှာ မကြည့်ရက်ဘူး"

သူ့ကိုယ်ကြီးက သူမနှင့်ပူးကပ်နေသည်။

အရက်နံ့ကလဲ ထောင်းထောင်းထနေ၏။

ဦးဖန်နေဝန်း တကယ်ပဲ ဘဝပျက် မတတ်ဖြစ်နေတာပါ လား။

သူမနေထိုင်ရာ နေရာကို ရောက်အောင်လာ၍ ကြွေပြနေ သည်ဟု ထင်မိ၏။

တစ်ခါတရံမှာလည်း ချစ်စိတ်တွေ ယိမ်းယိုင် ပျော့ညံ့ချင် နေသည်။

"ချစ် ... ကိုယ် တောင်းပန်ပါတယ်ကွာ"

"အား"

သူမ ဘာဆက်လုပ်ရမှန်းပင်မသိ။

ဦးဖန်နေဝန်း ခန္ဓာကိုယ်က သူမရင်ခွင်ထဲမှာ။

ပြီးတော့ ...

လှေကားမှာဖြစ်၍ တခြားသူတွေမြင်သွားလျှင် အမြင် မတော်၍ တွဲပြီး သူမအခန်းထဲ ခေါ်လာခဲ့ရသည်။

"ရှင် လူလိမ်ပါဦးဖန်နေဝန်း ... ကျွန်မကို မာယာများပြမနေ စမ်းပါနဲ့ ... ကျွန်မနဲ့ဝေးဝေးနေစမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



ဦးဖန်နေဝန်း စီးပွားရေးလုပ်ငန်းတွေမှာလည်း စိတ်မဝင်စားတော့ဘဲ အရက်တွေပဲ သောက်နေကြောင်း သတင်းတွေကြားနေရသည်။

သေပေါ့ ... ရှင့်လိုလူက လူကောင်းမှမဟုတ်တာ။

သူမ စိတ်ရှုပ်မိ၏။

ဦးဖန်နေဝန်းကတော့ မူးပြီး အိပ်နေပြန်သည်။

"ဒီမှာ ... ရှင့်ဘယ်မှာနေဖို့လာတာလဲ၊ ရှင့်တပည့်ထွင်ခေါင်ရော"

သူ လက်ခါပြသည်။

အရမ်းကို မူးနေပုံပင်။

သူမနှင့်အတူရှိနေတုန်းက ဦးဖန်နေဝန်း အရက်မသောက်ပါဘူး။

သူမကြောင့်လား စိတ်ပျက်တယ်။

ရှင်နဲ့ချွတ် ကင်းကင်းရှင်းရှင်းနေချင်ပါတယ်ဆိုမှ သူ အိပ်ပျော်သွားသည်။

"ဒီမှာ ... ဒီမှာ ဦးဖန်နေဝန်း၊ ဒုက္ခပါပဲ ... ရှင် ဘာဖြစ်လို့ ကျွန်မကို ဒုက္ခရောက်အောင်လုပ်နေရတာလဲလို့"

ချွတ် ကိုင်ပေါက်ပစ်နိုင်သည်။



ဒါပေမဲ့ ...

သူ့ဘေးနားမှာ စိတ်ပျက်လက်ပျက် ထိုင်နေမိသည်။

"တော်တော်အရည်ထူတဲ့လူ ဒဏ်ရာတွေကလဲ အပျောက်မြန်လိုက်တာ"

မမထွတ် ဘယ်လိုလုပ်ရမလဲဟင်။

ချွတ်လေ ဦးဖန်နေဝန်းကို ချစ်နေမိပြီထင်တယ်။

မမထွတ်ချစ်သူ လူယုတ်မာကြီးကို ချွတ် မေ့ပစ်လို့မရဘူးဖြစ်နေတယ်။ ဝေးဝေးရှောင်နေမိတာပါ။

ဒီလူ ရောက်လာတယ်။

သူမအခန်းမှာ မူးပြီးတောင် အိပ်နေသေးသည်။

"ဒီမှာ ဦးဖန်နေဝန်း ... ဒါ မိန်းကလေးတစ်ယောက်ထဲနေတဲ့ အိပ်ခန်းပါ၊ ရှင် ဝင်ချင်သလိုဝင် ထွက်ချင်တိုင်းထွက်လို့မရဘူး၊ သေချင်လိုက်တာနော်"

သူက တခေါခေါနှင့်တောင် အိပ်ပျော်နေသည်။

ညနေစာရော စားပြီးပြီလား မသိဘူး။

သူမ စုံစမ်းသိရသလောက် ဦးဖန်နေဝန်းက စီးပွားရေးလုပ်ငန်းတွေကိုလည်း ဥပက္ခာပြုထားနေသည်တဲ့။

သူမ စိတ်တော့ ပူမိသည်။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူ့အနားပြန်သွားလိုနေပေမယ့် ဦးဖန်နေဝန်းကို မေ့ပစ်နိုင်အောင် ကြိုးစားဖို့ပဲ ဆုံးဖြတ်ထား၏။

ချွတ်ရဲ့ရန်သူ ချွတ်သံယောဇဉ် အတွယ်တာရဆုံး အစ်မကို သေလမ်းပို့ခဲ့သူ။

တာဝန်မဲ့တဲ့ လူယုတ်မာကြီး ... သူမအကြည့်ကို လွှဲပစ်သည်။

"စားစရာတွေ သွားဝယ်ရဦးမယ်၊ ဒီလူ အရက်ပဲသောက်နေပြီး ဘာမှမစားရသေးဘူးထင်တယ်"

သူမ အသက်မှရှိသေးရဲ့လားဟု စိတ်ပူပြီး သေသေချာချာ အနီးကပ် သွား၍ကြည့်သည်။

"ချွတ်"

"ဟင်"

သူမ လက်လေးကို ဆတ်ခနဲ ဆုပ်ကိုင်လိုက်တော့ သူမလန့်သွားရသည်။

"ဟင် ... ရှင် ရှင် ... "

"ချွတ်"

"လွှတ်ပါ"

"ဖယ်နော် ... ကျွန်မကို အဲဒီလိုမလုပ်ပါနဲ့ မကြိုက်ဘူး"





သူမ လေသံမာထန်စွာဖြင့် ဒေါသတကြီး ရုန်းဖယ်ပြောဆိုပစ်လိုက်သည်။

"ချစ်တယ် ... အရမ်းချစ်လို့ပါ ကိုယ့်ကိုမထားခဲ့ပါနဲ့၊ မင်းနဲ့တစ်နာရီ တစ်စက္ကန့်တောင် ကိုယ်မခွဲနိုင်တော့ဘူး"

"ဖယ် ... လွှတ်နော် ... ကျွန်မက ရှင်ပတ်သက်ခဲ့ဖူးတဲ့ မိန်းမတွေလို မဟုတ်ဘူး ... လျှော့မတွက်ထားပါနဲ့ ဦးဖန်နေဝန်း"

"မလွှတ်ဘူးကွာ ... မင်းကြောင့် ကိုယ့်အသက်သေသွားနိုင်တယ်၊ မင်းဘာဖြစ်လို့ ကိုယ့်ကို မုန်းတီးနေတာ ကိုယ်မသိပေမယ့် မင်းကိုတော့ချစ်တယ်"

ဖန်နေသွန်း ရင်ထဲက စကားတွေပဲဖြစ်နေသည်။

သူမ ရုန်းဖယ်တွန်းထိုးနေပေမယ့် သူကမလွှတ်။

သူက ဖန်ဝန်းလို ပျော့ပျော့နွဲ့နွဲ့မှ မဟုတ်လား။ နုနုချွတ်ဘယ်လောက်ပဲ ငြင်းဆန်ပေါက်ကွဲနေပါစေ သူ့ကို ချစ်နေပြီဆိုတာ သိနေ၏။

သူမ မျက်ဝန်းလေးတွေက ရီရီဝေဝေ။

ချွတ်က ထွတ်ထက် စွဲဆောင်မှုပြင်းထန်လွန်းစွာ ချောမောအိစက်နေသည်။

"မင်းအစ်မနဲ့ပတ်သက်မိတဲ့ အချိန်ကာလတွေက ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတာလည်း မခံစားတတ်ဘူး ... အားလုံးအပျော်ပဲ၊ ကိုယ် မိန်းကလေးတွေကို အလေးအနက် မထားတတ်ဘူးကွာ၊ မိန်းကလေးတစ်ယောက်ရဲ့ဘဝထက် ကိုယ်အပန်းဖြေစရာ အနားယူအိပ်စက်ဖို့ပဲ သိခဲ့တာ"

ချွတ်ကိုတော့ သူချစ်မိသွားသည်။

မာနတံခွန် လွင့်နေတဲ့ မိန်းကလေး။

ဖန်သွန်းတို့က မရတာကိုမှလိုချင်တာ။

ဖန်ဝန်းရေ မတတ်နိုင်တော့ဘူး ...

ကိုယ် ... မင်းကောင်မလေးက စွဲမက်စရာ ကောင်းလွန်းတယ် ... ကိုသွန်း ချစ်သွားပြီ။

ချွတ်ကို အပိုင်ဆုပ်ကိုင်ထားနိုင်ဖို့ သူကြိုးစားမည် ဖြစ်သည်။

"အရမ်းချစ်တယ် ချွတ်ရယ် ... ကိုယ်တို့လက်ထပ်ကြမယ်၊ ချွတ် ပျော်ရွှင်စေရမှာပါ၊ ချစ်တယ် ... "

"လွှတ် ... လွှတ်နော်၊ ရှင့်ကို ကျွန်မ မုန်းတယ် ... လူယုတ်မာကြီး ... ဖယ်ပါ"

သူမက ရုန်းဖယ်လေ သူက တင်းကြပ်စွာဖက်တွယ်ထားလေပဲ။

ရုန်းမရ ဖယ်မရ။





အချစ်တွေနှင့် သူမနှလုံးသားတွေ မွန်းကြပ်နေရသည်။

သူ့ကို မရက်စက်နိုင်တော့ဘူး။

ယောကျ်ားလေးတွေနှင့် အထိအတွေ့မရှိခဲ့တဲ့ ချွတ် ...

အချစ်ဆိုတာကို ခံစားနေရပြီလား ...

မမထွတ်ကို သတ်ပစ်ခဲ့တဲ့လူ။

သူမ မုန်းတီးနာကျည်းစိတ်တွေ ရင်ထဲမှာပေါက်ကွဲလွင့်စင်နေပေမယ့် ဦးဖန်နေဝန်းကိုတော့ ချစ်မိသွားသည်။

"ချွတ် ... အချစ်ရယ် ကိုယ်ဘဝနဲ့နှစ်ပြီး ချစ်ရတာပါ၊ ကိုယ့်အတိတ်မှာ ဘယ်လောက်ပဲ ရှုပ်ပွေလာခဲ့ပါစေ၊ အချစ်ကို မင်းနဲ့မှ စတာပါ၊ ချွတ်က ကိုယ့်အချစ်ဦးပါကွာ"

ချွတ် တဖြည်းဖြည်း မရုန်းနိုင်တော့ မောပန်းသွားတာလား သူ့ရဲ့ ကျွမ်းကျင်တဲ့အချစ်ဖြူဟာကြောင့်လား။

သူ့ရင်ခွင်ထဲမှာ သူမ တဖြည်းဖြည်း ငြိမ်သက်စပြုလာသည်။

သူ့ခန္ဓာကိုယ်ကြီးက သူမ ခန္ဓာကိုယ်လေးပေါ် အုပ်မိုးထားပြီး ဒေါသရောင်တွေ ပျက်ပြယ်စ ပြုလာပြီဖြစ်တဲ့ သူမ မျက်ဝန်းလေးကို စူးစိုက်ကြည့်မိနေသည်။

"ချွတ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုချစ်တယ် မဟုတ်လား"

သူမ မျက်တောင်ကော့လေးအစုံက ဖြတ်ခနဲညွတ်ကျသွားကာ မျက်ဝန်းလေးကို ပိတ်ပစ်သည်။

ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပဲမဟုတ်လား ချွတ်။

ဒေါသူပုန်ထကာ အမုန်းမိုးကြိုး မုန်တိုင်းတွေ ဆင်နေတဲ့ ကောင်မလေး နုနုချွတ်။

"ချစ်တယ် အရမ်းချစ်တယ် ..."

"ဦးဖန်နေဝန်း တောင်းပန်ပါတယ် ... ကျွန်မကို လွှတ်ပေးပါ ... လွှတ်ပါ ..."

"ချွတ်ရယ် ... အရမ်းချစ်တယ်၊ ကိုယ် အရမ်းချစ်တယ်ကွာ"

ခန္ဓာကိုယ်လေးနှစ်ခုက ပူးကပ်သွားသည်။

ဖန်သွန်းအတွက် မိန်းကလေးတစ်ယောက်ကို မြူဆွယ်ဖြားယောင်းဖို့က အလွယ်တကူဖြစ်၏။ မခက်ခဲပေ။

မြွေပောက်မလေး နုနုချွတ် ငြိမ်သက်သွားစေသည်။

သူက အပိုင်ပဲ ...

ဖန်သွန်း နှုတ်ခမ်းတွေက အပြုံးတွေနှင့် တောက်ပစွာ သူမ မျက်နှာလေးကို ငုံ့ကြည့်ရင်း သူ့အင်္ကျီ ကြယ်သီးတွေကို တစ်လုံးခြင်း ချွတ်ပစ်လိုက်၏။





သူမ မျက်လုံးလေး ဖြတ်ခနဲပွင့်လာကာ အထိတ်တလန့်ကြည့်သည်။

"ဟင် ... ရှင် ... ရှင် ဦးဖန်နေဝန်း မဟုတ်ဘူးပဲ၊ ရှင် ဘယ်သူလဲ ..."

"ချွတ် ... ကိုယ် ဖန်ဝန်းပါ"

"လွှတ်စမ်း ... လူယုတ်မာ"

"ဝုန်း"

"အား ..."

"ဒုတ် ... ဒုတ် ..."

"ချွတ် ... အား ... ကိုယ်ဖန်ဝန်းပါ၊ ဘာဖြစ်လို့လဲ မလုပ်ပါနဲ့"

ချွတ် တကယ်ကြမ်းလာပြီဆိုတော့ ဖန်သွန်း မခံနိုင်။ ခါးများ ကျိုးသွားပြီလားမသိဘူး။

"ရှင် ... ဦးဖန်နေဝန်း မဟုတ်ဘူး ... ဘယ်သူလဲ ပြော"

"အား"

သူက ဦးဖန်နေဝန်း မဟုတ်တာ သူမ သေသေချာချာသိသည်။

သူ့ရဲ့အနံ့ ...



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ... သူမအား ဖျက်စီးစော်ကားမည် ကြံစည်စဉ် မီးတောက်နေတဲ့ ရမက်ခိုးဝေဝေတွေက သူ့မျက်လုံးတွေထဲမှာ ပြည့်လျှံလာ၏။

အထင်ရှားဆုံးကတော့ သူ့ရင်ဘတ်မှာ မှည့်စလွယ် မရှိတာဘဲ။

ဦးဖန်နေဝန်းမှာက ရင်ဘတ်တွင် ထင်ရှားတဲ့ မှဲ့သုံးလုံးက အထင်အရှားရှိနေသည်။

"ရှင် မလိမ်နဲ့ ... ကျွန်မ သိတယ်၊ ရှင် လုံးဝ ဦးဖန်နေဝန်း မဟုတ်ဘူး ... ရှင် ဘယ်သူလဲ မပြောရင် သတ်ပစ်လိုက်မှာနော်"

"အား ... လွှတ် ... ကိုယ်ပြောပြမယ်၊ အား ... လက်ကျိုးတော့မယ် ... ချွတ် ... လွှတ်ပါ ... "

"ပြော"

"အား ... ကျွတ် ... ကျွတ် ... မင်း တော်တော်သန်တဲ့ မိန်းမပဲ ... အား ... "

"ပြောလေ"

ဖန်သွန်း အခြေအနေကို အကဲခတ်ကြည့်လိုက်ပြီး ပြောလို့ မဖြစ်ဘူး။

သူ့အကြောင်းသာ ပြောလိုက်လျှင် နုနုချွတ် သတ်ပစ်မှာ





သေချာသည်။

သူ့အပြင်မှာပြောမည်ဟု အပြင်ထွက်တော့ သူ့နောက်မှ ချာခနဲ လှည့်လိုက်လာ၏။

မထူးတော့ဘူး ...

ဖန်နေသွန်းက ရန်သူလက်ကနေ လွတ်မြောက်စေရန် ဉာဏ်နီ ဉာဏ်နက်သုံး၍ ပြေးနေကျ။

သူ့ဧည့်ခန်းမှာ ဝင်ထိုင်မလို လုပ်ပြီးမှ လှစ်ခနဲထကာ တံခါးဖွင့်ပြီး ထွက်ပြေးလာခဲ့သည်။

"ဟွန်း ... လူယုတ်မာကြီး ရှင့်လွတ်မယ်လို့ ထင်နေလား၊ အိပ်ပျော်ချင်ယောင်ဆောင်နေဟဲ့ မြွေဟောက်မကို လာထိတာပဲ"

သူမ ဒေါသတွေအကြီးအကျယ် ပေါက်ကွဲနေသည်။

သူမ ညံ့ဖျင်းတာပဲ။

အချစ်ရဲ့ဖြားယောင်းသွေးဆောင်မှုကြောင့် တဒင်္ဂ တွေဝေ မှိန်းမောသွားခဲ့တဲ့အဖြစ်က သူမဘဝတစ်ခုလုံး တစစီ စုတ်ဖြဲခံလိုက်ရတော့မလို့ပါ။

ကံကောင်းသွားရတာက သူ့အင်္ကျီချွတ်ပစ်လိုက်တာပဲ။

သူမ အထိတ်တလန့် မျက်လုံးတွေဖွင့်လိုက်စဉ် သူ့ရင်ဘတ်မှာ ရှိတဲ့ မှဲ့သုံးလုံးကိုကြည့်မိသွားလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဆက်မတွေးရဲတော့။

သူက ဘယ်သူလဲ။

ဦးဖန်နေဝန်း မဟုတ်တာတော့ သေချာသည်။

နုနုချွတ် မတ်တတ်ထရပ်လိုက်မိသည်။

သူက ဦးဖန်နေဝန်းနှင့်တူတဲ့ တစ်ယောက်ပဲ။

ဒီကိစ္စ ဖော်ထုတ်ရမယ်။

သူမ စိတ်တွေ တည်ငြိမ်မှုရှိစေရန် ထိန်းချုပ်လိုက်၏။

အပြစ်တင်ချင်ဆုံးကတော့ သူမကိုယ်သူမပဲ ဖြစ်နေသည်။

## အခန်း ( ၁၈ )

ဖန်နေသွန်း လှေကားထစ်တွေကို ခွကျော်နင်းရင်း အောက်ထပ်သို့ ပြေးဆင်းလာခဲ့သည်။

နုနုချွတ် မလွယ်တဲ့မိန်းမ။

ဖန်သွန်း ထင်တာတော့ ဖန်ဝန်း ရင်ဘတ်မှာရှိနေတဲ့ အမှတ်အသားကြောင့်ပဲ ဖြစ်နိုင်၏။

ဖန်ဝန်း ရင်ဘတ်တွင် မှဲ့စလွယ်သုံးလုံးရှိနေသည်။

လျှင်လိုက်တဲ့ နုနုချွတ် ... မလွယ်ဘူး။

သူ့ကို ကိုင်ပေါက်လိုက်တာများ ကြောင်ကလေး တစ်ကောင်လိုပဲ။

ခါးကလဲ နာနေသေးသည်။

"အား ... ကျွတ် ... ကျွတ် ... ဖန်ဝန်းကိုတော့ ချစ်သားပဲ ဒီလောက်တောင် ကြမ်းတမ်းရလား ချွတ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖန်သွန်း အပြစ်တွေက အများကြီးပဲ။

ရန်လည်းများ၍ အပြင်ထွက်ရမှာတောင် ခပ်ကြောက်ကြောက်။

ပုန်းလျှိုးကွယ်လျှိုး နေထိုင်ဖို့ ရောက်လာတာပါ။

သူအပြင်ရောက်လာသည်။

ဖန်ဝန်းဆီပဲသွားရင် ကောင်းမယ်။

သူ့အဝတ်အစားတွေလည်း နုနုချွတ် အခန်းမှာကျန်ရစ်ခဲ့၏။

ပိုက်ဆံအိတ်လည်း မပါပေ။

ပြန်တက်ရင်လည်း နုနုချွတ်က သတ်ပစ်မှာသေချာသည်။

"ဟေ့ကောင် ... ဖန်နေဝန်းလား"

"ဟာ"

သူ့ရဲ့အကြီးမားဆုံး ရန်သူတော်ကြီး ညိုမြင်းလွှင်။ သူမြန်မာပြည်ရောက်ထဲက ရန်သူတွေနှင့်ပဲ တွေ့နေရသည်။

နုနုချွတ် ဆင်းလိုက်မလာလို့ တော်သေးတယ်။

ညိုမြင်းလွှင်ကို ဘယ်လိုရှင်းရမလဲ ဒီကောင့်ဆီက ညီမရော ပိုက်ဆံတွေရော ယူထား၏။

ညိုမြင်းလွှင် ဒေါသတကြီး သူ့အနားကပ်လာသည်။

"မင်း ... မင်း ... ငါ့ကိုပေးစရာရှိတဲ့ ငွေတွေပြန်ပေးလဲ မင်းကိုငါသတ်ရမှ ကျေနပ်မယ်"





"နေပါဦး ညိုမြင်းလွှင်ရာ ... ငါတောင်းပန်ပါတယ်၊ ငါလည်း မှားပါတယ်၊ မင်းငွေတွေ အတိုးနဲ့နှစ်ဆပြန်ပေးမှာပါ။ တောင်းပန်ပါတယ် ညိုမြင်းလွှင်ရာ"

"မရဘူးကွာ ... မင်းကို သတ်ရမှကျေနပ်မယ်၊ မင်းကြောင့် ငါ အချုပ်ထဲရောက်ရတယ်၊ မင်းအကြောင်ရိုက်လို့ ငါဒုက္ခရောက်ခဲ့ရတာပဲ၊ မင်းကိုတွေ့ရာ သင်္ချိုင်း ဓားမဆိုင်းပဲ ... သေပေတော့"

"ညိုမြင်း ... မလုပ်ပါနဲ့၊ မင်းလည်း ထောင်ကျမယ်၊ အသေစားသေရမယ်၊ ငါတောင်းပန်ပါတယ်ကွာ"

ညိုမြင်းလွှင် လက်ထဲမှာဓားရှိနေတာ သူသိနေသည်။ ဖန်သွန်းအား သတ်ပစ်ချင်လောက်အောင် မုန်းတီးနေ၏။ ခါးခါးသီးသီး အကြည့်တွေနှင့်ဒေါသမီးတောက်တွေ တညီးညီးတောက်နေတဲ့ မျက်လုံးတွေက သူ့ကို ဘယ်လိုမှ ခွင့်လွှတ်မှာမဟုတ်။ ဖန်သွန်း အပေါ်ကို ပြန်တက်ပြေးဖို့လည်းမလွယ်။

ညိုမြင်းလွှင်က ဝိတ်ထားသည်။

"မင်းသေဖို့ပဲ ပြင်ထား၊ မင်းကို ငါကိုယ်တိုင်သတ်ပြီး ထောင်ထဲဝင်မယ်"

ညိုမြင်းလွှင်က အေးအေးဆေးဆေးပဲ သူ့အနားတိုးကပ်လာနေသည်။

ပတ်ဝန်းကျင်မှာလည်း လူကရှင်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com

ကားတွေကြားထဲ ပြေးဝင်တာမှ လွတ်လမ်းရှိနိုင်သည်။

ညိုမင်းလွင်က ဗလတောင့်တောင့် လူမိုက်။

ဖန်သွန်း မင်းပဲသွားပတ်သက်မိခြင်းဖြစ်၏။

ကားလမ်းတစ်ဖက်ကို ကူးပြီး ပြေးဖို့ပဲ ဆုံးဖြတ်လိုက်ကာ ကားတွေ ပြေးနေတဲ့လမ်းမပေါ်သို့ ပြေးထွက်လိုက်သည်။

"ကျွီ ... "

"အား"

"ကျွီ ... ဝုန်း"

ဖန်သွန်းအား ကားတစ်စီးက ဝင်တိုက်မိပြီး အမှောင်ထုက သူ့အသိတွေကို ဖုံးလွှမ်းသွားသည်။

"အား"

"ဟာ"

ညိုမင်းလွင်လည်း ဖန်နေဝန်းအဖြစ်ကိုမြင်တွေ့ရပြီး ကြောင်သွားသည်။

လူတွေရဲ့ အော်ဟစ်သံကြောင့် ပတ်ဝန်းကျင်ကလူတွေ ထွက်လာကြ၏။

နုနုချွတ်လည်း ပါလာသည်။

"ဟင် ... ရှင် ... ရှင်"

"ကျုပ်ကြောင့်မဟုတ်ဘူးအမိ၊ သူ့ဟာသူ ကြောက်ပြီး ထွက်





ပြေးတာပါ"

"သူက ဦးဖန်နေဝန်း မဟုတ်ဘူး"

"ဘာပြောတယ် ... ဒါ ... ဒါဆို ဖန်နေဝန်းအစ်ကို ဖန်နေသွန်းလား"

"ရှင်"

"ကျုပ်ရုံးခန်းထဲဝင်သောင်းကျန်းတုန်းက ဖန်နေဝန်းက သူလုပ်တာမဟုတ်ဘူး၊ သူ့အစ်ကို ဖန်နေသွန်းလုပ်တာတဲ့၊ ကျုပ်က လိမ်တယ်ထင်ခဲ့တာ"

သေချာတယ် ...

သူက ဖန်နေဝန်းရဲ့အစ်ကိုပဲ။

ရုပ်ခြင်း အရမ်းတူနေတော့ အမွှာညီအစ်ကို ဖြစ်နိုင်သည်။

"ကျုပ်တော့ သွားတော့မယ်၊ သူ့အကုသိုလ်နဲ့သူ ဖြစ်တာလေ ... မတရား လုပ်လို့မတရားခံရတာပဲ၊ လူ့လောကကြီး ကံကောင်းသွားပြီ ထင်တယ်"

သူမလည်း အနားသို့ကပ်မသွားတော့။

လူတွေက အရမ်းပဲ အုံနေကြပြီ။

သက်ဆိုင်ရာတွေရောက်လာပြီး ဆေးရုံကားလည်း ရောက်လာသဖြင့် သူ့ကို တင်သွားသည်။

"ဟဲလို ... ဦးဖန်နေဝန်းလား၊ ရန်ကုန်ဆေးရုံကြီးကို လိုက်


www.burmeseclassic.com

www.burmeseclassic.com



သွားလိုက်ပါ”

“ချွတ်လား ... နုနုချွတ်”

နုနုချွတ်အသံကို သူသေသေချာချာ မှတ်မိနေသည်။ ဖုန်းကပိတ်သွားပြီဖြစ်၏။

ဘာကြောင့်လဲ ... နုနုချွတ် ဆက်တဲ့ဖုန်းကို ပြန်ဆက်တော့ ဖုန်းပိတ်လိုက်၏။ ရန်ကုန်ဆေးရုံကြီးကို သွားကြည့်လိုက်ပါတဲ့။

ထွဋ်ခေါင်ကိုခေါ်ပြီး ရန်ကုန်ဆေးရုံကြီးသို့ လိုက်သွားကြည့်သည်။

“ကားတိုက်ခံရတဲ့လူနာ ရောက်လာတယ်တဲ့၊ ဆုံးသွားပြီတဲ့ အမ်ဒီ”

“ဟုတ်လား ... ဒါ ကိုယ်နဲ့ပတ်သက်နိုင်တယ်၊ သွားကြည့်ရအောင်”

ဖန်နေဝန်း ရောက်သွားပြီး လူအလောင်းကြည့်လိုက်တော့ အံ့ဩတုန်လှုပ်သွားရလေသည်။

သွေးတွေပေကျံနေတဲ့ ကိုသွန်းမျက်နှာ ဘယ်လိုဖြစ်ရတာလဲ။

နုနုချွတ်တော့ သိပုံပင်။

“အမ်ဒီ ... ဒါ ... ဒါ ... ”

“ဟုတ်တယ် ကိုယ့်ရဲ့အမွှာ အစ်ကို ဖန်နေသွန်းပဲ”





“ဗျာ”

“ကိုယ့်ကို ရန်သူတွေဝိုင်းနေတာ ကိုသွန်းကြောင့်ပဲ၊ သူက ကိုယ့်နာမည်အသုံးပြုပြီး ပြဿနာရှာနေတဲ့ အစ်ကိုပါ”

ထွဋ်ခေါင်ပင် မယုံနိုင်။ အမ်ဒီနှင့် ရုပ်ခြင်းကခွဲမရအောင် တူနေသည်။

“ကိုသွန်းက ကိုယ်နဲ့အမွှာညီအစ်ကိုဖြစ်ပေမယ့် အရမ်းအတ္တကြီးတယ်၊ တစ်ကိုယ်ကောင်းဆန်တယ်၊ ဆိုးပေတယ် ... အမြဲတမ်း ကိုယ့်နာမည်ကို အလွဲသုံးစားလုပ်တယ်လေ”

“ဖြစ်မှဖြစ်ရလေ အမ်ဒီရယ်”

ကိုသွန်း နိဂုံးချုပ်မလှပလိုက်တာ ...

ညီ အရမ်းခံစားရတယ်ဗျာ။

ဖန်ဝန်းလည်း ကိုသွန်းနဲ့အတူတူနေဖို့ပါ။ နိုင်ငံကိုခြားကို ထွက်လာတော့မလို့။

ကိုသွန်း ဘာကြောင့်ဖြစ်ရတာလဲ နုနုချွတ်ကရော ဘာဖြစ်လို့ သိနေရတာလဲ။ အလောင်းရှင်အဖြစ် သူတာဝန်ယူလိုက်သည်။

“ဦးဖန်နေဝန်း”

“ဟင် ... ချွတ် ... အဲ ... နုနုချွတ်”

“ရှင့်အစ်ကိုက ကျွန်မဆီကို ဦးဖန်နေဝန်းအဖြစ်ရောက်လာခဲ့တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ဘာပြောတယ် ချွတ်"

သူမ ဘယ်လိုနည်းနှင့်မှ ဥပက္ခာပြု၍မနေနိုင်တော့ဘဲ ဦးဖန်နေဝန်းရှိနေတဲ့ ဆေးရုံကိုရောက်လာသည်။

ဘာကြောင့် သူ့အစ်ကို ဒီလိုဖြစ်ရလဲဆိုတဲ့အကြောင်း ဦးဖန်နေဝန်းကို ရှင်းပြချင်မိနေ၏။

ဆေးရုံမှအထွက်တွင် သူမနှင့်ဆုံသည်။

"ကျွန်မနဲ့ပြဿနာတွေဖြစ်ပြီး သူဆင်းပြေးသွားတာပါ။ အပြင်မှာ ကိုညိုမင်းလွင်နဲ့တွေ့ပြီး ထွက်ပြေးတာပဲ"

"မင်းက ကိုယ်မဟုတ်ဘူးဆိုတာ ဘယ်လိုလုပ်သိလဲ"

"ရှင့်ရဲ့ ရင်ဘတ်မှာက မှဲ့သုံးလုံးစလွယ်ရှိတယ်လေ"

"ဟင် ... ချွတ် ... ကို ... "

"ကျွန်မ သွားတော့မယ် ... ရှင့်ကိုလာရှင်းပြတာပါ။ ဒါပါပဲ"

ချွတ်ကပြောပြီး ချာခနဲလှည့်ပြီး ပြန်ထွက်သွားသည်။

သူ သတိရပြီးလိုက်ဖို့ပြင်တော့ အငှားကားတစ်စီးပေါ် တက်သွား၏။

ချွတ် ... မင်းကရော ဘယ်သူလဲ ...

ကိုသွန်းကြောင့် ... ထိခိုက်နစ်နာသွားရတဲ့ သူတွေထဲက မိသားစုဝင်တစ်ယောက်လား။

ကိုသွန်း အရမ်းဆိုးပေလွန်းတယ်။ ကိုသွန်းဘဝ ဓာတ်သိမ်





သွားပေမယ့်လည်း ဖန်ဝန်း နာကျင်ကြေကွဲနေရသည်။

"ရှင့်ရင်ဘတ်မှာက မှဲ့သုံးလုံးစလွယ် ရှိနေတယ်လေ"

နုနုချွတ်ကိုလည်း ကိုသွန်း မဖွယ်မရာပြုလုပ်ခဲ့ကြောင်း သူ သိလိုက်သည်။

သူ့နာမည်ကိုပဲ အလွဲသုံးစားလုပ်ခဲ့ပြီထင်၏။

ဒါကြောင့်လည်း သူနှင့်ကိုသွန်းကို ခွဲခြားသိရှိသွားတာဖြစ်နိုင်သည်။

"အမ်ဒီ"

"သွားကြစို့ကွာ"

ဖန်နေဝန်း အိမ်ပြန်ရောက်တော့ ကိုသွန်းအတွက် အသုဘအခမ်းအနားပြင်ဆင်သည်။

ကြားရတဲ့လူတိုင်းက အံ့သြ တုန်လှုပ်နေကြ၏။

သူတို့အမွှာညီအစ်ကိုအကြောင်းက မထူးဆန်းပေမယ့် ထိတ်လန့် တုန်လှုပ်ဖွယ်ပင်။

"ဒါကြောင့်လည်း ဦးဖန်နေဝန်းမှာ ရန်သူတွေများနေတာပဲကိုး ... ကြားရတာ စိတ်မသက်သာစရာပဲ"

သူ ... နုနုချွတ်နှင့်တွေ့ချင်လာသည်။

တောင်းပန်ချင်နေ၏။ ဘယ်လိုအကြောင်းတွေနဲ့ပဲဖြစ်ဖြစ် မင်းကျေနပ်တဲ့အထိ ကိုယ် တောင်းပန်ပါရစေ ချွတ်။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် ဘယ်လိုပေးဆပ်ရမလဲ မင်းကျေနပ်တဲ့အထိ ဘာလုပ်ပေးရမလဲ။

သူမရဲ့ ကျေနပ်ခွင့်လွှတ်မှုအား သူ အလိုလား အတောင့်တဆုံး ဖြစ်နေသည်။

"မာဂရက် ကိုယ်ချွတ်ကို တွေ့ပါရစေ ... ကိုယ့်ကို ကူညီပါ ကိုယ်တောင်းပန်ဖို့ပါ"

"ချွတ်က လောလောဆယ် မာဂရက်တို့ အေဂျင်စီကို အဆက်အသွယ်မလုပ်ဘူး၊ သူ ဖုန်းဆက်ပြောပြတာတော့ သူမက ဦးဖန်နေဝန်းကြောင့် ကိုယ်ဝန်ပျက်ကျပြီး သေခဲ့ရတဲ့ နုနုထွတ်ရဲ့ ညီမပါတဲ့"

"ဟင်"

"ဖန်ဝန်း သိနေလား"

"နုနုထွတ်ကိုတော့ သိတယ်၊ လူတော့မမြင်ဖူးပါဘူး၊ နုနုထွတ်က ကိုယ်နဲ့ဆက်သွယ်တယ် ... သူ့မှာကိုယ်ဝန်ရှိနေပြီတဲ့၊ လက်ထပ်ပါတဲ့ ... ကိုယ်ကငြင်းပစ်တယ်၊ မသိဘူးလို့ တာဝန်လည်း မယူနိုင်ဘူးလို့"

"သူ့အစ်မသေသွားတယ်တဲ့၊ ကိုယ်ဝန်ပျက်တာတဲ့ သွေးအိုင်ထဲမှာလဲပြီး သွေးသွန်တာတဲ့ ... "

ထို့ကြောင့်ပင် ဦးဖန်နေဝန်းကို လက်တုန့်ပြန်ဖို့ သူမကြိုး





စားခဲ့သည်။

"ချွတ်က ငယ်ငယ်လေးထဲက ကိုယ်ခံပညာတွေ တတ်မြောက်ကျွမ်းကျင်တယ်၊ ယောကျ်ားလေးတစ်ယောက်လိုပဲ နေတယ်၊ ဖန်ဝန်းနဲ့ကိုယ် ခင်မင်တာရယ်၊ ဖန်ဝန်းက ကိုယ်ရံတော် မိန်းကလေးတစ်ယောက် လိုအပ်နေတာရယ်ကြောင့် ချွတ်က အလုပ်လျှောက်ခဲ့တာပဲ"

"ချွတ်ရယ်"

"ဖန်ဝန်းနဲ့ချွတ်တို့ရဲ့ ဖူးစာပဲလေ၊ ပြန်ဆုံကြမှာပါ"

"ကိုယ် ဘယ်လိုလုပ်ရမလဲ၊'ချွတ်ရင်ထဲမှာ အမုန်းတရားတွေ ရှိနေတုန်းပဲလား၊ ကိုယ် တောင်းပန်ချင်တယ်"

"သူအဆက်အသွယ်မလုပ်ဘူး မာဂရက်လည်း ရှင်းပြလိုက်ပါတယ် ... ဖန်နေဝန်းက ရိုးသားသူပါလို့၊ ချွတ်ကိုလည်း အရမ်းပဲ ချစ်မြတ်နိုးခဲ့တာပါလို့လေ"

"ချွတ်ရယ်"

ကိုယ်သိတာတစ်ခုက မင်း ကိုယ့်ကိုချစ်တယ်ဆိုတာပဲ။ ကိုယ်ခံစားရတယ်။

ဒါပေမဲ့လဲ ... ကိုယ့်ရဲ့အမှားအစ်ကိုက မင်းတို့အပေါ် ယုတ်ယုတ်မာမာ ပက်ပက်စက်စက် လွန်ကျူးခဲ့တယ်။

ကိုယ် ဘာဆက်လုပ်ရတော့မလဲ။



www.burmeseclassic.com

www.burmeseclassic.com



မင်းရင်ထဲက အမုန်းတွေကို ချေဖျက်ချင်တယ်။ နုနုချွတ်နှင့်သူ ဖူးစာရေစက်တွေရှိနေကြတာမျိုးလား ပြန်ဆုံချင်တယ်။

အခန်း ( ၁၉ )

နုနုချွတ် ... တစ်ယောက်ထဲ အခန့်ကျဉ်းလေးထဲမှာ ငုတ်တုတ်လေးထိုင်နေသည်။

ဦးဖန်နေဝန်းအား မေ့ပစ်ပြီး ဘဝသစ်တစ်ခုကို စတင်ဖို့ သူမ ဘယ်လိုမှအင်အားတွေ စုစည်း၍မရနိုင်ဘဲ ဖြစ်နေခဲ့၏။

နှလုံးသားတွေ တဆစ်ဆစ် နာကျင်နေလေသည်။

"မင်းကိုချစ်တယ် နုနုချွတ် ... ကိုယ် အရမ်းချစ်မြတ်နိုးရပါတယ်၊ မင်းက ကိုယ့်ရဲ့အချစ်ဦးပါ"

သူ့ကို လူလိမ်လူယုတ်မာတစ်ယောက်အဖြစ် သတ်မှတ်သည်။

ရေကူးကန်ထဲမှာ ရေနစ်သတ်ဖို့ ကြိုးစားတာတွေ တင်းနစ်ဘောလုံးဖြင့် သူ့နဖူးကို ရိုက်ပစ်ခဲ့တာတွေ သူ့ကိုထိခိုက်နာကျင်စေရန် သူမအမျိုးမျိုး ကြံစည်ခဲ့၏။

ဖိုးလပြည့်စာပေ

www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ သူက အပြစ်မဲ့သူ။

"ကျွန်မ ဘယ်လိုလုပ်ရမလဲ ဦးဖန်နေဝန်း အရမ်းချစ်မိနေပြီ၊ ရင်ထဲမှာ နာနေတယ်၊ တွေ့ချင်တဲ့ဆန္ဒတွေလည်း ပြင်းပြနေတယ် မမထွတ်ရယ် ... ချွတ်လေ ဦးဖန်နေဝန်းကို ချစ်တယ်၊ လက်ခံတယ် မဟုတ်လား"

မမထွတ်ကို စော်ကားခဲ့တဲ့လူက သေဆုံးသွားပြီ။ သူ့အပြစ် သူ ခံယူသွားတယ်လေ။

ဦးဖန်နေဝန်းက လူကောင်းပါ။

"ဖန်ဝန်းက သူ့မှာအမွှာညီအစ်ကိုရှိတယ်ဆိုတာ ဘယ်သူ့ကိုမှ ဖွင့်မပြောဘူး ရှက်လို့တဲ့ ... မမမာဂရက်တို့တောင် မသိခဲ့ဘူး၊ အရမ်းရိုးသားတယ်၊ တချို့ကိစ္စတွေ သူတောင်မသိရှာပါဘူး"

အခန်းကျဉ်းလေးထဲမှာ သူမ ဇုတ်တုတ်လေးထိုင်နေရင်း အစားအစာတွေ စားသောက်ဖို့ပင် မေ့လျော့နေသည်။

ဦးဖန်နေ ဝန်းအကြောင်းတွေပဲ သူမစိတ်တွေကို လွှမ်းမိုး ထား၏။ အတွေးတွေကို မုန်းတီးနေပေမယ့် သူမ တွေးမိနေသည်။

"ဦးဖန်နေဝန်းနဲ့ နေထိုင်စားသောက်ခဲ့ရတာတွေကို ချွတ် တမ်းတနေရတယ်၊ မေ့ပစ်လို့မရဘူး၊ ချွတ်နှလုံးသားတွေ ပူလောင် ပြင်းပြနေတယ် ... ချွတ် ... ပြေးလာချင်တယ်၊ အရင်ကလိုပဲ အန္တရာယ်တွေကို တားဆီးကာကွယ်စောင့်ရှောက်ပေးချင်တယ်"





စိတ်တွေကသာ ဦးဖန်နေဝန်းထံ လွင့်မျောနေခဲ့ပေမယ့် သူမ ခန္ဓာကိုယ်လေးက မရွေ့။

ဦးဖန်နေဝန်းက သူမချစ်သင့်တဲ့ ယောကျာ်းမဟုတ်ဘူးဟု ထင်မြင်နေခဲ့သည်။

သူမစိတ်တွေကို ဖြေဖျောက်ပစ်ရမယ်။

ဦးဖန်နေဝန်းကို မချစ်သင့်ပါဘူး။ မျက်ရည်တွေက သူမ ပါးပြင်လေးပေါ် တလိမ့်လိမ့်စီးဆင်းလာ၏။

စိတ်တွေကို မထိန်းချုပ်နိုင်တော့ဘဲ အသံတွေထွက်လာ တဲ့အထိ ငိုကြွေးမိသွားသည်။

"အဟင့် ... အဟင့် ... ဟန့် ... "

"အဟင့်"

"ကရင် ... လ် ... ရင် ... "

"ဟင်"

သူမအခန်းရဲ့ လူခေါ်ဘဲလ်သံက မြည်လာ၍ သူမ အထိတ် တလန့်ဖြစ်သွားရသည်။

ဘယ်သူလဲ ...

သူမနေထိုင်တဲ့အခန်းကို သိတဲ့သူတစ်ယောက်မှ မရှိဘူး။ ကိုဖန်နေသွန်းလား သူမက ဝိညာဉ်တွေရှိတာ မယုံပေ။

"ကရင် ... ရင် ... "



www.burmeseclassic.com

www.burmeseclassic.com

"ကရင် ..."

သူမ ထလိုက်သည်။

အခုလို အထီးကျန်နေတဲ့အချိန်မှာ သူမအတွက် အဖော်တစ်ယောက်ယောက်ကိုတော့ အလွန်အမင်း တောင်းတနေမိ၏။

တံခါးကို သွား၍ ဖွင့်သည်။

"ဟင် ... ရှင် ... ရှင် ..."

"ချွတ် ..."

"ရှင် ဘယ်သူလဲ ... ရှင် ... ရှင် ..."

"ကိုယ်လေ ဖန်ဝန်းပါ"

"ရှင်"

သူက အင်္ကျီကြယ်သီးတွေကို ချွတ်သည်။

သူမ အထိတ်တလန့်နှင့် မျက်လုံးပြူး မျက်ဆံပြူးနှင့် အသိတွေကင်းမဲ့နေသလိုလို သူက သူ့ရင်ဘတ်ကို ဖွင့်ပြ၏။ မှဲ့သုံးလုံး စလွယ်သိုင်းထားတာ ထင်ထင်ရှားရှားပဲ။

သူမ အသိတွေ ပြန်ကပ်လာသည်။

"ရှင် ... ဦးဖန်နေဝန်းပဲ"

"ဟုတ်တယ်ချွတ် ... မင်းတိုက်ခန်းရှိနေတဲ့နေရာကို ညီမင်းလွင်က ပြောပြတာလေ"

"ရှင်"



BURMESE CLASSIC .com



"ကိုယ် အမှုမလုပ်တော့ဘူး၊ ကိုသွန်း ... သူ့အပြစ်သူခံရတာပဲလေ၊ အောက်ထပ်မှာ ကိုယ်စုံစမ်းလိုက်တော့ အရမ်းချောတဲ့ ကောင်မလေးတစ်ယောက်နေတဲ့ အခန်းကိုသိတာ"

သူမ နှုတ်ခမ်းလေးတွေက အပြုံးတွေနှင့် တောက်ပသွားသည်။

"ဒီမျက်ရည်တွေက ဘာတွေလဲ မင်းငိုနေတာလားချွတ်၊ ကိုယ့်ကို လွမ်းပြီး တစ်ယောက်တည်းငိုနေတာလား"

"အို ... မဟုတ်ပါဘူး၊ ချွတ်က ဦးဖန်နေဝန်းကို ဘာဖြစ်လို့လွမ်းရမှာလဲ၊ အဖြစ်အပျက်တွေကို တွေးပြီး ကျွန်မအစ်မကို သတိရလို့ပါ"

"ဘယ်လိုအကြောင်းနဲ့ပဲငိုငို ကိုယ်ချစ်သူမျက်ရည်တွေကို မမြင်ချင်ဘူး၊ ကိုယ်သုတ်ပေးရလိမ့်မယ်ချွတ် ..."

"ရှင် ... ဟင်း ..."

သူမ ပခုံးလေးအား သိုင်းဖက်ပြီး သူ့လက်တွေနှင့် သူမပါးပြင်လေးပေါ်မှ မျက်ရည်တွေကို သုတ်ပစ်သည်။

ချွတ်တင်းတင်း မာမာငြင်းဆန်ပစ်ဖို့ စိတ်ကူးလိုက်ပေမယ့်လည်း ခန္ဓာကိုယ်လေးက သူ့ရင်ခွင်ထဲမှာ ငြိမ်သက်နေ၏။ ချွတ်မငြင်းဆန်ချင်တော့ပါဘူး။

ချစ်သူနှင့်ဝေးသွားရမှာကို အကြောက်ကြီး ကြောက်ရွံ့နေမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။

အမုန်းတွေလည်း ပျောက်သွားပြီး အချစ်တွေပဲ။

အစားထိုး ဝင်ရောက်ကာ သူမနှလုံးသားတွေ ဆတ်ဆတ်တုန်နေသလိုပင်။

တစ်ယောက်ထဲ အထီးကျန်အားငယ်မနေချင်တော့၍ မာနတွေ အရည်ပျော်သွားရကာ သူ့ရင်ခွင်ကြီးကိုပဲ အားကိုးတကြီးဖက်တွယ်ထားမိနေလေတော့သည်။

သင်မြတ်နိုး

BURMESE CLASSIC .com

www.burmeseclassic.com